# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော်၊ ၂၀၁၅ ခုနှစ်၊ ဇွန် ၁ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၃၉]


ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

## နိုင်ငံတော်သမ္မတဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြည်သူများသို့ မိန့်ခွန်းပြောကြားမည်

**နေပြည်တော်    မေ    ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM ၊ပဒ္မဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FMပုဂံ၊ သဇင်အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ၂၀၁၅ ခုနှစ် ဇွန် ၂ ရက်နှင့် ၃ ရက်တို့၌ နံနက် ၇နာရီနှင့် ၁၁နာရီ၊ ညနေ ၆နာရီနှင့် ည ၈နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါ မိန့်ခွန်းအပြည့်အစုံကို ဇွန် ၂ ရက်ထုတ် သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)



ရန်ကုန်-မန္တလေး ရထားလမ်းပေါ်ရှိ ခပေါင်းတံတားသစ် (ဒွေးလမ်း) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်း၊ စာမျက်နှာ-၈)

## ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာမည်

နေပြည်တော်    မေ    ၃၁

၂၀၁၅ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းများကို ဇွန် ၆ရက် (စနေနေ့) နံနက် ၆ နာရီအချိန်တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။ အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်းကပ်ထား ကြေညာပေးမည်ဖြစ်ပြီး မြို့နယ်အလိုက်အောင်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ကပ်ထားကြေညာပေးမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာခရိုင်အလိုက်အောင်စာရင်းများကို ခရိုင်ပညာရေးမှူးရုံးများတွင်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများတွင်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

ထို့အပြင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၏ အောင်စာရင်းများကို ကပ်ထားပေးမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၆ ရက်တွင် Online မှ တစ်ပြိုင်တည်းကြေညာပေးသွားမည်ဖြစ်ပြီး www.moemyanmar.net တွင် ကြည့်ရှုနိုင်ကြောင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

### ယနေ့ မာတိကာ


ဂျပန်အရှေ့ပိုင်းတွင် အင်အားအလွန်ပြင်းထန်သောငလျင်လှုပ်၊ တိုကျိုနှင့် အိုဆာကာကြား ကျည်ဆန်ရထား ခေတ္တရပ်ခဲ့ရ
စာမျက်နှာ » ၄

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် မုံရွာကြက်ငုံး မွေးမြူရေးဇုန်တွင် ကြက်မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်လျက်ရှိ
စာမျက်နှာ » ၁၁





# သန်းခေါင်စာရင်း အကျိုးကျေးဇူး

ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းသည် နိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများအားလုံးနှင့် ဆက်စပ်လျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အခြေခံအားဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာပါ ကိန်းဂဏန်းအချက်အလက်များကို အခြေခံလုပ်ဆောင်ကြလေ့ရှိပါသည်။ ကိန်းဂဏန်းများ တိကျမှန်ကန်မှုဖြစ်အောင် ဆောင်ရွက်ရာတွင် သန်းခေါင်စာရင်းပါ အချက်အလက်များသည် များစွာအကျိုးရှိဖြစ်ထွန်းစေနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်က မြန်မာနိုင်ငံ၌ သန်းခေါင်စာရင်းကောက်ယူပြီး နှစ်ပေါင်း ၃၀ ကျော် အကြာ ၂၀၁၄ ခုနှစ် ဧပြီလတွင် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ရှေ့ပြေးလူဦးရေစာရင်းကို ထုတ်ပြန်ခဲ့ပြီး မေလ ၂၉ ရက်တွင် သန်းခေါင်းစာရင်းပင်မ အစီရင်ခံစာများကို ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဤ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည်ကား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရသည့် ပြည်တွင်းအဖွဲ့အစည်းများသာမက နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်ရသော ကျယ်ပြန့်နက်ရှိုင်းလှသည့် လုပ်ငန်းစဉ်ကြီးဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်းမှရရှိလာမည့် အချက်အလက်များသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်ပြီးသော်လည်းကောင်း ချိတ်ဆက်နေပါကြောင်း၊ ကာလကြာရှည် သန်းခေါင်စာရင်း မကောက်ယူနိုင်ခဲ့သည့်အတွက် အခြေခံအကျဆုံးဖြစ်သည့် မိမိတို့နိုင်ငံ၏ လူဦးရေစာရင်းဇယားများကို ခန့်မှန်းတွက်ချက်နေရသည့်အနေအထားမှ တိတိကျကျတွက်ချက်နိုင်သည့် အနေအထားကို ရောက်ရှိလာခြင်းသည်ပင်လျှင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်း၏ ပကတိတန်ဖိုးပင်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ယခုအခါ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ခြင်းကြောင့် မည်သည့်ဒေသ၊ မည်သည့်မြို့ရွာတို့၌ လူဦးရေမည်ရွေ့ မည်မျှနေထိုင်သည်၊ မည်သည့်လူမျိုးများသည် မည်သည့်ဒေသတို့ ကျယ်ပြန့်စွာနေထိုင်သည်၊ မည်သည့်အလုပ်အကိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်စသည်ဖြင့် ကိန်းဂဏန်းအချက်အလက်များ သိရှိလာနိုင်ပြီဖြစ်ပါသည်။ ဤကိန်းဂဏန်းအချက်အလက်များအပေါ်တွင် အခြေခံပြီး အနာဂတ်ဖွံ့ဖြိုးရေးအစီအမံများ ပိုမိုတိကျစွာဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူမှုရေး၊ စီးပွားရေးတို့အပြင် ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများ၊ မူဝါဒများ ရေးဆွဲဖော်ဆောင်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

# မြန်မာ့ရွှေသတ္တု ဗဟိုဈေးကွက်ဖြစ်မြောက်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၃၁**



မြန်မာနိုင်ငံတွင် ပထမဦးဆုံး ထူထောင်ဖွင့်လှစ်မည့် Gold Central Market ဖြစ်ထွန်းလာစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၈ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ အစီအမံဖြင့် ဆောင်ရွက်မည့် Gold Central Market ကို စနစ်တကျစီမံအကောင်အထည်ဖော်နိုင်ပါက တန်ဖိုးမြင့် သတ္တုထုတ်ကုန်များ၊ တွင်းထွက်သယံဇာတများ ရောင်းဝယ်ဖောက်ကားလဲလှယ်နိုင်မည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ရွှေနှင့်သတ္တု ဗဟိုဈေးကွက်စင်တာကြီးတစ်ခု ပေါ်ထွန်းလာမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရွှေသတ္တု ရောင်းဝယ်ဖောက်ကားလာသူများကို နိုင်ငံတကာနှင့် တန်းတူရင်ပေါင်တန်း၍ ရောင်းဝယ်ဖောက်ကားနိုင်ပြီး ရွှေလောကဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းအကောင်အထည်ဖော်ပေးကြရန် လိုအပ်ကြောင်း၊ အသင်း တာဝန်ရှိသူများအနေဖြင့် မိမိလုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသူအားလုံးကို ထိရောက်မှန်ကန်သည့် ဦးဆောင်မှုပေးပြီး အပြန်အလှန် ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကာ လုပ်ငန်းများ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စားပွဲဝိုင်း ဆွေးနွေးပွဲ ငါးခုခွဲ၍ ပြည်တွင်း ပြည်ပဈေးကွက်ဆိုင်ရာ ကိစ္စများ၊ ရောင်းဝယ်မှုစနစ်နှင့် ဈေးကွက်တည်ဆောက်ပုံ ကိစ္စများ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များ ဆိုင်ရာကိစ္စများကို အသေးစိတ်ဆွေးနွေးဖော်ထုတ်ခဲ့ကြပြီး စားပွဲဝိုင်း ဆွေးနွေးပွဲရလဒ်များအပေါ် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းတာဝန်ရှိသူများက ပြန်လည်သုံးသပ်တင်ပြ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူကုန်ကူး/မူးစိတ်ကူး လစဉ်ပုံမှန်အစည်းအဝေးကျင်းပ

**ပဲခူး မေ ၃၁**



ပဲခူးတိုင်းဒေသကြီး လူကုန်ကူး/မူးစိတ်ကူး လစဉ်ပုံမှန် အစည်းအဝေးကို မေ ၂၈ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး မူးစိတ်ကူး/လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥက္ကဋ္ဌ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းက မိမိတို့တိုင်းဒေသကြီးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ စီမံချက်ကာလအတွင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းကို အထူးစီမံချက်ဖြင့် လုပ်ဆောင်သွားပြီး ကျောင်းသားလူငယ်များနှင့် ပြည်သူများ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်စည်းရုံး လှုပ်ရှားကြရန် ပြောကြားခဲ့သည်။

**သန့်စင်(ပဲခူး)**



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် တီဘီလူနာများအား ကျောက်ကြီးမြို့နယ် ကျန်းမာရေးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းနှင့် အဖွဲ့ဝင်များ အာဟာရပစ္စည်းအစုံအလင် အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့စဉ်။

မီးမီး(လှိုင်)



# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၁-၅-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၉၀ |
| ဥရောပ | တစ်ယူရို | ၁၁၉၄.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၀၉.၀၆ |
| ထိုင်း | တစ်ဘတ် | ၃၂.၂၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၀၆၄ |
| တရုတ် | တစ်ယွမ် | ၁၇၅.၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၂၉ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

# လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

# တတိယအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်ပွဲကျင်းပ သတင်းသူရဲကောင်းဆု သတင်းစာဆရာကြီး ဖိုးသောကြာ(ခေတ်+မိုး)ရရှိ




ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးရဲထွဋ်၊ တတိယအကြိမ် အမျိုးသားသတင်းဆု ရရှိသူများနှင့်အခမ်းအနား တက်ရောက်သူများ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

**ရန်ကုန် မေ ၃၁**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ တတိယအကြိမ်မြောက် အမျိုးသားသတင်းဆု (National Press Award)ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြရိပ်ညိုဟိုတယ်၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် တတိယအကြိမ် (၂၀၁၄-၂၀၁၅) အမျိုးသားသတင်းဆုချီးမြှင့်ပွဲတွင် သတင်းသူရဲကောင်းဆု၊ အကောင်းဆုံး သတင်းကာတွန်းဆု၊ အကောင်းဆုံးသတင်းဓာတ်ပုံဆုနှင့် အကောင်းဆုံး သတင်းရုပ်/သံဆု စုစုပေါင်း လေးမျိုးကို ပေးအပ်ချီးမြှင့်ခဲ့သည်။

သတင်းသူရဲကောင်းဆုကို သတင်းစာဆရာကြီး ဦးဖိုးသောကြာ (ခေတ်+မိုး)၊ သတင်းကာတွန်းဆုကို ဦးရွှေထူး (ပြည်)၊ သတင်းဓာတ်ပုံဆုကို ဦးစိုးဇေယျာထွန်းနှင့် သတင်းရုပ်သံဆုကို DVB သတင်းဌာနတို့မှ ရရှိခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် အဖွဲ့အစည်းများမှ ပေးပို့လာသောသဝဏ်လွှာများကို ကိုယ်စားလှယ် အသီးသီးက ဖတ်ကြားကြသည်။

ထို့နောက် အမျိုးသားသတင်းဆု ကော်မတီဥက္ကဋ္ဌ ဦးဝင်းငြိမ်းက တတိယအကြိမ် (၂၀၁၄-၂၀၁၅) အမျိုးသားသတင်းဆု ပေးအပ်ခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးရဲထွဋ်၊ ဦးအောင်မင်းနှင့် အငြိမ်းစား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့က ဆုချီးမြှင့်ကြပြီး ဆုရရှိသူများကိုယ်စား ဆရာကြီးဖိုးသောကြာ (ခေတ်+မိုး)က ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်းနှင့် ဦးရဲထွဋ်၊ အမျိုးသားသတင်းဆု ကော်မတီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်နှင့် မြန်မာစာနယ်ဇင်းသမဂ္ဂတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဆုရရှိကြသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပထမအကြိမ် အမျိုးသားသတင်းဆုကို ၂၀၁၂ ခုနှစ် မတ် ၁၈ ရက်နှင့် ဒုတိယအကြိမ် အမျိုးသားသတင်းဆုကို ၂၀၁၃ ခုနှစ် မေ ၃ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် အမျိုးသားသတင်းဆု ကော်မတီ (၂၀၁၂ ပြက္ခဒိန်အတွက်)ကိုဖျက်သိမ်းခဲ့ပြီး ၂၀၁၃ ခုနှစ်အတွက် အမျိုးသားသတင်းဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပနိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ခုနှစ်အတွက် အမျိုးသားသတင်းဆု ကော်မတီကို ၂၀၁၅ ခုနှစ် ဧပြီ ၁၁ ရက်တွင် ဖွဲ့စည်းခဲ့ပြီး သတင်းဆုချီးမြှင့်ရာတွင် အမျိုးသား သတင်းသူရဲကောင်းဆု (National News Hero Award)ကို ထပ်မံဖြည့်စွက်၍ ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ယမန်နှစ်များက ပေးအပ်ခဲ့သော အခြားဆုများကိုမူ ချီးမြှင့်နိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအားကစားအသင်းများ ထွက်ခွာ



**ရန်ကုန် မေ ၃၁**

၂၀၁၅ ခုနှစ် ဇွန် ၅ ရက်မှ ၁၇ ရက်အထိ စင်ကာပူနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်ဦးဆောင်၍ စီမံအုပ်ချုပ်မှုအဖွဲ့၊ သတင်းပြန်ကြားရေးအဖွဲ့၊ ရွက်လှေအားကစားအသင်းများသည် ယနေ့ နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီး ဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဆက်လက်ပြီး မြန်မာအားကစားအသင်းများသည် ဇွန် ၁ ရက်တွင် စင်ကာပူနိုင်ငံသို့ ဆက်လက်ထွက်ခွာမည် ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

◆ *ကျောဖုံးမှ*

လာရောက်ကြည့်ရှုသည့် ပြည်ပနိုင်ငံခြားသားများပင်လျှင် ပွဲပြီးသည်ကိုပင် ဂရုမထားနိုင်ကြတော့ဘဲ ဖြစ်ခဲ့ကြသည်အထိပင် မြင်တွေ့ခဲ့ရသည်။

"ရိုးရာလက်ဝှေ့လောကမှာ စံချိန်သစ်တင်ရမယ့်ပွဲတွေလို့ ပြောလို့ရတယ်။ ဒီနေ့ပွဲစဉ်အားလုံး ပရိသတ်သဘောတွေ့ခဲ့ကြတယ်။ တွဲဆိုင်းရှစ်ဆိုင်းလုံးမှာ ရဲတံခွန်နဲ့ ဝမ်းစတားတို့ တွဲဆိုင်းတစ်ဆိုင်းသာ ငါးချီပြည့်ခဲ့တယ်။ ကျန်တဲ့တွဲဆိုင်းအားလုံးက တစ်ချီ၊ နှစ်ချီ၊ သုံးချီဆိုရင်ပဲ အလဲထိုးတွေဖြစ်ကုန်တယ်။ တကယ်ဆို ငါးချီပြည့် တွဲဆိုင်းရှစ်ဆိုင်းဆို အနည်းဆုံး သုံးနာရီလောက်တော့ ကြာရမှာ။ ဒီလိုမျိုးတစ်ခါမှ မကြုံခဲ့ရဖူးဘူး"ဟု အဆိုပါပြိုင်ပွဲကို ကြိုးဝိုင်းဒိုင်အဖြစ် ဆောင်ရွက်ပေးသည့် ဝါရင့်လက်ဝှေ့သမားဟောင်းတစ်ဦးက ဆိုသည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် တွဲဆိုင်းရှစ်ဆိုင်းတွင် ဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် ၅၇ ကီလိုတန်းမှ မိုးဟိန်း(ဘိလပ်မြေစက်ရုံ)နှင့် ထယ်ကြီး (STL)တို့ပွဲတွင် မိုးဟိန်းက ဒုတိယအချီ ၂ မိနစ် ၇ စက္ကန့်မှာပင် အလဲထိုးဖြင့် လည်းကောင်း၊ ၆၀ ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်များဖြစ်သည့် ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် လှစ်လှစ်လေး(ဝါဆို)တို့ပွဲတွင် ပထမအချီ ၂ မိနစ် ၆ စက္ကန့်မှာပင် ကြယ်စင်ဖြိုး၏ ဘယ်ခြေကန်ချက်ဖြင့်လည်းကောင်း၊ စောထူးဇော်(ဒို့ရိုးရာ)နှင့် မင်းသူ(STL) တို့တွဲဆိုင်းတွင် ပထမအချီ ၂ မိနစ် ၁၉ စက္ကန့်မှာပင် စောထူးဇော်၏ ဘယ်ဒူးတိုက်ချက်ဖြင့်လည်းကောင်း၊ စောဒါဝိတ်(တောင်ကလေး)နှင့် မင်းမင်း(ငြိမ်းချမ်းရေး)တို့ပွဲတွင်လည်း စောဒါဝိတ်က ပထမအချီ ၂ စက္ကန့်မှာပင် ဘယ်ထောက်လက်သီးဖြင့် လည်းကောင်း အသီးသီးပွဲသိမ်းအနိုင်ယူခဲ့သည်။

ဆက်လက်၍ ၆၇ ကီလိုတန်း (ကွာတားဖိုင်နယ်)ပွဲစဉ်များဖြစ်သည့် ကျားပေါက်(ရွှေသောင်ရင်း)နှင့် ထက်အောင်ဦး(တောင်ကလေး)တို့ပွဲတွင် လက်ရည်မျှ သမ္ဘာရင့်လက်ဝှေ့ကျော် နှစ်ဦးဆုံတွေ့သည့်အလျောက် သူတစ်ပြန် ကိုယ်တစ်လှည့် ယှဉ်ပြိုင်ထိုးသတ်ရင်းက တတိယအချီတွင် ထက်အောင်ဦး၏ အနီးကပ်ဘယ်ဒူးတိုက်ချက်ကိုခံလိုက်ရသည့် ကျားပေါက် ဘယ်လိုမှပြန်မထနိုင်တော့ဘဲ အလဲထိုးဖြင့် လည်းကောင်း၊ သွေးသစ်အောင်(ရွှေကုက္ကို)နှင့် မင်းထက်ဇော်(တိုက်ဂါး)တို့ပွဲတွင်လည်း ပထမအချီ ၁ မိနစ် ၃၀ စက္ကန့်မှာပင် သွေးသစ်အောင်၏ ရုတ်တရက် ဘယ်ထောက်လက်သီးမိခဲ့သည့် မင်းထက်ဇော် ဘယ်လိုမှပြန်မထနိုင်ဘဲ အလဲထိုးဖြင့်လည်းကောင်း အရှုံးပေးခဲ့ရသည်။ ဝမ်းစတား(ရွှေဖူး)နှင့် ရဲတံခွန် (အဖြူရောင်သွေးသစ်)တို့ပွဲတွင် ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ပြီး ရဲတံခွန်က အမှတ်ဖြင့် အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားပြီဖြစ်သည်။

ယနေ့ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ၇၁ ကီလိုတန်းတွင် ရန်နိုင်အောင်(တောင်ကလေး)နှင့် ဖျံသွေး(ဝါဆို)တို့ပွဲတွင် လက်ဝှေ့သမ္ဘာရင့်သည့် ရန်နိုင်အောင်ကိုယ်သွေးဂုဏ်ရှိသည့် ဖျံသွေးက သတ်လုံးသတ်ကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ထိုးသတ်ရင်း ဒုတိယအချီ ၁ မိနစ် ၂ စက္ကန့်တွင် ဖျံသွေး(ဝါဆို)က ပြင်းထန်သည့် ညာခြေကန်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူခဲ့သည်။

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ ၂၀၁၅ လက်ကျန် ကွာတားဖိုင်နယ်ပွဲစဉ်များနှင့် ဆီမီးပွဲစဉ်များကိုလာမည့် ဇွန် ၇ ရက်(တနင်္ဂနွေနေ့)တွင် ဆက်လက်ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စိုက်ပျိုးရေးနည်းပညာပေးသင်တန်း တန့်ယန်း၌ဖွင့်

**တန့်ယန်း မေ ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထငါးနှစ် စီမံကိန်း၏ ဒုတိယနှစ်အတွင်း ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးနည်းပညာပေးသင်တန်းကို မေ ၃၁ ရက် နံနက် ၈ နာရီက အမှတ်(၆)ရပ်ကွက်၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ငွေးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းဟောပြောပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှစိုးဝင်းက ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်း၏ စိုက်ပျိုးရေးနည်းပညာများကို ရှင်းလင်းပို့ချသည်။

အဆိုပါသင်တန်းသို့ တောင်သူသင်တန်းသား ၁၀၀ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက်ထွက်ရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်ပါ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(iprd)**

# ရဲလုပ်ငန်းဆိုင်ရာ သတင်းစာရှင်းလင်း

**ဗန်းမော် မေ ၃၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ရဲလုပ်ငန်းဆိုင်ရာသတင်းစာရှင်းလင်းပွဲကို မေ ၂၉ ရက် ညနေ ၃ နာရီက ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်းက လူသားတိုင်း၏ ရန်စွယ် မူးယစ်ဆေးအန္တရာယ် ကင်းစင်ပပျောက်စေရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မှုခင်းများကျဆင်းစေရေး၊ လူသတ်မှု၊ မုဒိမ်းမှု၊ ခိုးမှုများ လျော့နည်းပပျောက်စေရေးတို့အတွက် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပေကျင်းမြို့ကို ဆေးလိပ်ပိတ်ပင်ရေးဆုချီးမြှင့်

**ပေကျင်း မေ ၃၁**

ပေကျင်းမြို့တွင် ဇွန် ၁ ရက်မှ စတင်မည့် ဆေးလိပ်သောက်သုံးမှု ပိတ်ပင်ခြင်းအပေါ် ဇွန် ၁ ရက် (ယနေ့)တွင် ကျရောက်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒဗလျူအိပ်ချ်အိုက ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။

အဆိုပါနေ့မှစတင်ကာ ပေကျင်းမြို့တစ်ခွင်လုံး၊ အိမ်တွင်းနေရာများအားလုံး၊ အလုပ်အကိုင်နေရာများနှင့် အများပြည်သူပို့ဆောင်ရေးနေရာများအားလုံးတွင် ဆေးလိပ်သောက်သုံးမှု ပိတ်ပင်လိုက်ပြီဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ အများနဲ့ဆိုင်တဲ့နေရာတွေမှာ ဆေးလိပ် ကင်းစင်အောင် ဆောင်ရွက်ခြင်းဟာ ပြည်သူ့ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးရာ ရောက်ပါတယ်" ဟု ဒဗလျူအိပ်ချ်အို အနောက်ပိုင်း ပစိဖိတ်ဒေသဆိုင်ရာရုံးညွှန်ကြားရေးမှူး ရှင်းရန်ဆွန်းက ပြောသည်။

ယင်းပိတ်ပင်မှုအဖြစ် တနင်္လာနေ့တွင် ပေကျင်းမြို့တော် လေဆိပ်ဆိုက်ရောက် ဝင်ထွက်နေရာသုံးခုရှိ ဆေးလိပ်သောက်ခန်း သုံးခန်းကိုပိတ်ထားပြီး အပြင်ဘက်၌ ဆေးလိပ်သောက်ရန် နေရာ ၁၁ ခု ဖွင့်လှစ်ပေးသွားမည်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ဆေးလိပ်ထုတ်လုပ်မှုနှင့် သုံးစွဲမှုအကြီးဆုံး နိုင်ငံဖြစ်ပြီး သန်း ၃၀၀ ကျော် ဆေးလိပ်သောက်သုံးကာ အမေရိကန်လူဦးရေနီးပါးရှိကြောင်း၊ အခြားသော သန်း ၇၄၀ မှာ နှစ်စဉ် ဆေးလိပ်မီးခိုးများရှူရှိုက်နေရကြောင်း သတင်းတွင်ဖော်ပြထားသည်။

(ဆင်ဟွာ)

# နျူကလီးယားအရေးနှင့်ပတ်သက်ပြီး အီရန်ကိုဖိအားပေးသည့်အနေဖြင့် ကုလသမဂ္ဂ အရေးယူပိတ်ဆို့မှုများကို ပြန်လည်ပြုလုပ်ရန် အင်အားကြီးခြောက်နိုင်ငံသဘောတူ



**တီဟီရန် မေ ၃၁**

အကယ်၍ အီရန်နိုင်ငံသည် နျူကလီးယား သဘောတူညီချက်ပါ သတ်မှတ်ချက်များကို ချိုးဖောက်မည်ဆိုပါက ကုလသမဂ္ဂအနေဖြင့် အီရန်အပေါ်ပိတ်ဆို့မှုများကို ပြန်လည်ပြုလုပ်ရန် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံက သဘောတူခဲ့သည်။ နောက်ဆုံး သတ်မှတ်ရက်ဖြစ်သည့် ဇွန်လ ၃၀ မတိုင်မီ သဘောတူညီချက်၏ အဓိကပြဿနာရပ်များကို ကျော်လွှားနိုင်ရန် ကြိုးစားနေကြောင်း အနောက်အရာရှိများက ရိုက်တာသတင်းတစ်ရပ်သို့ ပြောခဲ့သည်။ ကုလသမဂ္ဂ ပိတ်ဆို့မှုအပေါ် နားလည်မှုအသစ်တစ်ခုဖြစ်သည့် မပြင်းမလျော့ သဘောထားသည် အင်အားကြီး ခြောက်နိုင်ငံဖြစ်သော အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ကြား အီရန်နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခြားအခက်အခဲများ ကျန်ရှိနေသော်ငြားလည်း ဖြစ်နိုင်သည့် အလားအလာများကို ဆောင်ကြဉ်းပေးနိုင်သည်။

အီရန်အပေါ် ကုလသမဂ္ဂအရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးသည့် အလဲအလှယ်အနေဖြင့် အီရန်နိုင်ငံတွင် အနုမြူဗုံးထုတ်လုပ်မှုကို ပိတ်ပင်တားဆီးရန် ရည်ရွယ်သည့် နျူကလီးယား သဘောတူညီချက်ဆိုင်ရာ စာချုပ်နောက်ဆုံးရက်မရောက်ခင် ဧပြီ ၂ ရက်နေ့တွင် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် အီရန်နိုင်ငံတို့သည် ကြားဖြတ်သဘောတူညီချက်တစ်ခုရရှိခဲ့သည်။

အီရန်သည် ၎င်း၏ကတိများကို ဖောက်ဖျက်ခဲ့ပါက ကုလသမဂ္ဂအရေးယူပိတ်ဆို့မှုများကို ပြုလုပ်သွားနိုင်သည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး နောက်ထပ်ဆွေးနွေးစရာအဖြစ် ဆက်လက်ကျန်ရှိနေသေးသည်။

(ရိုက်တာ)

# ရှန်ဂရီလာဆွေးနွေးပွဲတွင် အာရှဒေသတွင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူ



**စင်ကာပူ မေ ၃၁**

ဒေသတွင်းနိုင်ငံများက လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန်၊ အထူးသဖြင့် အာရှဒေသအတွင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်ကြရန် စနေနေ့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပနေသော (၁၄)ကြိမ်မြောက် ရှန်ဂရီလာဆွေးနွေးပွဲတွင် သန္နိဋ္ဌာန်ချလိုက်ကြသည်။

အာရှလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုပုံစံသစ်ခေါင်းစဉ်ဖြင့် ကျင်းပသော ဒုတိယမျက်နှာစုံညီအစည်းအဝေးသည် အာရှဒေသတွင်း လုံခြုံရေးခြိမ်းခြောက်မှုတစ်ခုသာ မဟုတ်တော့ကြောင်း၊ ပို၍ပူးပေါင်းဆောင်ရွက်မှုအလားအလာများဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အာရှနိုင်ငံများအကြား နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့်ရော အာရှနှင့် အာရှမဟုတ်သောနိုင်ငံများအကြားပါ ပူးပေါင်းဆောင်ရွက်မှုပုံစံကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီး ရောအင်တာဂျစ်ဆင်းက ပြောသည်။

ယနေ့ကမ္ဘာတွင် အကြမ်းဖက်ဝါဒနှင့် ဘာသာရေးအစွန်းရောက်မှု ကြီးထွားလာခြင်းသည် အကြီးမားဆုံးသောခြိမ်းခြောက်မှုပင်ဖြစ်ကြောင်း ဆင်းက မှတ်ချက်ပြုပြောဆိုလိုက်သည်။ အကြမ်းဖက်သမားများသည် အင်တာနက်အပါအဝင် နည်းစနစ်သစ်များအသုံးပြု၍ လူသားများနှင့် စီးပွားရေးအပေါ် အကြမ်းဖက်လာကြကြောင်း ၎င်းက ထပ်လောင်းပြောဆိုလိုက်သည်။

(ဆင်ဟွာ)

# ဘင်္ဂလားဒေ့ရှ်၌ အိုင်အက်စ်ညှိနှိုင်းရေးမှူးအဖြစ် သံသယရှိသူတစ်ဦးကို ရဲများကဖမ်းဆီး

**ဒါကာ မေ ၃၁**

ကိုကာကိုလာကုမ္ပဏီခွဲ၌ အလုပ်လုပ်သော အိုင်တီအင်ဂျင်နီယာတစ်ဦးအပါအဝင် သံသယရှိသူနှစ်ဦးကို အစောပိုင်းက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်ရဲအရာရှိများသည် မြို့တော်ဒါကာတွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်ဟု ယူဆရသူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း အကြီးတန်းအရာရှိတစ်ဦးက ပြောခဲ့သည်။

စနေနေ့ညက ဖမ်းမိခဲ့သော အဆိုပါသံသယရှိသူသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အိုင်အက်စ်အဖွဲ့၏ ညှိနှိုင်းရေးမှူးတစ်ဦးဖြစ်ကြောင်း စုံစမ်းထောက်လှမ်းရေးနှင့်ပြစ်မှု ဆိုင်ရာအဖွဲ့ ဒုတိယရဲမင်းကြီးက ရိုက်တာသို့ ပြောခဲ့သည်။

အစ္စလာမ္မစ်အစွန်းရောက်များအတွက် ပြုလုပ်ထားသော ဗီဒီယိုရာပေါင်းများစွာ၊ ဘင်္ဂလားဘာသာသို့ပြန်ဆိုထားသော အိုင်အက်စ်နှင့် အယ်လ်ကေးဒါစာအုပ်ပေါင်းများစွာနှင့်အတူ ၎င်းကိုဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း ဒုတိယရဲမင်းကြီးက ပြောခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းထားသူမှာ အဗ္ဗဒူလာအယ်လ်ဂါလစ်ဆိုသူဖြစ်ပြီး ၎င်းသည်ဟစ်ဘတ်တာရာအဖွဲ့ဝင်ဟောင်းဖြစ်ကာ အခြားတစ်ယောက်မှာ အန်ဆာရူလာဘန်ဂလာအဖွဲ့မှ နောက်လိုက်ဖြစ်သည်။ ဖော်ပြပါ အဖွဲ့နှစ်ဖွဲ့စလုံးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုများဖြစ်ကြသည်။

အချိန်အတော်ကြာစောင့်ကြည့်ပြီး ဘနာနီမြို့၏အထက်တန်းစားနေရာတစ်ခု၌ မနေ့ညက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲမင်းကြီးက ပြောခဲ့သည်။

ရဲများသည် အိုင်အက်စ်အဖွဲ့များနှင့် ဆက်သွယ်မှုရှိသည့် သံသယရှိသူများစွာကို ဖမ်းဆီးခဲ့သည်။

(ရိုက်တာ)



ပြင်းအား ၈ ဒသမ ၅ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု ၃၀-၅-၂၀၁၅ ရက်၌ ဂျပန်အရှေ့ဘက်ကမ်းရိုးတန်းဒေသတွင် လှုပ်ခဲ့စဉ်။

# ဂျပန်အရှေ့ပိုင်းတွင် အင်အားအလွန်ပြင်းထန်သောငလျင်လှုပ် တိုကျိုနှင့်အိုဆာကာကြား ကျည်ဆန်ရထားခေတ္တရပ်ခဲ့ရ

**တိုကျို မေ ၃၁**

၃၀-၅-၂၀၁၅ရက်ကဂျပန်အရှေ့ဘက်ကမ်းရိုးတန်း ဒေသတွင် အင်အား ၈ ဒသမ ၅ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး တိုကျိုရှိ အဆောက်အအုံများ လှုပ်ခါသွားခဲ့ကြောင်း သိရသည်။ သို့သော်လည်း ဆူနာမီရေလှိုင်းအန္တရာယ်ကျရောက်ခြင်းမရှိကြောင်း၊ ငလျင်အင်အား အလွန်ပြင်းထန်သော်လည်း အပျက်အစီးမရှိကြောင်း သိရသည်။

လွန်ခဲ့သော လေးနှစ်ခန့်က အင်အား ၉ ဒသမ ၀ မဂ္ဂနီကျူ ငလျင်ကြောင့် ထိခိုက်မှုရှိခဲ့သော်လည်း ယခုအခါ ဖူကူရှီးမားဒိုင်အိချီ နျူကလီးယားစက်ရုံတွင် ကမောက်ကမဖြစ်စဉ်များ မဖြစ်ပွားဘဲ အခြားနျူကလီးယားဆက်စပ်အဆောက်အအုံများတွင်လည်း တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်း သိရသည်။

ရှင်ကန်ဆင်ကျည်ဆန်ရထားမှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားမှုကြောင့် တိုကျိုနှင့် အိုဆာကာကြားတွင် ခဏတာရပ်နားထားခဲ့ရပြီး တိုကျိုရှိ အခြား မီးရထားများမှာလည်း လုံခြုံစိတ်ချမှုရှိစေရန် ရပ်နားခဲ့သည်။ ထို့ကြောင့် အဆိုပါဒေသသို့ ပုံမှန်သွားရောက် အလုပ်လုပ်ကိုင်သူများမှာ ဘူတာရုံအပြင်ဘက်တွင် စုဝေးနေကြရသည်။ ငလျင်မှာ တိုကျိုမြို့တောင်ဘက်ရှိ အိုဂါဆာဝါရာကျွန်းကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။နိုင်ငံတစ်ဝန်း၌ မြေအောက်အနက် ကီလိုမီတာ ၅၉၀ (မိုင် ၃၇၀) အထိ ရိုက်ခတ်ခဲ့သည်။

ပြင်းပြင်းထန်ထန် လှုပ်ခတ်ခဲ့မှုကြောင့် ဗုဒ္ဓရုပ်ပွားတော်မှာ ဘေးဘက်သို့ ယိမ်းယိုင်သွားကြောင်း ငလျင်ဗဟိုချက်အနီး ဟာဟာဂျီမာကျွန်းတွင်နေထိုင်သူ မိချိုကို အိုရိတာက အင်န်အိတ်ချ်ကေ အမျိုးသားရုပ်သံသို့ပြောကြားခဲ့သည်။ ယခုကဲ့သို့ ကြောက်စရာကောင်းသောအဖြစ်မျိုး မကြုံတွေ့ဖူးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ (ရိုက်တာ)

# မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်သစ်ဖွင့်

**ရန်ကုန် မေ ၃၁**

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၄၂) ဆိုင်သစ်ဖွင့်ပွဲကို မေ ၃၀ ရက် နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် မြို့ရှောင်လမ်း၌ကျင်းပရာ အစီအစဉ်အရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ဆိုင်သစ်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများက ဆိုင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က CNG Compressor ကို ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မော်တော်ယာဉ်များသို့ CNG ဖြည့်သွင်းပေးနေမှုနှင့် အရောင်းဆိုင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆိုင်အမှတ်(၀၄၂)တွင် တပ်ဆင်သည့် ဆက်စပ်ပစ္စည်းများကို အာဂျင်တီးနားနိုင်ငံမှ မှာယူ တပ်ဆင်ခဲ့ခြင်းဖြစ်ပြီး ဆိုင်တည်ဆောက်ခြင်းနှင့် စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် မေ ၂၆ ရက်တွင် အောင်မြင်စွာ တပ်ဆင်ပြီး မေ ၃၀ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုဖွင့်လှစ်သော ဆိုင်အမှတ်(၀၄၂)တွင် Dispenser လေးခုမှ Filling Point ရှစ်ခု တပ်ဆင်ထားပြီး သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ရှစ်စီးအား တစ်ပြိုင်တည်းဖြည့်သွင်းပေးနိုင်သည်။ သဘာဝဓာတ်ငွေ့သုံး Hilux မော်တော်ယာဉ်အစီး ၈၀၀ ခန့်နှင့်အတူ တိုက်ကြီး၊ မှော်ဘီ၊ ပဲခူး၊ လှည်းကူးမှ Mini Bus များနှင့် City Bus များအား ပိတ်ရက်မရှိ ၂၄ နာရီ ရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် တိုင်းဒေသကြီးအတွင်းရှိ CNG ယာဉ်များကို နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၂၀ ခန့် ဖြန့်ဖြူးပေးလျက်ရှိရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ယူ၍ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသောကုန်းတွင်းပိုင်းရေနံမြေများမှ သဘာဝဓာတ်ငွေ့ တိုးတက်ထွက်ရှိခဲ့သဖြင့် တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့သုံး ခရီးသည်တင်လိုင်းကားများသို့ မကြာမီ သဘာဝဓာတ်ငွေ့ ကုဗပေတစ်သန်းကို နေ့စဉ်တိုးတက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**





# မြင်းမူမြို့၌ မိုးနှင့်အတူ လေပြင်းတိုက်ခတ်

**မြင်းမူ မေ ၃၁**

မြင်းမူမြို့တွင် မေ ၃၀ ရက် ည ၉ နာရီ ၁၅ မိနစ်က မိုးရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းကြောင့် မင်းရဲကျော်စွာရပ် ကမ်းနားလမ်းအတွင်းရှိ သက်တမ်းရင့်ကုက္ကိုပင်ကြီးကျိုးကျသွားသဖြင့် တယ်လီဖုန်းကြိုးများ အပေါ်အိကျခြင်း၊ ဘုရင့်နောင်ရပ် ကမ်းနားလမ်းရှိ တဲအိမ်ပြိုကျသွားခြင်း၊ အာသောကရပ်ရှိ နေအိမ်တစ်လုံး သွပ်မိုးများလန်ခြင်း၊ လူတစ်ဦးတစ်ယောက် ထိခိုက်မှုမရှိကြောင်း သိရသည်။

"ညကတည်းက တစ်မြို့လုံး လျှပ်စစ်မီးဖြတ်တောက်ထားခဲ့ရပါတယ်။ လေမိုးငြိမ်သွားတော့ ကျွန်တော်တို့ ချက်ချင်း လျှပ်စစ်မီးပြန်ပေးနိုင်ဖို့ မြို့တွင်းနဲ့ မြို့နယ်ထဲထိ သွားရောက်စစ်ဆေးမှုတွေ လုပ်ခဲ့ပေမယ့် ညကမီးမပေးနိုင်ခဲ့ပါဘူး။ ဒီနေ့နံနက်ပိုင်း စောနိုင်သမျှ စောစော မီးပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်လျှပ်စစ် ကျွမ်းကျင်ဝန်ထမ်းတစ်ဦးက ပြောသည်။

**(၀၇၉)**

# အောင်လံမြို့နယ်တွင် ကျပ်ငါးထောင်တန်အတုသုံးစွဲသူ ဖမ်းဆီးရမိ ကွင်းဆက်ပတ်သက်သူအား ဆက်လက်ရှာဖွေလျက်ရှိ

**အောင်လံ မေ ၃၁**

အောင်လံမြို့နယ် ပျဉ်ပင်လှကျေးရွာတွင် ငါးထောင်တန်အတုသုံးစွဲခဲ့သူတစ်ဦးအား သက်ဆိုင်ရာက ဖမ်းဆီးရမိခဲ့ပြီး နောက်ဆက်တွဲ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အောင်လံမြို့နယ် စကားတောင် ရဲကင်းစခန်းမှူး ရဲအုပ်ကျော်စွာလတ်က ပြောကြားသည်။

ဖြစ်စဉ်မှာ အောင်လံမြို့နယ် ပျဉ်ပင်လှကျေးရွာရှိ ဆိုင်ရှင်ဦးသန်းကျော်၏ ယွန်းပန်းအိမ်ဈေးဆိုင်တွင် မေ ၃၀ ရက် နံနက် ၉ နာရီခွဲက လူတစ်ဦးက ကျပ်ငါးထောင်တန်တစ်ရွက်ဖြင့်ဈေးဝယ်ရာ ငါးထောင်တန်မှာအတုဟု မသင်္ကာ၍ ဆိုင်ရှင်က ဖုန်းဆက်အကြောင်းကြားခဲ့သောကြောင့် စကားတောင် ရဲကင်းစခန်းမှူး ရဲအုပ်ကျော်စွာလတ်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ငွေစက္ကူအတုသုံးစွဲနေသူ ကိုကိုနိုင်(၄၀နှစ်) အနောက်မြောက်ပိုင်း ရပ်ကွက် သရက်မြို့နေသူအား ပျဉ်ပင်လှရွာလယ်လမ်းတွင် တွေ့ရှိရသည်။ ၎င်းကို စစ်ဆေးရာတွင် နေပြည်တော် ရထားလမ်းတံတား အမှတ်(၁၀၁) အနောက်ဘက်ဘေးရှိ ချုံအတွင်း ဝှက်ထားသော ကျပ်ငါးထောင်တန် အတု ၂၇ ရွက်ကို သိမ်းဆည်းရမိခဲ့သဖြင့် ငွေစက္ကူအတု ကိုင်ဆောင်သုံးစွဲသူ ကိုကိုနိုင်အား ဒုရဲဗိုလ်နယ်မြေရဲစခန်းက မြန်မာနိုင်ငံ ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅ ဖြင့် အမှုဖွင့်ခဲ့သည်။

၎င်းအား ဆက်လက်စစ်ဆေးရာတွင် ကိုကိုနိုင်သည် မေ ၂၈ ရက်က သရက်ခရိုင် မင်းလှရေနံမြော်တွင် ရှိနေခဲ့စဉ် ၎င်းနှင့် ခင်မင်ရင်းနှီးသူ ရဲမင်းပိုင် ရွှေဘုံသာရပ်ကွက် သရက်မြို့နေသူက ဖုန်းဆက်လာစဉ် ရဲမင်းပိုင်က "မင်းပိုက်ဆံမရှိရင် ငါ့ဆီလာခဲ့၊ ငါပြည်မြို့မှာ ရောက်နေတယ်" ဟု ပြောကြားခဲ့သောကြောင့် ပြည်မြို့သို့ လိုက်သွားခဲ့ရာ ရဲမင်းပိုင်အား ပြည်ရထားဘူတာရုံတွင် တွေ့ရှိခဲ့ကြောင်း၊ ရဲမင်းပိုင်က ငါးထောင်တန်တစ်ရွက် ပေးသဖြင့် သုံးစွဲခဲ့ကြောင်း၊ ထို့နောက် ရဲမင်းပိုင်နှင့်အတူ ပြည်ဘူတာရုံတွင် ညအိပ်ခဲ့ပြီး မေ ၃၀ ရက် နံနက်ပိုင်းတွင် ရဲမင်းပိုင်နှင့်အတူ ပြည်မှ အောင်လံသို့ ဆိုင်ကယ်နှင့် ပြန်လာခဲ့ရာ ပျဉ်ပင်လှကျေးရွာသို့ ရောက်ရှိစဉ် ဆိုင်ကယ်ပျက်၍ ရဲမင်းပိုင်က သရက်မြို့သို့ အရင်ပြန်နှင့်မည်ပြောပြီး ၎င်းအား ဆိုင်ကယ်ပြင်ခ ငွေကျပ် ၅၀၀၀ တန် ၂၇ ရွက် ပေးခဲ့သည်။ ရဲမင်းပိုင်ပေးခဲ့သော ငါးထောင်တန်တစ်ရွက်ဖြင့် ပျဉ်ပင်လှကျေးရွာရှိ ယွန်းပန်းအိမ်ဈေးဆိုင်တွင် မုန့်ဝယ်စဉ် ဆိုင်ရှင်က"မင်းပိုက်ဆံက အတုကြီး"ဟု ပြောဆိုခဲ့သောကြောင့် ၎င်းငါးထောင်တန် ၂၇ ရွက်ကို ရထားသံလမ်းဘေးကြံခင်းအနီးရှိ ချုံအတွင်း ထားခဲ့ပြီးနောက် ပျဉ်ပင်လှကျေးရွာသို့ ပြန်လာစဉ် အဖမ်းခံခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ငါးထောင်တန်အတု ကွင်းဆက်ပြစ်မှုကျူးလွန်သူ ရဲမင်းပိုင်ကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သရက်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကျော်ဇေယျ**




# မိုးမှန်လာပြီဖြစ်သဖြင့် တောင်သူဦးကြီးများ လုပ်ငန်းခွင်ဝင်

**ညောင်တုန်း မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီးသို့ မုတ်သုံလေဝင်ရောက်ကာ မိုးဆက်လက်ရွာသွန်းပြီးဖြစ်သဖြင့် တောင်သူလယ်သမားများသည် လယ်ယာလုပ်ငန်းခွင်သို့ စတင်ဝင်ရောက်ကြပြီဖြစ်သည်။

တောင်သူလယ်သမားများစိုက်ပျိုးချိန်တွင် ငွေကြေးအခက်အခဲ မရှိစေရေးအတွက် မေ ၂၁ ရက်မှ စတင်၍ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ပေးလျက်ရှိသည်။ စပါးတစ်ဧက ငွေကျပ်တစ်သိန်းနှုန်း၊ အခြားသီးနှံများ တစ်ဧက ငွေကျပ်နှစ်သောင်းနှုန်း ထုတ်ချေးလျက်ရှိသည့်အပြင် အတိုးနှုန်းမှာလည်း တစ်နှစ်ငါးရာခိုင်နှုန်းသာဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင်လည်း မိုးစပါး ၆၄၃၉၆ ဧက စိုက်ပျိုးမည်ဖြစ်ရာ အထွက်နှုန်း အထူးကောင်းမွန်သည့် ပုလဲသွယ်စပ်မျိုးစပါး ဧက ၈၅၀ ပါဝင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား မေ ၃၁**

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဌာနတို့ပူးပေါင်း၍ ဩစတြေးလျ AIDS အဖွဲ့မှ ကူညီထောက်ပံ့မှုဖြင့် မြစ်ကြီးနားခရိုင်အတွင်းရှိ IDP Cump များသို့ အရေးပေါ်အခြေအနေတွင် ဘေးအန္တရာယ်ကျရောက်စဉ် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ဆေးပစ္စည်းများ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို သီတာရပ်ကွက်ရှိ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး အစည်းဝေးခန်းမ၌ မေ ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြစ်ကြီးနားခရိုင် ဒုတိယကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနော်ရှဲလ်တာက ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနများသို့ သန္ဓေတားပစ္စည်းများကိုလည်းကောင်း၊ သားဖွားခန်းအတွက် ရေနွေးပေါင်းအိုးနှင့် မီးဖွားသုံးပစ္စည်းများကိုလည်းကောင်း၊ အခြေခံကျန်းမာရေးဌာနများသို့ Sprint kit များကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိန်ဝင်း(iprd)**

# ကျွန်တော်နဲ့အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

အရင်အပတ်က အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်အကြို အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံတော်သမ္မတကြီးက ဖွင့်လှစ်ပေးခဲ့ပါတယ်။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး တာဝန်ယူနေတဲ့ ပြည်ထောင်စုဝန်ကြီးကလည်း အမှာစကားပြောခဲ့ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ဖော်ထုတ်ဖို့အတွက် ပါဝင်ပတ်သက်တဲ့သူတွေ (Stakeholders) များနဲ့ ဆွေးနွေးကြတာပဲ ဖြစ်ပါတယ်။

**နိုင်ငံတော်အစိုးရသစ်တက်ချိန်ကစပြီး ပြုပြင်ပြောင်းလဲမှုများကို လှိုင်းသုံးလှိုင်းနဲ့ အကောင်အထည်ဖော်ခဲ့တာဖြစ်တယ်။ ပထမလှိုင်းကတော့ ဒီမိုကရေစီစနစ်ကို ပြောင်းလဲပေးမှုပဲ ဖြစ်ပါတယ်။ တပ်မတော်အစိုးရကတစ်ဆင့် ပြည်သူရွေးချယ်တင်မြှောက်ခဲ့တဲ့ နိုင်ငံရေးအစိုးရသစ်ကို လက်ကမ်းမှုဖြစ်ပါတယ်။ ဒုတိယလှိုင်းကတော့ အခြေခံအားဖြင့် မဏ္ဍိုင်လေးရပ်နဲ့ တည်ဆောက်ထားခြင်းဖြစ်ပါတယ်။။ ပထမမဏ္ဍိုင်ကတော့ နိုင်ငံရေးမဏ္ဍိုင်ဖြစ်ပြီး ဒုတိယကတော့ စီးပွားရေးဖြစ်ပါတယ်။ တတိယကတော့ အုပ်ချုပ်ရေးဖြစ်ပြီး နောက်ဆုံးကတော့ ပုဂ္ဂလိက ကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုဖြစ်ပါတယ်။ ဒီမဏ္ဍိုင်လေးရပ်ဟာ သီးခြားရပ်တည်နေတာမျိုးမဟုတ်ဘဲ တစ်ခုနဲ့တစ်ခု ဆက်စပ်နေပါတယ်။ ဒီမဏ္ဍိုင်လေးရပ်ရဲ့ အခြေခံကတော့ ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုနဲ့ သန့်ရှင်းသောအစိုးရတို့ပဲ ဖြစ်ပါတယ်။ အခုလိုဆောင်ရွက်တာဟာလည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက် ဦးတည်ထားခြင်းဖြစ်တယ်။ တတိယလှိုင်းကတော့ တာဝန်ယူမှုနဲ့တာဝန်ခံမှုတို့သာဖြစ်ပြီး ဒီလှိုင်းသုံးလှိုင်းကို တစ်ချိန်တည်းမှာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်။**

တကယ်တော့ နိုင်ငံတစ်နိုင်ငံအတွက် အုပ်ချုပ်ရေးဟာ အလွန်အရေးပါလှပါတယ်။ ဒါကြောင့်လည်း အုပ်ချုပ်မှုနဲ့ပတ်သက်ပြီး ပုံစံအမျိုးမျိုးနဲ့ သူ့နေရာနဲ့သူ လှုပ်ရှားနေတာတွေ့ရပါတယ်။ ဝန်ကြီးဌာနတိုင်းလိုလို အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့ကြတယ်။ တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းတဲ့သဘောနဲ့ ဆောင်ရွက်နေကြတယ်။ ဒီလိုလုပ်တာကိုလည်း ကြိုဆိုရမှာသာ ဖြစ်ပါတယ်။ ကိုယ်ကျွမ်းကျင်ရာ လိမ္မာရာလုပ်တာကို ကြိုဆိုသင့်ပါတယ်။ တစ်ဖက်ကတော့ အခုလိုပုံစံအမျိုးမျိုးနဲ့ ဆောင်ရွက်နေတာကို စနစ်တကျမူဘောင်ခတ်ပြီး ဆောင်ရွက်သင့်ကြောင်းကို အားလုံးကလက်ခံလာပါတယ်။ နိုင်ငံတော်အစိုးရအပြင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေ မြန်မာပြည်ကို ပုံစံအမျိုးမျိုးနဲ့ အထောက်အပံ့တွေပေးနေသူတွေကလည်း အကူအညီတွေပေးဖို့ ဆန္ဒရှိကြတယ်။

တစ်ဖက်ကလည်း ပြည်ထောင်စုအဆင့်မှာသာမက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် လွှမ်းခြုံမယ့်မူဘောင်တစ်ရပ်ကို ရုပ်လုံးဖော်ဖို့ စိုင်းပြင်းခဲ့တယ်။ ယခုလို ဆောင်ရွက်တဲ့နေရာမှာ အပိုင်းလေးပိုင်းကို အာရုံပြုခဲ့တယ်။ ပထမကတော့ ပြည်သူ့ဝန်ထမ်းတွေရဲ့ စွမ်းရည်မြှင့်တင်မှုဖြစ်ပါတယ်။ ဝန်ထမ်းတွေရဲ့လုပ်ရည်ကိုင်ရည်ကို မြှင့်တင်ဖို့အရေးကြီးကြောင်း လက်ခံခဲ့ကြပါတယ်။ စွမ်းရည်မြင့်မားမှုဟာ ကဏ္ဍတိုင်းမှာ လိုအပ်လျက်ရှိပါတယ်။

**ဝန်ထမ်းတစ်ယောက်ဟာ လုပ်ချင်တဲ့စိတ် (Willingness) ရှိဖို့လိုသလို တစ်ဖက်ကလည်း လုပ်နိုင်စွမ်း (ability) လည်း ရှိရမှာဖြစ်တယ်။ လုပ်ချင်တဲ့စိတ်ရှိပြီး လုပ်နိုင်စွမ်း မရှိရင်မဖြစ်သလို လုပ်နိုင်စွမ်းရှိပေမယ့် လုပ်ချင်တဲ့စိတ် မရှိပြန်ရင်လည်း အဆင်မပြေနိုင်ပါဘူး။ ပြည်သူ့ဝန်ထမ်း တွေကို ဦးစီးဦးဆောင်ပြုသူတွေမှာ အခြေခံစွမ်းရည် သုံးရပ်ရှိဖို့လိုပါတယ်။ ပထမကတော့ ဦးတည်ချက်ကို ဖော်ထုတ်ဖို့ဖြစ်တယ်။ မိမိတာဝန်ယူနေတဲ့ ဌာနရဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်ကို ကြည်လင်ပြတ်သားစွာ ဖော်ထုတ်ရမှာဖြစ်ပါတယ်။ ဒုတိယကတော့ မိမိရဲ့ လုပ်ဖော်ကိုင်ဖက်များကို မိမိနဲ့အတူပါအောင် ခေါင်းဆောင်နိုင်စွမ်းရှိရမယ်။ မိမိရဲ့လုပ်ဖော်ကိုင်ဖက်တွေကို မိမိနဲ့အတူ ပူးပေါင်းဆောင်ရွက်နိုင်အောင် စည်းရုံးသိမ်းသွင်းရမှာ ဖြစ်ပါတယ်။ နောက်ဆုံးကတော့ ရလဒ်များကိုရရှိဖို့ ဖြစ်ပါတယ်။**

အမှန်တော့ ရလဒ်ပေတံကို ဝန်ထမ်းတိုင်း လက်ခံပြီး ကြိုးစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းတိုင်းဟာ ပင်ပန်းနေကြတယ်။ နေ့မအားညမနား အလုပ်လုပ်နေကြရတယ်။ ပုံမှန်အချိန်မှာ အိမ်မပြန်နိုင်ဘဲ ရုံးမှာ အချိန်ကုန်နေကြတယ်။ အမှန်တော့ ဒီကိစ္စဟာ ရှုက်စရာကိစ္စဖြစ်တယ်။ အလုပ်များတာထက် တာဝန်ယူတဲ့ အလုပ်တွေ ကျေပွန်ရမှာဖြစ်တယ်။ အထူးသဖြင့် ရလဒ်တွေရဖို့လိုအပ်တယ်။ ခေတ်မီတဲ့အစိုးရအဖွဲ့အစည်းတွေမှာ အခုဆိုရင် Results Based Management (RBM) ရလဒ်ကို အခြေခံတဲ့စီမံခန့်ခွဲမှုကို ကျင့်သုံးဖို့ လိုအပ်ပါတယ်။ တာဝန်ကျေမှု၊ တာဝန်ယူမှုဆိုတာဟာ

အမှန်တော့ ရလဒ်ကိုတာဝန်ယူခြင်း တာဝန်ကျေခြင်းသာ ဖြစ်ပါတယ်။ ဒုတိယအပိုင်းကတော့ ဝန်ဆောင်မှုပေးနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လာရင် ပြည်သူ့ဝန်ထမ်းတွေဟာ ပြည်သူများရဲ့ လိုအပ်ချက်များကို တုံ့ပြန်နိုင်စွမ်းရှိရမှာဖြစ်တယ်။ သွက်လက်ရမယ်၊ အရည်အသွေးမြင့်မားတဲ့ ဝန်ဆောင်မှုပေးဆောင်နိုင်ရန် သတိပြုရမယ်။

တတိယကတော့ ဗဟိုဦးစီးချုပ်ကိုင်မှုကို လျှော့ချမှုပဲဖြစ်ပါတယ်။ Decentralization ဖြစ်ပါတယ်။ အရာရာကို ပြည်ထောင်စုအဆင့်၊ ဗဟိုအဆင့်က ဆုံးဖြတ်တာမဟုတ်ဘဲ သူ့အဆင့်နဲ့သူ ဆောင်ရွက်ဆုံးဖြတ်ခြင်းဖြစ်တယ်။ အထိရောက်ဆုံးအုပ်ချုပ်မှုဟာ အမှန်တော့ အောက်ဆုံးအဆင့်က ဆောင်ရွက်မှုတွေဖြစ်တယ်။ အောက်ဆုံးအဆင့်ဟာ ပြည်သူနဲ့ အနီးစပ်ဆုံးရှိတာမို့ ထိထိရောက်ရောက် တုံ့ပြန်နိုင်စွမ်းရှိပါတယ်။ တချို့က delegation တာဝန်ခွဲဝေပေးမှုကိုလည်း ပြောကြတယ်။ တစ်ခုသတိပြုရမှာက တာဝန်ဝတ္တရားကို ခွဲဝေတဲ့နေရာမှာ လုပ်ပိုင်ခွင့်ကိုလည်း ခွဲဝေပေးဖို့ လိုအပ်တယ်။ ဝတ္တရားကိုသာခွဲဝေပြီး လုပ်ပိုင်ခွင့်ကို ခွဲမပေးရင် အောက်ခြေဝန်ထမ်းတွေအတွက် အခက်အခဲရှိပါတယ်။ လုပ်ရကိုင်ရကျပ်ပါတယ်။ ဒါကြောင့် တာဝန်နဲ့ လုပ်ပိုင်ခွင့်ကို ပူးတွဲခွဲဝေဖို့အထူးလိုအပ်ပါတယ်။

နောက်ဆုံးက တာဝန်ယူမှုနဲ့တာဝန်ခံမှုဖြစ်ပါတယ်။ ဒီအစိတ်အပိုင်းလေးရပ်ဟာ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရဲ့အခြေခံတွေဖြစ်ပါတယ်။

ပြည်သူ့ဝန်ထမ်းတွေဟာ မိမိအလုပ်ကိုဂုဏ်ယူဖို့ လိုအပ်ပါတယ်။ လုပ်ခလစာအခွင့်အရေးကို အာရုံမထားဘဲ ပြည်သူတွေအတွက် အသက်ရှင်ခွင့်ရတာကို ကျေးဇူးတင်သင့်ပါတယ်။ ရတောင့်ရခဲအခွင့်အရေးဖြစ်တယ်။ ဒီအခွင့်အရေးကို မြတ်နိုးစွာထမ်းဆောင်သွားရမှာဖြစ်တယ်။ ကျွန်တော်လူငယ်တွေကို မကြာခဏအားပေးခဲ့သလို ဘဝမှာရယူခြင်းထက်ပေးဆပ်ခြင်းကို ဦးထိပ်ထားရမယ်။ မနက်အိပ်ရာထတိုင်း ဒီနေ့အများအတွက် ဘာလုပ်ပေးရမလဲဆိုတာကို အမြဲမေးခွန်းထုတ်ရမယ်။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး မကြာသေးခင်က နိုင်ငံတော်အစိုးရက ခြေလှမ်းတစ်ရပ်ကို လှမ်းခဲ့ပါတယ်။ ဒါကတော့ ဝန်ကြီးဌာနတွေမှာ အမြဲတမ်းအတွင်းဝန်များကို ခန့်ထားတာဝန်ပေးခြင်းဖြစ်ပါတယ်။ ဝန်ကြီးနဲ့ ဒုတိယဝန်ကြီးတွေဟာ အမှန်တော့နိုင်ငံရေးတာဝန်တွေပါ။ ရွေးချယ်တင်မြှောက်မှုအပေါ် အခြေခံပြီး အပြောင်းလဲတွေရှိပါတယ်။ အမြဲတမ်းအတွင်းဝန်များကတော့ ဝန်ကြီးဌာနတွေရဲ့ နေ့စဉ်လှုပ်ရှားမှုကို တာဝန်ယူပြီးနိုင်ငံရေးတာဝန်ရှိသူများကို တာဝန်ခံရသူတွေဖြစ်ပါတယ်။ တစ်ချိန်က ကျွန်တော်တို့နိုင်ငံမှာ အမြဲတမ်းအတွင်းဝန်တွေ ရှိခဲ့ပါတယ်။ တကယ်ထူးချွန်တဲ့ ပုဂ္ဂိုလ်တွေ၊ အရာရှိတွေဖြစ်တယ်။ လုပ်ရည်ကိုင်ရည် အပြည့်ရှိသူတွေဖြစ်ကြပြီး ဝန်ကြီးများရဲ့ လမ်းညွှန်မှုတွေ ခံယူပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူတွေ ဖြစ်ပါတယ်။ ဒီအတွင်းဝန်စနစ်ဟာ ဗြိတိသျှကိုလိုနီခေတ်က ပေါ်ပေါက်လာတယ်လို့ပြောကြပေမယ့် အမှန်တော့ ရှေးမြန်မာမင်းလက်ထက်ကတည်းက အတွင်းဝန်တွေ ရှိခဲ့ကြပါတယ်။

သက်ဦးဆံပိုင်စနစ်မှာ ကျွမ်းကျင်တဲ့မှူးတွေ၊ မတ်တွေ၊ အတွင်းဝန်တွေနဲ့ လှုပ်ရှားခဲ့ကြတယ်။ ဗြိတိသျှကိုလိုနီခေတ်မှာတော့ ဘော်ရှိနည်းစနစ်တွေကျင့်သုံးပြီး အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုတွေလုပ်ခဲ့တယ်။ အစပိုင်းမှာ အတွင်းဝန်တွေက နိုင်ငံခြားသားတွေဖြစ်ခဲ့ပေမယ့် နောက်မှာတော့ မြန်မာလူမျိုးတွေ တာဝန်ယူလာကြတယ်။ ဒီအတွင်းဝန်တွေဟာ ICS တွေဖြစ်ကြတယ်။ Indian Civil Service ပြန်တမ်းဝင် အရာရှိတွေ ဒီတာဝန်ကို ပေါ့ပေါ့တန်တန်ရခဲ့တာမျိုး မဟုတ်ပါဘူး။ အင်္ဂလန်နိုင်ငံမှာရှိတဲ့ နာမည်ကြီး Oxford တက္ကသိုလ်၊ Cambridge တက္ကသိုလ်တွေမှာ ပညာသင်ကြားခဲ့ပြီး ပြည်သူ့ဝန်ထမ်းတာဝန်တွေ ယူခဲ့ကြတာ။ အင်မတန် ထူးချွန်တဲ့သူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ကိုလိုနီအစိုးရကို ထောက်ခံအားပေးသူတွေဖြစ်တာမို့ ဝေဖန်မှုကိုခံခဲ့ကြရတယ်။

တိုင်းပြည်လွတ်လပ်ရေးရပြီးချိန်မှာ ICS အစား Burma Civil Service (BCS) နဲ့ အစားထိုးခဲ့ကြတယ်။ သူတို့ကို ဗျူရိုကရက်တွေအဖြစ်ဝေဖန်ခဲ့ကြတယ်။ ၁၉၆၂ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်မှာ ဒီအတွင်းဝန်စနစ်ကို ပယ်ဖျက်ခဲ့တယ်။ ခေတ်တစ်ခေတ်ရဲ့ နိုင်ငံရေးအယူအဆကြောင့်ဖြစ်တယ်။ အတွင်းဝန်တွေအစား ညွှန်ကြားရေးမှူးချုပ်တွေခန့်ထားပြီး တာဝန်ပေးလာကြတယ်။ အမှန်တော့ကျွန်တော်ငယ်ငယ်တုန်းက အတွင်းဝန်သိပ်ဖြစ်ချင်တာ။ ICS တွေကိုလည်းအားကျမိတယ်။ အုပ်ချုပ်ရေးနဲ့ပတ်သက်လာရင် တစ်ဖက်ကမ်းခတ်အောင် ထူးချွန်တဲ့သူဖြစ်ချင်တာ။ ကံဆိုးချင်တော့ ကျွန်တော်အတွင်းဝန်မဖြစ်ခဲ့ဘဲ ညွှန်ကြားရေးမှူးချုပ်အဖြစ်သာ တာဝန်ယူခွင့်ရခဲ့ပါတယ်။

**ပြည်သူ့အုပ်ချုပ်ရေးယန္တရားမှာ ကွက်လပ်ကြီးတစ်ခုရှိတာကို ကျွန်တော်သတိထားမိတယ်။ ပုဂ္ဂလိကကုမ္ပဏီတွေမှာ လူ့စွမ်းအားအရင်းအမြစ်ဌာန (Human Resources Department )တွေ ဖွဲ့စည်းထားတယ်။ အုပ်ချုပ်ရေး (Administration) နဲ့ခွဲခြားပြီး ဖွဲ့ထားတာ။ အစိုးရရုံးမှာတော့ ယခုလို မဟုတ်ဘဲ ဝန်ထမ်းရေးရာဆိုပြီး အုပ်ချုပ်ရေးဌာနအောက်မှာ ထားတယ်။ အခုလိုဖြစ်နေတာဟာ အုပ်ချုပ်ရေးရဲ့ အခြေခံအားနည်းချက်ဖြစ်တယ်။ ဝန်ထမ်းတွေကို ကိုင်တွယ်ရာမှာ အုပ်ချုပ်ရေးအမြင်နဲ့ဆောင်ရွက်လို့ မရပါဘူး။ ဝန်ထမ်းများကို ပြုစုပျိုးထောင်အားပေး အသိအမှတ်ပြုချီးကျူးတဲ့ လုပ်ငန်းစဉ်တွေကို ဖော်ထုတ်ရမှာဖြစ်တယ်။ ဒါကိုအုပ်ချုပ်ရေးဌာနကိုတာဝန်လွှဲလို့မဖြစ်ပါဘူး။ သီးခြားရပ်တည်တဲ့ HR ဌာန ရှိရမှာဖြစ်တယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကရရှိလာတဲ့ ရလဒ်တွေဟာ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင် ရေးဆွဲရာမှာအလွန်အကျိုးရှိမှာဖြစ်ပါတယ်။ စဉ်းစားရမယ့်၊ ထည့်တွက်ရမယ့်အချက်အလက်တွေ အများကြီး ရရှိခဲ့ပါတယ်။**

**ဝန်ထမ်းတွေကိုကိုင်တွယ်ရာမှာ အုပ်ချုပ်ရေး အမြင်နဲ့ဆောင်ရွက်လို့မရပါဘူး။ ဝန်ထမ်းများကို ပြုစုပျိုးထောင်အားပေး အသိအမှတ်ပြု ချီးကျူး တဲ့လုပ်ငန်းစဉ်တွေကို ဖော်ထုတ်ရမှာဖြစ်တယ်**

## ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းလွဲမရောက်စေရေး အသိပညာပေးဆွေးနွေး

**ရန်ကုန် မေ ၃၁**

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းလွဲမရောက်စေရေး အသိပညာပေးဆွေးနွေးပွဲကို မေ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန် (၁)ရှိ ကနောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်က အမှာစကားပြောကြားပြီး ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်ခင်မြတ်သူ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်ရူပါစိုး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းလွဲမရောက်စေရေး အသိပညာပေးဆွေးနွေးကြပြီး တက်ရောက်လာကြသည့် စက်ရုံအလုပ်ရုံ လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ရွှေတိဂုံပုံတူမဟာကနကရွှေစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပ



**မြဝတီ မေ ၃၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်ရှိ သီဟာသန ကုန်းတော်ပေါ်တွင် တည်ထား ကိုးကွယ်လျက်ရှိသည့် ရွှေတိဂုံပုံတူ မဟာကနကရွှေစေတီ တော်မြတ်၏ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်န်းတော် ကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို မေ ၃၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံဆင့်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါစေတီတော်ကြီး တည်ထားရာ ကုန်းတော်မှာ ၅၇ ပေခန့် မြင့်ပြီး စေတီတော်ကြီး၏ ဉာဏ်တော်မှာ ၁၂၂ ပေ အမြင့်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

# သာသနဓဇဓမ္မာစရိယဘွဲ့ ရရှိတော်မူသော သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်အား ဂုဏ်ပြုပူဇော်



နေပြည်တော် မေ ၃၁

**နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် သဒ္ဓမ္မဝေပုလ္လစာသင်တိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တစာရိတ္တအား သာသနဓဇဓမ္မာစရိယ ဘွဲ့ရရှိတော်မူခြင်းကို ဂုဏ်ပြုပူဇော်သောအားဖြင့် ဓမ္မာစရိယ ဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ စာသင်တိုက်၌ ကျင်းပသည်။**

အခမ်းအနားတွင် သာသနဓဇ ဓမ္မာစရိယဘွဲ့ရရှိတော်မူသည့် ဘဒ္ဒန္တစာရိတ္တ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ပြီး ဓမ္မာစရိယအောင်လက်မှတ်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်၍ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရား နာကြားပြီး ရေစက်သွန်းချအမျှဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရှိရသည်။

**သန်းဦး-လေးမျက်နှာ**

# ကချင်ပြည်နယ် မိုးမောက်၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

**မိုးမောက် မေ ၃၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၈ ရက် နံနက်က အထက မိုးမောက်ကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးထွန်းရီက ကျောင်းအပ်နှံရေးဆောင်ရွက်ချက်နှင့် ပညာရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြည်ပကုမ္ပဏီများ၏ ကုန်ပစ္စည်းရောင်းချမှုများအပေါ် ကန့်သတ်ထားမှုအများစုကို ရုပ်သိမ်း

**မြန်မာအစိုးရအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ ပြည်ပကုမ္ပဏီများအပေါ် ကန့်သတ်ချက်အများစုကို ရုပ်သိမ်းမည်ဖြစ်ရာ ပြည်ပကုမ္ပဏီများသည် ၎င်းတို့၏ထုတ်ကုန်များကို မြန်မာနိုင်ငံအနှံ့ရောင်းချခွင့်ရရှိတော့မည်ဖြစ်ကြောင်း ဂျပန်သတင်းဌာနတစ်ခု၏ ထုတ်ပြန်ချက်အရသိရသည်။**

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက မေ ၂၇ ရက်၌ ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး ပြည်ပကုမ္ပဏီများအတွက် အဓိကအဟန့်အတားဖြစ်စေသည့် ဖော်ပြပါကန့်သတ်ချက်များကို ရုပ်သိမ်းလိုက်ကြောင်း ဆိုသည်။ ပြည်ပကုမ္ပဏီများသည် ယခင်က ကန့်သတ်ချက်များကြောင့် ပြည်တွင်း၌ ကုန်ပစ္စည်းထုတ်လုပ်ခြင်း(သို့)ပြည်တွင်းကုန်သည်များသို့ ကုန်ပစ္စည်းရောင်းချခြင်းကို ရောင်းပြီးငွေချေစနစ်ဖြင့် မဖြစ်မနေလုပ်ဆောင်ခဲ့ရသည်။ ယင်းအချက်ကပင် ယှဉ်ပြိုင်ခွင့်အပေါ် များစွာထိခိုက်စေပါသည်။ အကြောင်းမှာ မြန်မာနိုင်ငံသည် ကုန်ပစ္စည်းထုတ်လုပ်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ လုံလောက်မှုမရှိခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီကြီးအချို့လောက်သာ ထုတ်ကုန်များကို နိုင်ငံအနှံ့ ကမ်းလှမ်းမှု ပြုလုပ်နိုင်ကြသည်။

ယခုထုတ်ပြန်လိုက်သောကြေညာချက်ကြောင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ ကုမ္ပဏီများအနေဖြင့် လက်ကားသွင်းကုန်ပစ္စည်းများအား မြန်မာနိုင်ငံအနှံ့ ရောင်းချခွင့်ရတော့မည်ဖြစ်သည်။ ထို့အတူ ၎င်းတို့၏ ထုတ်ကုန်များအပြင် အခြားကုမ္ပဏီများထံမှဝယ်ယူသော ကုန်ပစ္စည်းများပါ အတိုင်းအတာတစ်ခုထိ ရောင်းချနိုင်မည်ဖြစ်သည်။

အစိုးရအနေဖြင့် ပြည်ပကုမ္ပဏီများအပေါ် ကန့်သတ်ချက်များကို လိုအပ်သလို ရုပ်သိမ်းပေးခဲ့သော်လည်း ပြည်တွင်းကုမ္ပဏီများကို အကာအကွယ်ပေးသည့်အနေဖြင့် လက်လီရောင်းချမှုဆိုင်ရာ စည်းကမ်းချက်များ ထားရှိနေဆဲပင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် သီလဝါအထူးစီးပွားရေးဇုန်သို့ ပြည်ပကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဂျပန်ပုဂ္ဂလိကနှင့် ပြည်သူပိုင်ကုမ္ပဏီများမှာ သီလဝါစီမံကိန်းတွင် ပါဝင်နေကြပြီး မီဆူဘီရှိကုမ္ပဏီနှင့် အခြားကုမ္ပဏီကြီးနှစ်ခုအပါအဝင် ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သော မြန်မာ-ဂျပန်သီလဝါဖွံ့ဖြိုးရေးကုမ္ပဏီမှာ လျှပ်စစ်ဓာတ်အား၊ ရေဖြန့်ဖြူးရေးအဆောက်အအုံများပါဝင်သည့် ကြီးမားသောစက်မှုဇုန်တစ်ခုကို ဖော်ဆောင်လျက်ရှိသည်။ ယင်းစက်မှုဇုန်တွင် စားသောက်ကုန်လုပ်ငန်း၊ အဝတ်အထည်နှင့် အခြားသောကုမ္ပဏီ ၄၀ ကျော် လုပ်ငန်းလည်ပတ်မည်ဖြစ်ပြီး အများစုမှာ ဂျပန်နိုင်ငံမှ ကုမ္ပဏီများဖြစ်ကြောင်း သိရသည်။

**ကျော်သဲအိမ် (Nikkei Asia Review)**

# ခရီးသွားလာမှုလွယ်ကူစေရန် လမ်းများတိုးချဲ့ဆောင်ရွက်ရန် လိုအပ်နေ

**သထုံ မေ ၃၁**

မွန်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းကွန်ရက်များကို ဆောင်ရွက်ပေးလျက်ရှိရာ သထုံမြို့နယ်အတွင်းရှိ သိမ်ဆိပ်-ဝီယော်၊ ပိန္နဲတော၊ လေးကေလမ်းပိုင်း၊ သိမ်ဆိပ်-ဝီယော်-သုံးအိမ်စု-ကြာပန်းလမ်းပိုင်း၊ သိမ်ဆိမ်-ဝီယော်-ချောင်းစောင့်လမ်းပိုင်းများကြောင့် ပြည်သူများခရီးသွားလာမှု အခြေအနေ တိုးတက် ကောင်းမွန်လာသည်ကို တွေ့ရသည်။ ကတ္တရာလမ်းခင်းကျင်းပြီးစီးမှုမှာ ကတ္တရာခင်းပြီး ၂၃ မိုင်၊ အမာခံကျောက်ခင်းလမ်း ၁၀ မိုင် ပြီးစီး၍ သိမ်ဆိပ် -လေးကေလမ်းပိုင်းသည် ၃၅ မိုင် ၆ ဖာလုံရှိသည်။ ကတ္တရာလမ်း၏ အကျယ်မှာ ၁၂ ပေသာရှိသောကြောင့်သိမ်ဆိပ်-ဝီယော်-သုံးအိမ်စု-ကြာပန်း-သထုံလမ်းပိုင်းသည် မော်တော်ယာဉ်အဝင်အထွက် ပိုမိုများပြားလာခြင်းကြောင့် လမ်းတိုးချဲ့ဆောင်ရွက်ရန် လိုအပ်လာသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း သိမ်ဆိပ်-ဝီယော်-လေးကေလမ်းပိုင်းကို ပြီးစီးအောင် ဆောင်ရွက်နေရာ မကြာမီ ကရင်ပြည်နယ် ဖာပွန်မြို့သို့ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# မွန်ပြည်နယ် (၁၀) မြို့နယ်မှ အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံရသည့် ရေလုပ်သားများ ပြန်လည်ရောက်ရှိ

**မော်လမြိုင် မေ ၃၁**

အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံရသည့် ရေလုပ်သားများသည် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ပြန်လည် ရောက်ရှိလာကြပြီး မော်လမြိုင်မြို့ စမ်းကြီးလူငယ်သင်တန်းကျောင်း၌ ယာယီလက်ခံစောင့်ရှောက်ထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံရသည့် ရေလုပ်သား ဒုက္ခသည်များသည် မော်လမြိုင်မြို့သို့ တတိယအသုတ်အဖြစ် ပြန်လည်ရောက်ရှိခဲ့ရာ ရေးမြို့နယ်မှ ၁၃ ဦး၊ သံဖြူဇရပ်မြို့နယ်မှ ခြောက်ဦး၊ ပေါင်မြို့နယ်မှ ငါးဦး၊ မော်လမြိုင်မြို့နယ်မှ လေးဦး၊ ချောင်းဆုံမြို့နယ်မှ လေးဦးတို့သည် မေ ၂၉ ရက် ညနေ ၅ နာရီက မော်လမြိုင်မြို့သို့ ရောက်ရှိလာကြပြီး မော်လမြိုင်လူကုန်ကူး ရဲတပ်ဖွဲ့ဝင်များက မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် သက်ဆိုင်ရာ (၁၀) မြို့နယ်အုပ်ချုပ်ရေးမှူးများက လာရောက်ခေါ်ယူ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စတုတ္ထ အသုတ်အဖြစ် မွန်ပြည်နယ်သို့ ဇွန် ၃ ရက်တွင် ၃၅ ဦး ထပ်မံရောက်ရှိမည်ဖြစ်ကြောင်းနှင့် ထိုသို့ ရောက်ရှိလာကြသော ရေလုပ်သားဒုက္ခသည်များကို မြို့နယ်အုပ်ချုပ်ရေးမှူးများက လာရောက်ခေါ်ယူ၍ မိဘများထံပြန်လည် အပ်နှံမည်ဖြစ်ကြောင်း၊ စမ်းကြီးလူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမိုးဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**(လ/၀၁၂)**

# ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ

❖ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုရလဒ်များမှ ဖော်ထုတ်ရရှိခဲ့သော သန်းခေါင်စာရင်းမှ ညွှန်းဆိုသည့် မြန်မာ့ပုံရိပ်အကျဉ်းချုပ်-

*(ယမန်နေ့မှအဆက်)*

**လူမှုရေးဆိုင်ရာဝိသေသလက္ခဏာများ**

❖ အိမ်ထောင်ရှိသူအမျိုးသားအချိုးသည် အိမ်ထောင်ရှိသူ၊ အမျိုးသမီးအချိုးထက် ပိုမိုများပြားသည်။ အိမ်ထောင်မပြုသည့် အမျိုးသမီးများစွာရှိနေပြီး မုဆိုးမအချိုးမှာ ၁၀ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး မုဆိုးဖိုအချိုးသည် ၃ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

❖ အမျိုးသမီးများသည် အမျိုးသားများထက်စော၍ မုဆိုးမဖြစ်ကြပြီး မုဆိုးဖို/မုဆိုးမအဖြစ်ရောက်ရှိသည့် အသက်သည် အမျိုးသမီးများအတွက် အသက် ၃၅ နှစ်မှ အသက် ၄၀ နှစ်အတွင်းဖြစ်ပြီး အမျိုးသားများအတွက် အသက် ၅၅နှစ်ဖြစ်သည်။ အိမ်ထောင်ရှိ အမျိုးသမီးအချိုးသည် အသက် ၃၅ နှစ်မှ ၃၉နှစ်ကြားတွင် အမြင့်ဆုံးဖြစ်ပြီး အိမ်ထောင်ရှိသူ အမျိုးသားအချိုးသည် အသက် ၄၅ နှစ်မှ ၄၉နှစ်ကြားတွင် အမြင့်ဆုံးဖြစ်သည်။

**ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များ**

❖ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုရွှေ့ပြောင်းသွားလာကြသည်။ အမျိုးသမီးအများစုမှာ မိသားစုနောက်လိုက်ပါရန် ပြောင်းရွှေ့ကြခြင်းဖြစ်ပြီး အမျိုးသားများကမူ အလုပ်ကြောင့် (သို့) အလုပ်ရှာရန်အတွက် ပြောင်းရွှေ့နေကြခြင်းဖြစ်သည်။

❖ ပြည်ပပြောင်းရွှေ့သွားလာခြင်းတွင် နိုင်ငံခြားသို့ရောက်နေသော အိမ်ထောင်စုဝင်များ၏ ၆၁ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ကြသည်။ နိုင်ငံခြားသို့ရောက်နေသော အိမ်ထောင်စုဝင်အများစုသည် မွန်၊ ကရင်၊ ရှမ်းပြည်နယ်တို့မှဖြစ်သည်။

❖ နိုင်ငံခြားသို့ရောက်ရှိနေသူ အများစုမှာ အသက် (၁၅)နှစ်မှ (၃၉)နှစ်အတွင်း လူငယ်လူရွယ်များဖြစ်ကြသည်။

❖ နိုင်ငံခြားသို့ရောက်နေသော ၇၀ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံတွင်ရောက်ရှိနေထိုင်လျက်ရှိကြောင်း တွေ့ရှိရသည်။

**ပညာရေးအခြေအနေ**

❖ အသက် (၁၀)နှစ်အထက် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ၉၀ ဒသမ ၂ ဖြစ်၍ အသက် ၁၅နှစ်နှင့် အထက် စာတတ်မြောက်မှုရာခိုင်နှုန်းသည် ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ စာတတ်မြောက်မှုနှုန်းအမြင့်ဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်၍ ၉၇ ရာခိုင်နှုန်းဖြစ်သည်။ ရှမ်းပြည်နယ်သည် ၆၅ ရာခိုင်နှုန်းဖြစ်၍ အနိမ့်ဆုံးဖြစ်သည်။

❖ အမျိုးသားစာတတ်မြောက်မှုရာခိုင်နှုန်းမှာ အမျိုးသမီးစာတတ်မြောက်မှုရာခိုင်နှုန်းထက် ပိုမိုမြင့်မားနေကြောင်း တွေ့ရှိရသည်။

❖ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုရာခိုင်နှုန်းသည် အာဆီယံနိုင်ငံများ၏ ပျမ်းမျှစာတတ်မြောက်မှုရာခိုင်နှုန်းနှင့် တူညီမှုရှိသည်။

❖ အသက် (၅)နှစ်မှ (၂၉)နှစ်အတွင်း ကျောင်းတက်နေသူ အမျိုးသားနှင့် အမျိုးသမီးအချိုးတူညီပြီး ကျောင်းတက်ရောက် ပညာသင်ကြားမှုတွင် ကျား/မ ခွဲခြားမှုမရှိကြောင်း တွေ့ရှိရသည်။

**စီးပွားရေးဆိုင်ရာ ဝိသေသလက္ခဏာများ**

❖ မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သော အသက်အရွယ်ဖြစ်သည့် အသက် (၁၅)နှစ်နှင့် (၆၄)နှစ်ကြား လူဦးရေ၏ ၆၇ ရာခိုင်နှုန်းသည် လုပ်သားအင်အားစုတွင်ပါဝင်သည်။

❖ အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုးမှာ ၆၄ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်။

❖ အလုပ်လုပ်နိုင်သော လူဦးရေ၏ ၄ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့များဖြစ်ပြီး အထူးသဖြင့် အသက် (၁၅)နှစ်နှင့် (၂၉)နှစ်ကြား လူငယ်လူရွယ်များအတွင်း အလုပ်လက်မဲ့ ၇ ဒသမ ၇ ရာခိုင်နှုန်းရှိ၍ နိုင်ငံ၏ပျမ်းမျှအလုပ်လက်မဲ့နှုန်းထက် ပိုမိုများပြားလျက်ရှိသည်။

**မွေးဖွားခြင်းဆိုင်ရာ ကိစ္စရပ်များ**

❖ အမျိုးသမီးတစ်ဦး၏ စုစုပေါင်းကလေးမွေးနှုန်း (Total Fertility Rate TFR) သည် ၂ ဒသမ ၃ ဖြစ်၍ အိမ်ထောင်ကျဖူးသူ အမျိုးသမီးတစ်ဦး၏ စုစုပေါင်းကလေးမွေးနှုန်းမှာ ၄ ဒသမ ၀၃ ဖြစ်သည်။

❖ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးတစ်ဦး၏ စုစုပေါင်းကလေးမွေးနှုန်းသည် အရှေ့တောင်အာရှနိုင်ငံများ၏ ကလေးမွေးနှုန်းနှင့်တူညီသည်။ အရှေ့တောင်အာရှနိုင်ငံများ၏ ပျမ်းမျှစုစုပေါင်း ကလေးမွေးနှုန်းသည် ၂ ဒသမ ၅ ဖြစ်ပြီး မြန်မာနိုင်ငံ၏ပျမ်းမျှစုစုပေါင်း ကလေးမွေးနှုန်းသည် ၂ ဒသမ ၃ ဖြစ်သည်။

❖ မွေးနှုန်းအများဆုံးသည် ချင်းပြည်နယ်ဖြစ်ပြီး ၄ ဒသမ ၃၄ ရှိ၍ မွေးနှုန်းအနည်းဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး ၁ ဒသမ ၇၁ ဖြစ်သည်။

❖ အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်းရှိ အမျိုးသမီးများ၏ ကလေးမွေးနှုန်းများသည် မြို့ပြထက်ကျေးလက်တွင် ပိုမိုမြင့်မားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ-ဂျပန် စာတိုက်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် မေ ၃၁

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့်အဖွဲ့သည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား စာတိုက်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန်နှင့် စာတိုက်လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းများလေ့လာရန် မေ ၂၅ ရက်မှ ၃၀ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။**

ခရီးစဉ်အတွင်း တိုကျိုမြို့ ကာမာကူရာနှင့် ကျိုတိုမြို့များရှိ စာတိုက်ဝန်ဆောင်မှု လုပ်ငန်းများနှင့် ဆက်သွယ်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို သွားရောက်လေ့လာခဲ့သည်။

မေ ၂၆ ရက်တွင် ဂျပန်နိုင်ငံ၊ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ မြန်မာနှင့် ဂျပန်နှစ်နိုင်ငံအကြား စာတိုက်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို နှစ်ဖက်ဝန်ကြီးများက လက်မှတ်ရေးထိုးကြသည်။ **(ယာပုံ)** ကာမာကူရာစာတိုက်နှင့် ကျိုတိုမြို့ရှိ ကင်းကကုချိစာတိုက်များတွင် စာတိုက်ဝန်ဆောင်မှုများအပြင် ပြည်သူများ၏ အခြားလိုအပ်ချက်များဖြစ်သည့် ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ သုံးစွဲသူ ဝန်ဆောင်မှုလုပ်ငန်းများ ဝန်ဆောင်မှုပေးနေခြင်းကို ကြည့်ရှုလေ့လာခဲ့သည်။ ဆက်လက်၍ တိုကျိုမြို့ရှိ Hitachi Company ၏ မြန်မာ့စာတိုက်လုပ်ငန်း၌ ငွေပို့လွှာလုပ်ငန်းကို လက်ရှိ Fax ဖြင့် အသုံးပြုနေရာမှ Online Money Order System Software ဖြင့် ပိုမိုလုံခြုံ၊ လျင်မြန်၊ ထိရောက်စွာ အသုံးပြုနိုင်ရေးလုပ်ငန်းစဉ်များအား လေ့လာဆွေးနွေးသည်။

ဆက်သွယ်ရေးကဏ္ဍတွင် NEC Company က ဆောင်ရွက်လျက်ရှိသော Cyber Security factory ကို သွားရောက်ပြီး Cyber Attack တိုက်ခိုက်ခံနေရမှုများကို ထိန်းချုပ်ရေးဌာန ကစောင့်ကြည့်၍ ဖြေရှင်းဆောင်ရွက်ပေးနေမှုများ၊ ဂျပန်နိုင်ငံ၊ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ Radio လှိုင်းများ တရားမဝင်အသုံးပြုနေမှုများကို စိစစ်ရှာဖွေသည့် Mobile Test Vehicle မော်တော်ယာဉ်ကို နည်းပညာ အဆင့်မြှင့်တင်ထားမှုများ၊ KDDI Company မှ အဆောက်အအုံများပေါ်၌ ဆက်သွယ်ရေးတာဝါများ တပ်ဆင်ထားမှုနှင့် LTE ရေဒီယိုလှိုင်းများ၏ စွမ်းဆောင်ရည်များကို အဝေးမှနေ၍ စမ်းသပ်ကွပ်ကဲမှုများကို လေ့လာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Liberal Democratic Party မှ လွှတ်တော်ဆိုင်ရာ ဂျပန်-မြန်မာ ချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ဂျပန်-မြန်မာ ချစ်ကြည်ရေး အသင်းအဖွဲ့ဝင်များနှင့်လည်းကောင်း တွေ့ဆုံ၍ စာတိုက်လုပ်ငန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ ကဏ္ဍရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး မေ ၃၀ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။



**(မြန်မာ့အလင်း)**

# ခပေါင်းတံတားသစ်(ဒွေးလမ်း) တည်ဆောက်မှုလုပ်ငန်း ပြီးစီးတော့မည်

**နေပြည်တော် မေ ၃၁**

ရန်ကုန်-မန္တလေး ရထားလမ်း ခပေါင်းချောင်းကူးတံတားသစ်ကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးတော့မည်ဖြစ်ပြီး မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ရန်ကုန်-မန္တလေး ရထားလမ်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရာတွင် ရထားကြန့်ကြာခြင်းမရှိစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရန် ရထားလမ်းအဆင့်မြှင့်တင်ခြင်းများ ပြုလုပ်လျက်ရှိရာတွင် ခပေါင်းတံတားသစ်(ဒွေးလမ်း) တည်ဆောက်ရေး စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

"ကျွန်တော်တို့ ဒီခပေါင်းတံတား နှစ်လမ်းမောင်းစနစ် တည်ဆောက်ရေးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထဲမှာ အပြီးတည်ဆောက်ပြီး ဖွင့်လှစ်နိုင်အောင်ရည်ရွယ် ကြိုးစားလုပ်ဆောင်နေပါတယ်။ အခုလက်ရှိမှာ အားလုံးပြီးစီးတော့မှာပါ။ တံတားဆောက်လုပ်မှုအနေနဲ့ကတော့ ပြီးပါပြီ။ ရထားသံလမ်းထိပ်နှစ်ခုကို ချိတ်ဆက်ဖို့ပဲ ကျန်ပါတော့တယ်။ အရင်ကတော့ တံတားတစ်စင်းတည်းဆိုတော့ ရထားလမ်းအစုန်အဆန်နှစ်လမ်းလုံးကို တံတားဟောင်းတစ်စင်းတည်းကပဲ ဖြတ်နေရတော့ တစ်စင်းနဲ့တစ်စင်း ချိတ်ဆက်ပြီးမှ သွားရတယ်။ အခု တံတားသစ်ပြီးသွားရင် ရန်ကုန်-မန္တလေး အစုန်အဆန်ရထားတွေ ကြန့်ကြာမှုမရှိတော့ဘဲ သွားလာနိုင်တော့မှာပါ" ဟု မန်နေဂျာ(စစ်ဆေး) ဦးအောင်နိုင်က ပြောသည်။

ယခုလက်ရှိ တံတားသစ်သည် မူလတံတားဟောင်း၏ အရှေ့ဘက်ခြမ်းတွင်ရှိပြီး မန္တလေးဘက်မှ ရန်ကုန်ဘက်သို့သွားသည့် အစုန်လမ်းတွင်ပါကြောင်း၊ အဓိကအကျိုးကျေးဇူးအနေဖြင့် ရထားခရီးစဉ်များ နှောင့်နှေးကြန့်ကြာမှု မရှိတော့သည့်အတွက် ခရီးသည်များ သွားလာရာတွင် ပို၍ အဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး ရထားလမ်းပေါ်တွင် အဓိကတံတားများအဖြစ် မြစ်ငယ်တံတား၊ ခပေါင်းတံတားနှင့် ငမိုးရိပ်တံတားသုံးစင်းရှိပြီး ယခုအခါ ခပေါင်းတံတားနှင့်မြစ်ငယ် တံတားတို့ကို ဒွေးလမ်း(နှစ်လမ်း)သွားအဖြစ် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။ အဆိုပါ တံတားသစ်နှစ်စင်း ပြီးစီးသွားလျှင် ရန်ကုန်-မန္တလေးသို့ ရထားခရီးစဉ်များ နှစ်လမ်းမောင်းစနစ်ဖြင့် ကြန့်ကြာမှုမရှိဘဲ တိုက်ရိုက်ခုတ်မောင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုတည်ဆောက်သည့် ခပေါင်းတံတား(ဒွေးလမ်း) သည် အရှည် ၅၀၅ ပေ ခြောက်လက်မ၊ ခန်းဖွင့်အကျယ် ၉၅ ပေ သုံးလက်မ နှစ်ခန်း၊ ၁၀၅ ပေ တစ်လက်မ သုံးခန်း၊ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ် ၅၂ လုံးဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း ၁၂၀၀ ဒသမ ၀၀၀ ရှိကြောင်း သိရသည်။

**သတင်း**
**တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မမ**

# စဉ့်ကူးမြို့အဝင် ရေကာတာပေါင်ရိုးကို တုတ်ရိုက်မြေဖို့ ထိန်းသိမ်း

**စဉ့်ကူး မေ ၃၁**

စဉ့်ကူးမြို့၏အရှေ့ဘက် မြောက်မှတောင်သို့ ဂငယ်ပုံသဏ္ဌာန်ဝေ့ဝိုက်ကာ ရှေးလူတို့ မြေဖို့ကာရံ ဆောင်ရွက်ထားခဲ့သော အရှည်နှစ်မိုင်သုံးဖာလုံရှိ မြေသားရေကာတာပေါင်သည် စဉ့်ကူးမြို့၏ ရှေးကျပြီးအရေးပါသော မြို့ရိုးတစ်ခုဖြစ်ခဲ့သည်။ အဆိုပါမြို့ရိုးသည် စဉ့်ကူးမြို့အား ဧရာဝတီမြစ်ရေဝင်ရောက်မှုနှင့် မိုးတွင်းကာလ ရေကြီးရေလျှံမှုတို့မှ ကာကွယ်ပေးထားသည့်အတွက် စဉ့်ကူးမြို့ရှိ ရုံးဌာနအဖွဲ့အစည်းများ၊ မြို့သူမြို့သားများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထူးအရေးပါကြောင်း သိရသည်။

အဆိုပါ ရေကာမြို့ရိုးသည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ခြင်း၊ မြေသားခိုင်မာမှု မရှိတော့ခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှု အားနည်းလာခြင်းတို့ကြောင့် ၂၀၀၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ်၊ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် တာရိုးပေါက်ကာ ရေကြီးရေလျှံ မှုများဖြစ်ပေါ်ခဲ့ပြီး ရုံးဌာနများ၊ လူနေတိုက်တာအဆောက်အအုံများ နစ်မြုပ်ခဲ့ကာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုအခါ အဆိုပါ စဉ့်ကူးမြို့အတွက် အထူးအရေးပါသော အရှည်နှစ်မိုင် သုံးဖာလုံရှိ မြေသားတာပေါင်ရိုးကို ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် တာပေါင်ကြံ့ခိုင်ရေးတို့အတွက် ၂၀၁၃ ခုနှစ်မှစ၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၏ ဦးဆောင်မှု၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုတို့ဖြင့် တာပေါင်ကော်မတီများ ဖွဲ့စည်းပြီး ဒေသခံစေတနာရှင်အလှူရှင်များ၏ ထည့်ဝင်ငွေများဖြင့် အကျယ် ၁၂ ပေနှင့် အမြင့်ပေ ၂၀ ထိ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါ ရေကာတာပေါင်ရိုးသည် မေ ၁၈ ရက်နှင့် ၁၉ ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုတို့ကြောင့် မြို့အဝင်လမ်းဘေး ဝဲ/ယာအရှည်ပေ ၃၀၀ခန့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ အတွင်းရေးမှူး ဦးညီမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဦးကျော်တင့်၊ တာပေါင်ကော်မတီ ဦးအေးနှင့် တာဝန်ရှိသူများသည် မေ ၃၁ ရက်က ပြိုကျပျက်စီးသွားသော မြေသားတာပေါင်ကို မျောတိုင်စိုက်တုတ်ရိုက် ဝါးကပ်များ ကာရံကာ ကျောက်ချမြေဖို့ခြင်းလုပ်ငန်းများ မြစ်ရေမတက်ခင် ကြိုတင်ဆောင်ရွက်ခဲ့ကြသည်။



စဉ့်ကူးမြို့ကို မိုးတွင်းကာလ ရေကြီးရေလျှံမှု မဖြစ်ပေါ်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံရပ်ကွက်ပြည်သူများအနေဖြင့်လည်း မြို့ရိုးတာပေါင်အား ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြံ့ခိုင်ရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်**

# နယုန်လပြည့် မဟာသမယအခါတော်နေ့

ဝိသဇ္ဇက(ပဲခူး)

နယုန်လသည် နွေဥတုတွင်ပါဝင်ပြီး နွေရာသီကုန်ဆုံးရန် ၁၅ ရက်သာကျန်တော့သည်။ ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်ဟုဆိုရလောက်အောင် ပူလောင်ရာမှ နယုန်လရောက်လျှင် "နယုန်မိုးသေးမြက်သားမွေး" ဟု ဆိုသကဲ့သို့ မိုးသေးမိုးဖွဲများ ရွာသွန်းစပြုလေပြီ။ အနောက်တောင်အရပ်ဆီမှ တရိပ်ရိပ်တက်လာသော မိုးရိပ်မိုးတိမ်များနှင့်အတူ မိုးချုန်းသံများကို ကြားစပြုချေပြီ။

အပူဓာတ်များလျော့ပါးသက်သာလာပြီး စံပယ်ပန်းနှင့်မြတ်လေးပန်းတို့သည် နယုန်လမြတ်ကို ကြိုဆိုလိုက်ကြသည်။ ရွက်ညွန့်ကလေးများကြောင့် စိမ်းစိုလာကာ မြေသားပေါ်တွင် မြက်နုကမ္ဗလာခင်းလိုက်သလို စိမ်းစိုအေးမြလာသည်။ တောင်သူလယ်သမားတို့သည် ဝါဂွမ်း၊ ပြောင်း၊ နှမ်း၊ ဂျုံ၊ ပဲမျိုးစုံတို့ကို ကြဲကြသည်။ မျိုးစပါးများကို ပျိုးထောင်ကြသည်။ အညာဒေသတောရွာများ၏ ရှေ့မြင်ကွင်းတွင် စိမ်းလဲ့လဲ့ပျိုးခင်းများက ကျေးရွာအလှကို မွမ်းမံထားသည်။ အညာဒေသလယ်ယာ၏ သားပျို၊ သမီးပျိုတို့သည် အားမာန်ဝင့်လျက် ပျော်ပျော်ပါးပါးလယ်ယာတောသို့ ဝင်ရောက်ကြချိန်ဖြစ်သည်။

နယုန်မိုးသေးဟူသည် အခါခပ်သိမ်းမိုးသေးမဟုတ်ပေ။ တစ်ခါတစ်ရံ မြစ်ရေတိုး၊ ကွင်းရေလျှံသည်အထိ ရွာသွန်းတတ်သည်။ ထို့ကြောင့် မြစ်ချောင်းနားနေသူတို့အဖို့ ကြောက်မက်ဖွယ်မိုးပင် ဖြစ်တတ်ချေသည်။

"သူယုတ်၏သား၊ ရမ်းကားတတ်စွ၊ မိုက်မာန်နှင့်ဒေါသဟုန်ဟုန်၊ တဖျင့်သုန်ဖြင့်၊ နယုန် ရေရှူး၊ ရေဦးရေလွှင်၊ ရေသမင်သို့၊ လျင်လျင်ထုပ်ထုပ်၊ သိမ်းချုပ်မှတည်း၊ လိမ္မာနည်း၏" ဟူ၍ မာဃဒေဝလင်္ကာကြီး၌ သူယုတ်သူမိုက်တို့ဖြင့် ဥပမာနှိုင်းကာ နယုန်ရေရှူးဟု ပြဆိုခဲ့သည်။

မိုးသေးမိုးဖွဲ၊ ရေဦးရေရှူးတို့ဖြင့်အပြိုင် ပွင့်ငုံလေ့ရှိသော ရာသီပန်းမှာ "ပန်းယူထိကာ၊ သုမနာလည်း၊ သင်းစွာလှိုင်လေ၊ ကြိုင်လွင့်ကြွေလျက်" ဟူ၍ မင်းလှရာဇာကျော်ထင်က အဘိရုကပျို့တွင် ယုတိကာ ဇွန်ပန်း၊ သုမနာမြတ်လေးပန်းဆိုသော စံပယ်ပန်းအနွယ်ကို ရာသီပန်းအဖြစ် ထည့်သွင်း ဖွဲ့ဆိုထားသည်။

"． ． ． ．လနယုန်ကို နွေနယုန် မေထုန်ရက်မှာလ၊ နဘောဘုံ ရေမှုန်တက်ပါလို့၊ လေဟုန်စက် ထိန်ထိန်လွန်၊ ခြိမ့်ခြိမ့်သွန်ပါလို့ စွေကာသဲ၊ ခါပျော်ရန်၊ စာတော်ပြန် သဘင်ခန်းမှာလ၊ ဆင်မြန်းရန် ရဝေမယ်တို့၊ ငွေစံပယ် ငုံမြတ်လေးကိုတဲ့၊ ထုံးမင်မှာကုံးဆင်ဖို့၊ ရွေးကြလိမ့်၊ မွှေးတဲ့လပဲ" ဟူ၍ ဦးပြုံးချိုစပ်ဆိုခဲ့သည်။

စံပယ်ပန်းဟူသောအရေးအသားကို ကင်းဝန်မင်းကြီးက စပယ်ဟု ရေးသော်လည်း ယခုအခါ စံပယ်ဟူသော အရေးအသားကို အတည်ယူကြသည်။ စံပယ်ပန်းသည် ရှေးကနန်းတွင်းသူတို့ မြတ်နိုးကြသောပန်းဖြစ်ဟန်တူသည်။ ဖြူဆွတ်၍ လှပပြီးလျှင် ရနံ့သင်းသောကြောင့် စာဆိုတို့သည် ယင်းကိုခုံခုံမင်မင် ဖွဲ့နွဲ့ကြသည်။ ယနေ့တိုင်အောင်လည်း စံပယ်ပန်းကို အမြတ်တနိုးသုံးစွဲလျက်ပင်ရှိသည်။ စံပယ်ပန်းမှ စံပယ်ဆီကို ထုတ်ယူ၍ အမွှေးအကြိုင်ပစ္စည်းများကို ပြုလုပ်ကြသည်။ စံပယ်ပင်မှာ ချုံပင်ဖြစ်သည်။

စံပယ်ပန်းထက် ငုလေးပန်း မြတ်သည်ဟုလည်း ဆိုကြသည်။ ထို့ကြောင့် မြတ်လေးပန်းဟူ၍လည်း ရေးသားပြောဆိုကြသည်။ မုလေးအဖြူအနီဟူ၍ရှိရာ မုလေးအဖြူသည်သာလျှင် စံပယ်နှင့် မျိုးရင်းတူသည်။ မြတ်လေးအနီကို ရုက္ခဗေဒသဘောဖြင့် စိစစ်ကြည့်ရာ ယင်းသည် ကန်စွန်းနှင့် အမျိုးနွယ်သည်ဟုဆိုသည်။ မြတ်လေးပန်းသည် ဆေးဖက်ဝင်သည်။

နယုန်လဟူသော ဝေါဟာရ၏အနက်ကို ကြံဆရာ၌"နံ" သည်အချိန်ကာလကို ဟောသောပုဒ်ဖြစ်သည်။ "ယုန်" ဟူသော ဝေါဟာရ၏ ဇာစ်မြစ်ကို မြန်မာစကားနှင့် အနွယ်တူသော တိုင်းရင်းဘာသာစကားထဲတွင် လိုက်လံရှာဖွေကြည့်သောအခါ "ယုန်" ဟူသည် မိုးကိုလည်းကောင်း၊ စီးဆင်းခြင်းကိုလည်းကောင်း ဟောသည်ကိုတွေ့ရသည်။ ထို့ကြောင့် နယုန်လဟူသည် မိုးရွာသောလကို ဆိုလိုသည်ကို ပညာရှိများက ဖွင့်ဆိုထားသည်။

နယုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အဖို့ ငြိမ်းချမ်းရေးမှတ်တိုင်ကို စိုက်ထူနိုင်သော သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဖြစ်၏။ ဘုရားရှင်သည် ထိုနေ့၌ ကပိလဝတ်ပြည် မဟာဝုန်ကျောင်းတော်ကြီးအတွင်း "မဟာသမယသုတ်တော်"အား ဟောကြားတော်မူသည်ကို အကြောင်းပြု၍ "မဟာသမယအခါတော်နေ့" ပေါ်ပေါက်လာသည်။

ဗုဒ္ဓရှင်တော်ဂေါတမဟောကြားသည့် နှစ်ပြည်ထောင်စစ်ခင်းကြတော့မည့်ဆဲဆဲ ဘုရားရှင်၏ငြိမ်းချမ်းရေးတရားတော်များကို နာကြားရသည့်အတွက် နှစ်ပြည်ထောင်စစ်သည်များ ပြည်သူပြည်သားများ လက်နက်ကိုချ၍ ရင်းနှီးချစ်ကြည်စွာ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ကြသည့် "မဟာသမယအခါတော်နေ့" နှင့်ကြုံကြိုက်တိုက်ဆိုင်နေသည်မှာ ကြည်နူးဖွယ်ရာ၊ စိတ်ချမ်းမြေ့ဖွယ်ရာ၊ အားတက်ဖွယ်ရာဖြစ်ရသည်။

အိန္ဒိယနိုင်ငံတွင် တတိယမြောက် ဩက္ကာကမင်း၏ အဆက်အနွယ်များဖြစ်၍ ဆွေရင်းမျိုးရင်းများဖြစ်ကြသော သာကီဝင်မင်းမျိုးနှင့် ကောလိယမင်းမျိုးတို့သည် ကပိလဝတ်မြို့တော်နှင့် ကောလိယမြို့တော်တို့၏ အလယ်ကြား၌ စီးသွားသော ရောဟနီမြစ်ကို ပိတ်ဆို့ဆီးကာ၍ တာတမံတစ်ခုတည်းဖြင့် လယ်ယာစိုက်ပျိုးမှုပြုကြသည်။ တစ်ခါသော် မိုးခေါင်၍ ရေရှားပါးသဖြင့် မြစ်ရေကို အလုအယက်ယူငင်ကြကာ စိုက်ပျိုးကြရာတွင် အချင်းချင်းအငြင်းပွားကြရာမှ အစပြု၍ ဆွေချင်းမျိုးချင်း နှစ်ပြည်ထောင်မင်းတို့ စစ်ခင်းရသော အခြေသို့ ဆိုက်ရောက်လာသည်။

ထိုအကြောင်းကို မြတ်စွာဘုရားရှင်သည် မြင်တော်မူ၍ စူးစမ်းဆင်ခြင်တော်မူသော်"ဤရန်ပွဲကို စဲစေခြင်းငှာ နှစ်ပြည်ထောင်မင်းတို့သည် မင်းဆီမင်းသွေးဖြစ်သော မင်းလုလင်ပျို နှစ်ရာ့ငါးဆယ်တို့ကို ငါဘုရားအား ပေးလှူကုန်လတ္တံ့။ ထိုငါးရာသောမင်းလုလင်တို့ကို ရဟန်းပြုပေးရလတ္တံ့။ ထိုအခါ များစွာသော နတ်၊ ဗြဟ္မာတို့၏ အစည်းအဝေးကြီးဖြစ်လတ္တံ့."ဟု သဗ္ဗညုတဉာဏ်တော်ဖြင့် ထင်မြင်တော်မူသည်။

ဘုရားရှင်သည် သပိတ်သင်္ကန်းကိုယူတော်မူကာ နှစ်ဖက်စစ်သည်တို့ အလယ်အကြား ကောင်းကင်ထက်၌ ရောင်ခြည်တော် ခြောက်သွယ်ဖြင့် ထက်ဝယ်ဖွဲ့ခွေတင့်တယ်စွာ သီတင်းသုံးလျက် နှစ်ဖက်မျိုးနွယ်တို့သည် ဘုရားရှင်မျက်မှောက်၌ ထိုးခုတ်သတ်ဖြတ်ခြင်းသည် မသင့်လျော်ခြင်း အသိတရားရကြကာ လက်နက်တို့ကိုချကာ ဘုရားရှင်ကို ဦးညွှတ်ဝပ်ကျိုးရှိခိုးကြသည်။

ဘုရားရှင်သည် "မြေကြီးကို အစိုးရသောမင်းတို့သည် အဖိုးမတန်သော "ရေ"ဟူသောအကြောင်းကြောင့် တန်ဖိုးမဖြတ်နိုင်သောမင်းတို့ကို အဘယ်ကြောင့်ဖျက်ဆီးလိုကြသနည်း"ဟု ဆုံးမတော်မူသည်။

- ဝက်ဝံနှင့်ရုက္ခစိုးတို့ ရန်ငြိုးဖွဲ့မှား၍ နှစ်ဦးနှစ်ဖက်ပျက်စီးကြပုံ "ဒန္ဒနဇာတ်"
- မြေပြိုပါပြီဟု ထင်ကြေးဖြင့်ဟစ်အော်ထွက်ပြေးသော ယုန်တစ်ကောင်၏ စကားကိုယုံမှား၍ တိရစ္ဆာန်များအပြေးမှားပြီး ဆင်းရဲဒုက္ခရောက်ကြရပုံ "ဒုဒ္ဒုဘဇာတ်"
- အားသေးသောနှံစုတ်ငှက်မက အားကြီးသောဆင်ပြောင်ကြီးကို အနိုင်ယူဖူး၍ ရန်သူကိုအထင်မသေးသင့်ပုံ "လဋုကဇာတ်"
- ညီညွတ်စဉ်အခါက ရန်သူ၏ လက်မှ လွတ်မြောက်သော်လည်း စိတ်ဝမ်းကွဲ၍ အချင်းချင်းမညီညွတ်ဖြစ်သောအခါ ငုံးငှက်များ မုဆိုး၏ပိုက်ကွန်၌ အမိခံရပုံ"သမ္မောဒမာနဇာတ်"
- သက်မဲ့ဖြစ်သော သစ်ပင်များတစ်စုတစ်ဝေးတည်း တည်နေ၍ လေဘေးအန္တရာယ်မှ ကင်းဝေးနိုင်ပုံ "ရုက္ခဓမ္မဇာတ်"
- မိမိကိုယ်ကို ထိန်းသိမ်းဆုံးမရန် "အတ္တဒတ္တ" သုတ်ကိုထုတ်ဆောင်ဟောပြဆုံးမတော်မူသည်။

ဘုရားရှင်၏ တရားဒေသနာတော်ကို နာကြားရသောအခါ သာကီဝင်မင်းနှင့်ကောလိယမင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၍ ဘုရားကြွလာတော်မူခြင်းကြောင့် အသက်ချမ်းသာရာရကြသည်။ သွေးချောင်းစီးခြင်းမှ ကင်းရသည်ဟု သတိသံဝေဂရကြလေသည်။

အရှေ့လောကဓာတ်မှထွက်ပြူလာသော နယုန်မာသ ခါသမယ၏ လပြည့်ဝန်းသည်လည်း ဆီးနှင်းမြူတိမ်၊ သူရိန်မီးခိုး၊ ညစ်မျိုးဒေါသကင်းစင်လျက် ကြည်နူးနှစ်သိမ့်ဖွယ်ရှိချေ၏။ ဗုဒ္ဓုပ္ပာဒနဝခေတ်ဖြင့် တန်ဆာဆင်အပ်သော လောကကြီး၏ မွေ့လျော်ဖွယ်ကောင်းသည့်အဖြစ်တို့ ဖော်ပြလျက်ရှိလေပြီ။

ထိုအချိန်တွင် လောဘ၊ ဒေါသ စသော အညစ်အကြေးကင်းသည့် ရဟန္တာပေါင်းငါးရာခြံရံလျက် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ မြတ်ဘုရားသည်အလွန်တင့်တယ်စွာ စံနေတော်မူစဉ် မဟာဝုန်တောတစ်ခွင်ပတ်ဝန်းကျင်၌ တည်ရှိသမျှ နတ်အပေါင်းတို့သည် ချဉ်းကပ်ကာ လာကုန်ကြသည်။ ထိုအခါသည် နယုန်လပြည့်နေ့ညဖြစ်၍ မဟာဝုန်တောသည် တောပန်းရနံ့တို့ဖြင့် စိုပြည်လျက်ရှိနေသည်။

နတ်အပေါင်းတို့ "မြတ်ဘုရားထံမှောက်သို့ လာကြကုန်လော့။ ဘုရားဖူးခြင်း၊ တရားနာခြင်း၊ သံဃာတော်ကိုဖူးမြင်ခြင်းသည် များစွာသော အကျိုးကျေးဇူးရှိပါ၏" ဟုဟစ်အော်ကြွေးကြော်ကာ လာကြကုန်သည်။ အဆင့်ဆင့်ကြွေးကြော်ကုန်သော နတ်တို့၏ ယူဇနာသုံးသောင်းကျယ်ဝန်းသည့် မဟာဝုန်တောသည် ဇမ္ဗူဒိပ်ကျွန်း၊ ပုဗ္ဗဝိဒေဟကျွန်း၊ အပရဂေါယာနကျွန်း၊ ဥတ္တရကုရုကျွန်းနှင့်တကွ ကျွန်းငယ်နှစ်ထောင်မှစ၍ တစ်သောင်းသော စကြဝဠာတိုက်အတွင်းရှိ နတ်ဗြဟ္မာတို့ လာရောက်စုဝေးကြကုန်သည်။

စကြဝဠာတစ်ထောင်သည် သဟဿီလောကဓာတ်တစ်ခုမည်ပါသည်။ ထိုသဟဿီလောကဓာတ်ပေါင်း ၁၀ ကို "ဒသဟိ စလောကဓာတူဟိ"ဟု ပါဠိတော်လာရှိသည့်ပမာအားဖြင့် "အပ်" တို့ကိုထည့်ရာ အပ်ကျည်ခေါ်သော အပ်ဘူး၌ အကြားအလပ်အပြည့်တည်နေသောအပ်တို့ကဲ့သို့ ထိုစကြဝဠာတိုက်မှ ဗြဟ္မာပြည်သို့တိုင်အောင် နတ်ဗြဟ္မာတို့ဖြင့် အကြားအလပ်မရှိ ပြည့်ကျပ်တည်ရှိနေလေသည်။

ထိုစဉ်အခါက သုဒ္ဓါဝါသဗြဟ္မာကြီးလေးယောက်တို့သည် သမာပတ်ဝင်စား၍ နေကြသည့်အတွက် မဟာဝုန်တော၌ နတ်ဗြဟ္မာ အစည်းအဝေးဖြစ်သည်ကို မသိလိုက်ကြကုန်။ ထိုစဉ် နတ်ဗြဟ္မာအစည်းအဝေးကြီးရှိသည်ကို သိကြရသည်နှင့် တစ်ပြိုင်နက်တည်းအစည်းအဝေးကြီးကား အလွန်ကြီးကျယ်ခမ်းနားလှ၏။ ငါတို့ကား သမာပတ်ဝင်စားနေခြင်းကြောင့် ကျန်ရစ်ခဲ့ကုန်ပြီ။ ငါတို့လာရောက်ကြောင်းကို သိစေခြင်းငှာ မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးတော်တို့ကို ချီးကျူးထောမနာခြင်း အကျိုးနှစ်ပါးကိုပြီးစေနိုင်သော ဂါထာတစ်ပုဒ်စီကို ဖွဲ့သီကိုယ်တိုင်ကိုယ်ကျဂါထာဖြင့် သီကျူးရွတ်ဆိုကာ လျှောက်ထားကြသည်။ ထို့နောက် စကြဝဠာ၏ အထက်ထိပ်ဖျားအရပ်၌ နေရာယူကြသည်။

"ချစ်သားရဟန်းတို့ ငါဘုရားနှင့်တကွ ရဟန္တာအပေါင်းတို့အား ဖူးမြော်ရန်အလို့ငှာ နတ်အပေါင်းတို့စုဝေးရောက်လာကြကုန်၏။ ချစ်သားတို့လွန်ခဲ့ပြီးသော ကာလများက များစွာသောပူဇော်အထူးကို ခံထိုက်သော ဘုရားရှင်တို့လက်ထက်တော်ကလည်း ဤသို့လျှင် နတ်အပေါင်းတို့စုရုံးရောက်လာကြသည်သာဖြစ်သည်။ ချစ်သားတို့ နောင်လာလတ္တံ့သောအခါတွင်လည်း ပူဇော်ခြင်းအထူးကို ခံထိုက်တော်မူထိုက်သည့် အတုမရှိသော ဘုရားရှင်တို့ပွင့်တော်မူကြဦးမည်။ ထိုဘုရားရှင်တို့လက်ထက်တွင်လည်း ဤလလျှင်နတ်အပေါင်းတို့ စုရုံးရောက်လာကြပြီး တရားတော်ကိုနာယူကြဦးမည်ဖြစ်သည်။

ဤနတ်ဗြဟ္မာ အစည်းအဝေးကြီးတွင် မြတ်ဘုရားသည် နတ်ဗြဟ္မာအပေါင်းတို့ စိတ်ကြည်နူးချမ်းသာစေရန် ရှေးဦးပရိကံအနေအားဖြင့် ရဟန်းပရိသတ်နှင့် နတ်ဗြဟ္မာပရိသတ်ကို မိတ်ဆက်ပေးသည်အလား"မဟာသမယသုတ်" ကြီးကို ဟောကြားတော်မူသည်။

ထိုသုတ်များကို ဟောကြားပြီးအဆုံး၌ ရဟန္တာဖြစ်သော နတ်ဗြဟ္မာအပေါင်း တစ်ကုဋေ့ရှိကြသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ကြသော နတ်ဗြဟ္မာတို့သည် မရေမတွက်နိုင်အောင် များပြားကြောင်း ကျမ်းဂန်များ၌လာရှိသည်။

ဤသို့အတိုင်းမသိများပြားလှစွာ နတ်ဗြဟ္မာအပေါင်းတို့စုံလင်စုဝေးကြသောအခါတွင် မြတ်ဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်းတို့အား မည်သည့်အရပ်မှမည်မျှသော နတ်များလာရောက်ကြသည်စသည်ဖြင့် ကြေညာတော်မူသည်။ ယင်းသို့ ကြေညာတော်မူသည့်စကားတော်ကို "မဟာသမယသုတ်" ဟူ၍ သင်္ဂါယနာတင်ထားခဲ့သည်။

"မဟာ"သည်ကြီးကျယ်ခြင်း၊ မြင့်မြတ်ခြင်းဖြစ်၍ "သမယ"သည် အချိန်အခါဖြစ်လေသည်။ ထို့ကြောင့် မဟာသမယဟူ၍ တင်စားခေါ်ဝေါ်လာခဲ့ခြင်းသည် နတ်ဗြဟ္မာအပေါင်း၏ ကြီးကျယ်မြင့်မြတ်သော အစည်းအဝေးအချိန်အခါဟု အနက်ရလေသည်။

> နယုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အဖို့ ငြိမ်းချမ်းရေးမှတ်တိုင်ကို စိုက်ထူနိုင်သော သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဖြစ်။
>
> ဘုရားရှင်သည် ထိုနေ့၌ ကပိလဝတ်ပြည် မဟာဝုန်ကျောင်းတော်ကြီးအတွင်း "မဟာသမယသုတ်တော်"အား ဟောကြားတော်မူသည်ကို အကြောင်းပြု၍ "မဟာသမယအခါတော်နေ့" ပေါ်ပေါက်လာ။

# မြန်မာ့ရေဒီယိုမီဒီယာကဏ္ဍအတွက် မှတ်တိုင်သစ်တစ်ခု

ဇေယျာ(မြန်မာ့အသံ)

ပြီးခဲ့တဲ့ ရက်သတ္တပတ် ညနေခင်းတစ်ခုမှာ မန္တလေး FM က ထုတ်လွှင့်တဲ့ မင်္ဂလာညနေခင်းပါအစီအစဉ်အတွက် တိုက်ရိုက်တွေ့ဆုံမေးမြန်းခန်းတစ်ခုကို ဖြေဆိုဖို့စောင့်ဆိုင်းရင်း ဖော်ရွေပျူငှာတဲ့ FM က ဝန်ထမ်းတွေနဲ့ ရေဒီယိုအစီအစဉ် ထုတ်လွှင့်မှုနဲ့ ပရိသတ်နားဆင်မှုအကြောင်း အနည်းငယ်ဆွေးနွေးဖြစ်ပါတယ်။ အစီအစဉ်က သတ်မှတ်ချိန်အတိအကျမှာ တိုက်ရိုက်ထုတ်လွှင့်နေတဲ့ စတူဒီယိုခန်းထဲကိုဝင်ပြီး အစီအစဉ်တင်ဆက်နေတဲ့သူတွေနဲ့အတူ အကြောင်းအရာအလိုက် တိုက်ရိုက်ပဲဆွေးနွေးပြောဆိုရတာဖြစ်ပါတယ်။ ထုံးစံအတိုင်း ရေဒီယိုလောကမှာ ကျင်လည်နေရတဲ့သူဆိုတော့ ကျွန်တော်ဆွေးနွေးပေးရမယ့်အကြောင်းအရာကလည်း ရေဒီယိုနဲ့ပတ်သက်တဲ့ ကိစ္စပါပဲ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက စီစဉ်ကျင်းပတဲ့ ABU Radio Asia 2015 Conference နဲ့ Radio Song Festival တွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမယ့် အခြေအနေတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးတာပါ။

သတ်မှတ်ချိန်မှ ပါဝင်ဆွေးနွေးဖို့ ကြိုတင်ရောက်ရှိ စောင့်ဆိုင်းနေစဉ်မှာပဲ ထုံးစံအတိုင်း ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုအခြေအနေနဲ့ ယာဉ်မတော်တဆမှုအခြေအနေတွေကို ရေဒီယိုနားဆင်သူ သောတရှင်ပရိသတ်တွေက ဖုန်းဆက်သတင်းပေးပို့မှုတွေကို မျက်မြင်တွေ့ရှိနေရပါတယ်။ ရေဒီယိုအစီအစဉ်တင်ဆက်သူတွေရဲ့ အချိန်ကိုက်လှုပ်ရှားမှုနဲ့ ပရိသတ်နဲ့ အပြန်အလှန်ထိတွေ့တင်ဆက်မှု (Interactive approach) တွေကိုကြည့်ရင်း မီဒီယာရေစီးပြောင်းလဲလာမှုတွေကို မသိစိတ်က တွေးတောဆင်ခြင်မိပါတယ်။ တိုးတက်လာတဲ့ မော်တော်ယာဉ်အရေအတွက်နဲ့အပြိုင် ရေဒီယိုနားဆင်သူအရေအတွက် မြင့်တက်လျက်ရှိတဲ့ ရန်ကုန်မြို့မှာ ပုဂ္ဂလိက FM တွေရဲ့ အစီအစဉ်ကောင်းများ အပြိုင်အဆိုင်ထုတ်လွှင့်နေမှုတွေဟာ ပြီးခဲ့တဲ့ သုံး၊ လေးနှစ်အတွင်း ရေဒီယိုရဲ့ ပရိသတ်ဆွဲဆောင်နိုင်မှုနဲ့ ထိုးဖောက်နိုင်စွမ်းကို ထပ်လောင်းအားဖြည့်ပေးလျက်ရှိနေပါတယ်။ အထူးသဖြင့် အစိုးရသစ်လက်ထက် ကျယ်ပြန့်ဖွံ့ဖြိုးလာတဲ့ ပုဂ္ဂလိက FM လိုင်းတွေရဲ့ ဝန်ဆောင်မှုတွေကြောင့် ပြည်သူတွေရဲ့ သတင်းသိပိုင်ခွင့်နဲ့ ရွေးချယ်အသုံးပြုပိုင်ခွင့်တွေကို ပိုမိုဖန်တီးပေးလာတာကို မျက်မြင်တွေ့ရှိနေရပါတယ်။ မြန်မာနိုင်ငံရဲ့ ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ DW Akademie အပါအဝင် နိုင်ငံတကာရုပ်သံလွှင့်အဖွဲ့အစည်းတွေရဲ့ ၂၀၁၄ ခုနှစ်အတွင်း အလွတ်သဘော စစ်တမ်းကောက်ယူမှုတွေကို MSR နဲ့ ပူးပေါင်းပြုလုပ်ခဲ့တဲ့ စစ်တမ်းတွေအရ နိုင်ငံသားတွေရဲ့ မီဒီယာအသုံးပြုမှုဟာ မြင့်တက်လျက်ရှိပြီး လွန်ခဲ့တဲ့နှစ်နှစ်၊ သုံးနှစ်က ရေဒီယိုနားထောင်သူပရိသတ် ၄၀ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ စစ်တမ်းကောက်ယူခဲ့ရာမှာတော့ ၄၄ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း ဖော်ပြထားတာကိုတွေ့ရပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ ရေဒီယို Industry မှာ ပုဂ္ဂလိက FM တွေ ပေါ်ပေါက်လာပြီးနောက်ပိုင်း ရုပ်သံထုတ်လွှင့်သူတွေရဲ့အရည်အသွေးနဲ့ content ပိုင်းဆိုင်ရာ ပြိုင်ဆိုင်မှု တိုးတက်လာတဲ့နည်းတူ တစ်ဖက်မှာလည်း အင်တာနက်၊ မိုဘိုင်းဖုန်းနဲ့ မော်တော်ကားစတဲ့ infrastructure ပိုင်းနဲ့ မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲဖြစ်ထွန်းတိုးတက်မှုတွေရဲ့ နောက်ဆက်တွဲကြောင့်လည်း ဒီလို သောတရှင်အရေအတွက် မြင့်တက်ခဲ့တာဖြစ်တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။

ဒီစစ်တမ်းရဲ့အဆိုအရ ပြီးခဲ့တဲ့နှစ်တွေအတွင်း မြန်မာပြည်သူတွေရဲ့ မီဒီယာအသုံးပြုမှုဟာ သိသိသာသာမြင့်တက်ခဲ့ပြီး လျှပ်စစ်မီးပိုမိုတိုးတက်ရရှိလာမှုနဲ့ အထူးသဖြင့် TV နဲ့ mobile internet တို့လို အများစုရဲ့ ဝင်ငွေနဲ့ လက်လှမ်းမီလာတဲ့ မီဒီယာပစ္စည်းတွေကြောင့် အခုလိုမီဒီယာအသုံးပြုမှုတွေ မြင့်တက်လာတာလို့ ဆိုပါတယ်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာနေတဲ့ ပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာ၊ TV channels နဲ့ အင်တာနက်စာမျက်နှာများကလည်း ပြည်သူတွေအတွက် ရွေးချယ်ပိုင်ခွင့် ပိုမိုတိုးတက်ရရှိစေခဲ့ကြောင်းနဲ့ အဲဒီထဲကမှ အသက် ၃၉ နှစ်အောက် ပရိသတ်တွေရဲ့ ၇၅ ရာခိုင်နှုန်းဟာ နေ့စဉ်အင်တာနက် Online အသုံးပြုလျက်ရှိကြတယ်လို့ စစ်တမ်းက ဆိုပါတယ်။ ဒါ့အပြင် သက်ကြီးပိုင်းပရိသတ်တွေနဲ့ ကျေးလက်ဒေသမှာနေထိုင်တဲ့ ပြည်သူတွေအတွက် ရေဒီယို ပင်မသတင်းအချက်အလက်ဖြန့်ဝေရာ မီဒီယာတစ်ခုအနေနဲ့ ရှိနေဆဲဖြစ်ကြောင်းနဲ့တစ်ဖက်မှာလည်း မြို့ပြဒေသတွေမှာ ကားနဲ့ မိုဘိုင်းဖုန်းတွေ အသုံးပြုမှုများလာတဲ့အတွက် ရေဒီယိုအသုံးပြုမှုဟာလည်း သိသိသာသာမြင့်တက်လာခဲ့တယ်လို့ ဆိုပါတယ်။ မြို့ပြနေ နားဆင်သူပရိသတ်အများစုက မော်တော်ယာဉ်အသုံးပြုနေတဲ့အချိန် သို့မဟုတ် မိုဘိုင်းဖုန်းတွေကတစ်ဆင့် ရေဒီယိုကို နားထောင်လေ့ရှိပေမယ့် အများစုက သီချင်းအစီအစဉ်တွေကို ပိုပြီးကြိုက်နှစ်သက်ကြတာဖြစ်တယ်လို့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။

တကယ်တော့ ရေဒီယိုဆိုတာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအရပ်ရပ်မှာ နားဆင်သူပရိသတ်အခိုင်အမာနဲ့ နှစ်ပေါင်းရာချီ သက်တမ်းရှိပြီဖြစ်တဲ့ အထိရောက်ဆုံး လူထုဆက်သွယ်ရေးမီဒီယာတစ်ခုဖြစ်ပါတယ်။ သတင်းစာ၊ ရုပ်မြင်သံကြား၊ Multimedia နဲ့ အင်တာနက်တို့လို လူထုဆက်သွယ်ရေး မီဒီယာပေါင်းများစွာရှိတဲ့အနက်ကမှ ရေဒီယိုဟာ သုံးစွဲသူတွေအတွက် အလွယ်ကူဆုံးနဲ့ အလျင်မြန်အထိရောက်ဆုံး မီဒီယာဖြစ်ပြီး ရေဒီယိုကို စတင်တီထွင်ခဲ့တဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော်က စတင်ကာ ယနေ့ထက်တိုင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ တွင်တွင်ကျယ်ကျယ်အသုံးပြုနေတာ တွေ့ရပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံအတွက် ရေဒီယိုဟာ ယနေ့ထိတိုင် အကောင်းဆုံးနဲ့ ပရိသတ်နားဆင်မှုအများဆုံး လူထုဆက်သွယ်ရေး မီဒီယာအဖြစ် ဆက်လက်ရပ်တည်နေဆဲလည်း ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ ရေဒီယိုကို လူထုဆက်သွယ်ရေးမီဒီယာအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံအသုံးပြုနေခြင်းမှာ ခရီးဆောင်(Potable device) အဖြစ် အသုံးပြုရလွယ်ကူခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ လျှပ်စစ်မီးကဲ့သို့ အခြေခံအဆောက်အအုံတွေမရှိဘဲ အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးတွေကြောင့်ဖြစ်ကြောင်းနဲ့ နောက်ထပ်ဆယ်စုနှစ်များစွာအထိ ရေဒီယိုရဲ့ အခန်းကဏ္ဍက ဆက်လက်တည်ရှိနေဦးမှာဖြစ်ကြောင်း ရေဒီယိုရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ပညာရှင်များက ခန့်မှန်းထားပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိရေဒီယိုအသုံးပြုမှုရဲ့ အလားအလာနဲ့ စပ်လျဉ်းပြီးလည်း ဒီအတိုင်းပဲ သုံးသပ်ရမှာဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတော်ဓာတ်အားစနစ်မှာ ဓာတ်အားပေးစက်ရုံ ၄၃ ရုံမှ တပ်ဆင်စက်အင်အား ၄၉၈၇ မဂ္ဂါဝပ်ရှိနေပြီး လက်ရှိ တစ်နိုင်ငံလုံး အိမ်ထောင်စုဦးရေရဲ့ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရနေတယ်လို့ သိရပါတယ်။ ဒါ့အပြင် နှစ်စဉ် နိုင်ငံတော်မှာ ဓာတ်အားလိုအပ်ချက် နှစ်စဉ် ၁၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိရှိနေတဲ့အတွက် ကျေးလက်ဒေသတွေကိုပါ တိုးချဲ့ဓာတ်အားပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြီးခဲ့တဲ့ မေ ၂၀ ရက်က ပြည်သူ့လွှတ်တော်မှာ မေးခွန်းတွေဖြေကြားစဉ် ထည့်သွင်းပြောဆိုခဲ့ပါတယ်။ ဒါ့ကြောင့် လျှပ်စစ်မီးအသုံးပြုနိုင်ခြင်းမရှိသေးတဲ့ ကျေးလက်နေပြည်သူတွေအတွက်လည်း ရေဒီယိုဟာ အဓိကသတင်းအချက်အလက်ရယူရာ မီဒီယာရင်းမြစ်ကြီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဦးမှာဖြစ်ပါတယ်။

> **တကယ်တော့ ရေဒီယိုဆိုတာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအရပ်ရပ်မှာ နားဆင်သူပရိသတ်အခိုင်အမာနဲ့ နှစ်ပေါင်းရာချီသက်တမ်းရှိပြီဖြစ်တဲ့ အထိရောက်ဆုံးလူထုဆက်သွယ်ရေးမီဒီယာတစ်ခုဖြစ်ပါတယ်။ သတင်းစာ၊ ရုပ်မြင်သံကြား၊ Multimedia နဲ့ အင်တာနက်တို့လို လူထုဆက်သွယ်ရေး မီဒီယာပေါင်းများစွာရှိတဲ့အနက်ကမှ ရေဒီယိုဟာ သုံးစွဲသူတွေအတွက် အလွယ်ကူဆုံးနဲ့ အလျင်မြန်အထိရောက်ဆုံးမီဒီယာဖြစ်ပြီး ရေဒီယိုကို စတင် တီထွင်ခဲ့တဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော်က စတင်ကာ ယနေ့ထက်တိုင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ တွင်တွင်ကျယ်ကျယ်အသုံးပြုနေတာ တွေ့ရ**

တစ်ဖက်မှာ ယခုလိုရေဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာတဲ့နည်းတူ အခြားတစ်ဖက်မှာလည်း ရေဒီယိုထုတ်လွှင့်မှု နည်းပညာနဲ့ပတ်သက်ပြီး နိုင်ငံတကာမှာ ပြောင်းလဲဆောင်ရွက်နေတဲ့ နည်းပညာတွေ၊ နည်းစနစ်တွေနဲ့ စပ်လျဉ်းပြီး ထိတွေ့လေ့လာနေဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒီလို လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာအဖွဲ့အစည်း(ABU)ရဲ့ ရေဒီယိုဆိုင်ရာညီလာခံ(ABU Radio Asia 2015 Conference) နဲ့ ABU ရေဒီယိုသီချင်းဖျော်ဖြေတင်ဆက်ပွဲ (ABU Radio Song Festival) အခမ်းအနားတွေကို မြန်မာနိုင်ငံက ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ်နဲ့ ရန်ကုန်မြို့မှာ မေ ၂၈ ရက်ကနေ ၃၀ ရက်အထိ လက်ခံကျင်းပခဲ့ပါတယ်။ ABU Radio Asia Conference ဆိုတာကတော့ လူဦးရေ/ပရိသတ် သုံးဘီလီယံလောက်ရှိတဲ့ အာရှ-ပစိဖိတ်ဒေသတွင်းက နိုင်ငံပေါင်း ၆၄ နိုင်ငံက အဖွဲ့ဝင်ပေါင်း ၂၅၀ ကျော်နဲ့ ဖွဲ့စည်းထားတဲ့ ABU အတွက် တစ်ခုတည်းသော နိုင်ငံတကာအဆင့် ရေဒီယိုအစီအစဉ်ပိုင်း ဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲကြီးလည်းဖြစ်ပါတယ်။ ABU ရဲ့ သက်တမ်း ၅၁ နှစ်အတွင်း အခုလိုတွေ့ဆုံဆွေးနွေးပွဲမျိုးတွေကနေ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ ရေဒီယိုလောကသားများနှင့် ရေဒီယိုထုတ်လွှင့်သူများရဲ့ အမြင်သဘောထား၊ အတွေ့အကြုံနဲ့နည်းပညာတွေကို အပြန်အလှန်ရင်းနှီးဆွေးနွေး အမြင်ချင်းဖလှယ်ကြတဲ့ အစဉ်အလာကောင်းတွေလည်းရှိခဲ့ပါတယ်။ ABU Radio Asia Conference နဲ့ ABU Radio Song Festival အခမ်းအနားတွေကို ပထမအကြိမ်အဖြစ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ၂၀၁၂ ခုနှစ်က ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ကိုတော့ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှာ ၂၀၁၄ ခုနှစ်က ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ အခုအကြိမ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အိမ်ရှင်အဖြစ် မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ ကျင်းပတဲ့ပွဲကတော့ တတိယအကြိမ်မြောက် ဖြစ်ပါတယ်။

အခုနှစ် ကျင်းပတဲ့ ABU Radio Asia 2015 Conference ကိုတော့ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံ ၂၆ နိုင်ငံက ကိုယ်စားလှယ် ၉၇ ဦးနဲ့ ပြည်တွင်းက ကိုယ်စားလှယ် ၁၂၀ ခန့် ပါဝင်တက်ရောက်ခဲ့ပါတယ်။ ရန်ကုန်မြို့ Sule Shangri-La Hotel မှာ ကျင်းပတဲ့ ABU Radio Asia 2015 Conference မှာ နိုင်ငံတကာက Speaker ၂၄ ဦးနဲ့ ပြည်တွင်းက Speaker လေးဦး စုစုပေါင်း ၂၈ ဦးက သူတို့ရဲ့ သက်ဆိုင်ရာ ဘာသာရပ်အလိုက် အတွေ့အကြုံတွေကို ဆွေးနွေးတင်ပြခဲ့ကြပါတယ်။

တစ်ဖက်မှာ back to back အဖြစ် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံမှာ ၂၉-၅-၂၀၁၅ မှာ ကျင်းပတဲ့ ABU Radio Song Festival ကိုတော့ အာရှ-ပစိဖိတ်ဒေသအတွင်းမှာရှိတဲ့ နိုင်ငံတွေထဲက ဝါသနာရှင်၊ ပါရမီရှင်လူငယ်တွေရဲ့ ကိုယ်တိုင်ဖန်တီးထားတဲ့ တေးသီချင်းတွေနဲ့ တေးသွားတွေကို ဖော်ထုတ်မြှင့်တင်ပေးရန်၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလွှင့်အဖွဲ့အစည်း (ABU) ရဲ့ ရေဒီယိုအဖွဲ့ဝင်တွေ အတူတကွပူးပေါင်းပါဝင်ဆင်နွှဲနိုင်တဲ့ လှုပ်ရှားမှုတွေကို ဖော်ဆောင်ဖို့နဲ့ ဒေသတွင်း ဂီတဆိုင်ရာအရည်အသွေးရှိသူတွေရဲ့ လက်ရာတေးသီချင်းတွေကို တင်ဆက်ပြသဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လက်ခံကျင်းပတာလည်းဖြစ်ပါတယ်။ ABU Radio Song Festival 2015 Gala Event ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ဂီတဝါသနာရှင်တွေနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက အနုပညာရှင်တွေရဲ့ သီဆိုကပြ ဖျော်ဖြေမှုတွေနဲ့အတူ ခမ်းခမ်းနားနား ကျင်းပတာလည်းဖြစ်ပါတယ်။

ကဏ္ဍပေါင်းစုံက ပြုပြင်ပြောင်းလဲတိုးတက်မှုတွေနဲ့အတူ နိုင်ငံတကာမှာ မျက်နှာပန်းပွင့်နေတဲ့ မြန်မာနိုင်ငံအတွက် အခုလို ခမ်းနားကြီးကျယ်တဲ့ နိုင်ငံတကာအဆင့် ဆွေးနွေးပွဲနဲ့ ဂီတဖျော်ဖြေပွဲတွေကို အိမ်ရှင်အဖြစ် အောင်အောင်မြင်မြင် လက်ခံကျင်းပနိုင်ခဲ့ခြင်းဟာလည်း မြန်မာနိုင်ငံရဲ့ ရေဒီယိုအသံလွှင့်လောကအတွက် ထူးခြားတဲ့သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ခြင်းလို့ ဆိုနိုင်ပါတယ်။ ဒီလိုဆွေးနွေးပွဲတွေမှာ မြန်မာနိုင်ငံရဲ့ ရေဒီယိုမီဒီယာလောကသားတွေအနေနဲ့ ပါဝင်တက်ရောက်ဆွေးနွေး အမြင်ချင်းဖလှယ်နိုင်ခဲ့ခြင်းဟာလည်း ပါဝင်တက်ရောက်ဆွေးနွေးခွင့်ရရှိခဲ့သူ ရေဒီယိုဝန်ထမ်းတွေနဲ့ အစီအစဉ်ထုတ်လုပ်သူတွေအတွက် နိုင်ငံတကာရဲ့ အတွေ့အကြုံနဲ့ သင်ခန်းစာတွေကတစ်ဆင့် အကျိုးကျေးဇူးများစေခဲ့တာသာမက ဒီလိုသိရှိပြီး ဆန်းသစ်တီထွင်ထုတ်လုပ်လိုက်တဲ့ အရည်အသွေးမြင့် ရေဒီယိုအစီအစဉ်တွေကို စောင့်မျှော်နားသောတဆင်လျက်ရှိတဲ့ သောတရှင်ပရိသတ်တွေအတွက်လည်း များစွာအကျိုးကျေးဇူးများစေမှာ အမှန်ဖြစ်ပါတော့တယ် ခင်ဗျာ။ ။

## မန္တလေးရှိ ကမ္ဘာ့ဒုက္ကရစရိယာ မြတ်ဗုဒ္ဓရုပ်ပွားတော်၌ ပျားများစွဲကပ်ပူဇော်မှု လာရောက်ကြည်ညိုသူများစည်ကား



**မန္တလေး မေ ၃၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၂ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မက္ခရာ ကျောင်းတော်ကြီးအတွင်း ပွင့်ထွန်းကိန်းဝပ်တော်မူသော ကမ္ဘာ့ဒုက္ကရစရိယာမြတ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မေးစေ့တော်၌ မေ ၃၀ ရက် နံနက် ၇ နာရီက တတိယအကြိမ်အဖြစ် ပျားများ စွဲကပ်ပူဇော်နေကြောင်းကို ဘုရားဒါယကာအလှူရှင် ပြည်တော်အေး ဦးလှဝင်းက ပြောကြားသည်။ အဆိုပါ ပြည်တော်အေး ကမ္ဘာ့ဒုက္ကရစရိယာ မြတ်ဗုဒ္ဓရုပ်ပွားတော် မေးစေ့တော်ယာဘက်၌ ပျားများ စွဲကပ်ပူဇော်မှုကို လာရောက်ပူဇော်ကြည်ညိုကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ပထမအကြိမ်အဖြစ် ၁၄-၆-၂၀၁၄ တွင် ၁၁ ရက်နှင့် ၁၄-၇-၂၀၁၄ တွင် ဒုတိယအကြိမ်အဖြစ် ၃၆ ရက်ကြာ ပျားများစွဲကပ်ပူဇော်မှုရှိခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ချောင်းသာကမ်းခြေ၌ သက်ကြီးပူဇော်ပွဲနှင့် ဟောပြောပွဲများ ကျင်းပမည်

**ပုသိမ် မေ ၃၁**

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်)က ကြီးမှူးကျင်းပသည့် ချောင်းသာကမ်းခြေဟိုတယ်များ၏ မိုးရာသီ အရောင်းမြှင့်တင်ရေးအတွက် စကားရည်လုပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ဟောပြောပွဲများကို ACE hotel ခန်းမ၌ မေ ၃၁ ရက် နံနက် ၉ နာရီတွင် စည်ကားစွာကျင်းပမည်ဖြစ်သည်။

အဆိုပါ ACE hotel ခန်းမ၌ ကျင်းပမည့် အစီအစဉ်များထဲမှ စကားရည်လုပွဲအစီအစဉ်တွင် ပွဲစဉ်(၁)၊ (၂)ခွဲခြားသတ်မှတ်ထားပြီး ပွဲစဉ်(၁)တွင် "ဟိုတယ်တစ်လုံး၌ ရေရှည်စွဲမြဲစွာ လုပ်ကိုင်ခြင်းသည် ကောင်းတယ်/မကောင်းဘူး" နှင့် ပွဲစဉ်(၂)တွင် "Customer is always Right ဆိုတာ မှန်တယ်/မမှန်ဘူး" ပါဝင်ကြောင်း သိရပြီး မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်နှင့် ဆရာဦးရင်လှတို့ကလည်း သိမှတ်ဖွယ်ရာ အဖြာဖြာများကို ဟောပြောမည်ဖြစ်ရာ အများပြည်သူများသိရှိစေရန်အတွက် ချောင်းသာကမ်းခြေသတင်းဌာနမှ ဖိတ်ခေါ်ထားကြောင်း သိရသည်။

**စိုးဝင်း(SP)**

# ကျောင်းအပ်ချိန်နှင့် တောင်ယာဝင်ချိန် လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့က လူသစ်စုဆောင်းနေမှုကြောင့် ရွာမှလူငယ်များတိမ်းရှောင်နေရ

နမ့်စန် မေ ၃၁

**ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့၏ အနောက်တောင်ဘက် မိုင်းစစ်မြို့အနီးရှိ နောင်ဘို၊ ဈေးကုန်း၊ လိုက်ခါး၊ လုံရှိန်စသည့် ပအိုဝ်း ရွာများမှလူငယ်များအား မေ ၂၀ ရက်ကစ၍ လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့က ကျေးရွာလူကြီးမှတစ်ဆင့် လူသစ်ခေါ်ယူစုဆောင်းလျက်ရှိရာ ကျောင်းအပ်ရာသီဖြစ်သည့်နည်းတူ မိုးရာသီတောင်ယာစိုက်ပျိုးချိန်ဖြစ်၍ ကျေးရွာရှိ လူငယ်များ နမ့်စန်မြို့ပေါ်နှင့် ဘုန်းတော်ကြီးကျောင်း အချို့သို့ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။**



နေရပ်ရွာများမှ တိမ်းရှောင်လာသော မိသားစုများမှ အမျိုးသမီးများနှင့် ကလေးငယ်များကို တွေ့ရစဉ်။

"ကျွန်တော်တို့မေ ၂၁ ရက်မွန်းလွဲ ၂နာရီက လိုက်ခါးရွာကနေ ထွက်ပြေးလာတယ်။ တခြားနောင်ဘို၊ ဈေးကုန်း၊ လုံရှိန် ပအိုဝ်းရွာကလူငယ်တွေလည်း ထွက်ပြေးလာလို့ ဒီကျောင်း ရောက်မှဆုံကြတယ်။ မေ ၂၇ ရက်နေ့နောက်ဆုံးဆိုပြီး ရွာကလူငယ် ၅၀ ကိုသုံးရက်အချိန်ပေးပြီး တောင်းတယ်။ သူတို့ဆီမှာ ရွာကလူငယ်တွေရဲ့ အမည်စာရင်းအကုန်ရှိတော့ရွာမှာနေရင် လာဖမ်းမယ်ဆိုတာ သိထားတဲ့အတွက် နမ့်စန်မြို့ပေါ်ကိုထွက်ပြေးလာတာပါ။ ဒီဘုန်းတော်ကြီးကျောင်းမှာလူ ၆၀ လောက်ရောက်နေကြတယ်။ ဆွေမျိုးအိမ်တွေ၊ အသိမိတ်ဆွေအိမ်တွေမှာလည်း ရှောင်နေတဲ့သူတွေလည်းရှိတယ်။ သူတို့က အသက် ၁၅ နှစ်ကနေ ၄၀ ထိခေါ်တယ်။ ကျောင်းအပ်ပြီးရင် ကျောင်းတက်ရမယ်ဆိုတော့ ကျောင်းသားအချို့က ပြန်ချင်တယ်။ လူငယ်တွေက တောင်ယာဝင်ချိန် ထွန်ယက်ချိန်ဖြစ်တဲ့အတွက် ပြန်ချင်နေတယ်။ ရွာပြန်ရောက်မှ အားလုံး လာခေါ်မှာကို စိုးရိမ်တဲ့သူတွေ လည်း ရှိနေတယ်။ ကျွန်တော်ကတော့ အားလုံးအေးဆေးမှပဲ ပြန်မယ်လို့ ဆုံးဖြတ်ထားတယ်" ဟု အသက် ၁၆ နှစ်ရှိ နဝမတန်းကျောင်းသား မောင်သန်းနောင်က ပြောသည်။

ပအိုဝ်းတိုင်းရင်းသားအများဆုံး နေထိုင်သော လိုက်ခါးရွာမှာ အိမ်ခြေ ၂၅၀ ခန့်ရှိပြီး နောင်ဘို၊ လုံရှိန်စသည့် ပအိုဝ်းရွာမှ လူငယ်များကိုလည်းခေါ်ဆောင်သွားရာ မိန်းကလေးဆိုလျှင် အသက် ၁၅ နှစ်မှ ၃၀ အတွင်း ခေါ်ဆောင်သောကြောင့် လုံရှိန်ရွာမှ မိန်းကလေး ၁၀ ဦး ပါသွားပြီး နောင်ဘို၊ လုံရှိန်ရွာမှ လူငယ်အချို့ကို ခေါ်သွားကြောင်း၊ လိုက်ခါးရွာရှိ လူစာရင်းအတိုင်း လက်နက်ကိုင်အဖွဲ့ကတောင်းရာဖြစ်စဉ်ကို ကြိုတင်သိထားသောကြောင့် ရွာမှ လူငယ်များမြို့ပေါ်သို့ ထွက်ပြေးလာခြင်းဖြစ်ကြောင်း သိရသည်။

"၂၀ ရက် ည ၁၁ နာရီခွဲမှာ လူတစ်ဦး စာသင်တိုက်ကို တံခါးလာခေါက်ပြီး ရွာသားတွေအတွက် နေရာပေးပါလို့ ပြောတဲ့အတွက် ပထမအကြိမ်ရောက်လာတဲ့လူငယ် ၁၉ ဦးကို ဦးပဥ္စင်းနားမှာပဲ နေရာပေးပါတယ်။ ၂၁ ရက် နေ့မှာ ၁၀ ဦး ထပ်ရောက်လာပြီး ညနေမှာ ၃၂ ဦး ထပ်ရောက်လာတယ်။ အမျိုးသမီးတွေပါလာသလို အိမ်ထောင်စုအချို့လည်း ပါလာတယ်။ သူတို့ကို ရုံးက အစားအစာ၊ အဝတ်အစား၊ အိပ်ရာတွေကအစ စီစဉ်ပေးပေမယ့် ရွာမှာကျန်ခဲ့တဲ့ သက်ကြီးရွယ်အိုနဲ့ တောင်ယာထဲမှာ ပစ်ထားခဲ့ရတဲ့ ပစ္စည်းတွေအတွက် စိုးရိမ်နေကြတယ်။ အခုချိန် တောင်ယာ မစနိုင်ရင် လာမယ့်နှစ် စားစရာအတွက် အခက်အခဲကြုံရနိုင်တယ်။ ဒါဟာ တောင်ယာလုပ်စားလို့မရအောင်နဲ့ လူသစ်လည်းရအောင် တစ်ချက်ခုတ်နှစ်ချက်ပြတ် လုပ်သလိုဖြစ်နေတယ်။ တိုင်းရင်းသားအချင်းချင်း တစ်ဦးနဲ့ တစ်ဦးစာနာထောက်ထားသင့်တယ်။ နောင်ဘိုရွာထဲကို လက်နက်ကိုင်တွေ မကြာခဏဝင်ထွက်နေပေမယ့် မနှစ်ကလို သတင်းပဲထွက်မယ်ထင်ကြတာ၊ တောင်ယာလုပ်ချိန်မှ လူအင်အားတောင်းတော့ ရွာတွေအတွက် အခက်ကြုံရပါတယ်" ဟု နမ့်စန်မြို့မှ စာချဆရာတော်တစ်ပါးက မိန့်ကြားသည်။

"ကျွန်တော် ရွာကနေ မေ ၂၄ ရက် က ထွက်ပြေးခဲ့တယ်။ သားသမီး ငါးဦးမှာ နှစ်ဦးက အိမ်ထောင်သည်တွေ။ ၂၃ ရက်မှာ ရွာလူကြီးက လွယ်ကုန်းခမ်း တောင်ပေါ်စေတီမှာရှိတဲ့ အဖွဲ့အစည်းက ခေါ်င်းဆောင်နဲ့တွေ့ပေးတယ်။ ပထမ ဒသမတန်းကျောင်းသားကိုမေးတော့ သာသနာ့ဘောင်ဝင်နေတယ်လို့ ပြောတော့ အိမ်က ၂၁ နှစ်ရှိတဲ့ သားငယ်ကို ခေါ်ခိုင်းလို့ ခေါ်လာပြရတယ်။ ကျန်းမာရေးသိပ်မကောင်းတာသိလို့ ပြန်လွှတ်တယ်။ နောက်နေ့သားလတ်ကို ခေါ်လာပါလို့ပြောတာနဲ့ မိသားစုလိုက် ထွက်ပြေးလာတာ၊ အိမ်ထောင်သည်သားတွေနဲ့ အဆက်အသွယ် မရသေးဘူး။ ရွာနဲ့ အဆက်အသွယ်မရကြတော့ မပြန်ရဲသေးဘူး။ တောင်ယာအတွက် အရဲစွန့်ပြီး ပြန်တဲ့သူအချို့ရှိပေမယ့်သားတွေအတွက် စိုးရိမ်ရတော့ မပြန်သေးဘူး။ မအေးချမ်းသေးရင် ဟိုပုံးကိုပဲ ပြန်မယ်" ဟု ရွာအခြေအနေကို ဘုန်းတော်ကြီးကျောင်းတွင် လာရောက်စုံစမ်းသော ဦးလန်ရှမ်း အသက်(၅၅နှစ်)က ပြောသည်။

မိုးနှံသင်းချိန် တောင်ယာလုပ်ငန်းကို ရှမ်းပြည်နယ်တွင် စတင်နေပြီး နောင်ဘို၊ လိုက်ခါး၊ ဈေးကုန်း၊ လုံရှိန်၊ ဟိုနား၊ ကောင်စိုင်း၊ ဝမ်ခိုင်း၊ ဟွေ့ဆိုင်း စသည့်ရွာများမှာ ပြောင်း၊ စပါး၊ ပန်းနှမ်း၊ အာလူး၊ ခရမ်းချဉ်သီးကို စီးပွားဖြစ်စိုက်ပျိုးကာ ဟင်းသီးဟင်းရွက်လည်း စတင်စိုက်ပျိုးနေပြီဖြစ်သည်။ ရွာအချို့မှာ ပအိုဝ်းရွာအဖြစ် သီးသန့်ရှိပြီး ရှမ်း၊ ပအိုဝ်း၊ ကယန်း၊ ဗမာ စုပေါင်းနေထိုင်သောရွာများလည်းရှိကြောင်း၊ ထွက်ပြေးတိမ်းရှောင်လာသောရွာများတွင် ဇွန်လမှသာ ထွန်ယက်စိုက်ပျိုးပါက အသီးသီးသော်လည်း ထွက်နှုန်း မကောင်းတတ်သောကြောင့် စိုက်ပျိုးရေး အတွက် စိုးရိမ်ပူပန်နေခြင်းဖြစ်ကြောင်း ရွာသားအချို့ထံမှ သိရသည်။

"မေ ၂၈ ရက်က နေ့လယ်ပိုင်းမှာ နမ့်စန်လေတပ်ဌာနချုပ် တပ်မှူးက ဘုန်းတော်ကြီးကျောင်းမှာရှိတဲ့ ရွာသားတွေကို အားပေးစကားပြောပြီး ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးပါတယ်။ ထောက်ပို့တပ်ကလည်း ကူညီသလို ဆေးတပ်ကလည်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ပေးပါတယ်။ တဖြည်းဖြည်းရွာသားတွေကို ပြန်ခိုင်းနေပါပြီ၊ ရွာတွေရဲ့ အခြေအနေကိုစောင့်ကြည့်နေပါတယ်" ဟု နမ့်စန်မြို့ PNO ရုံးတာဝန်ခံက မေ ၃၁ ရက် နံနက်ပိုင်း၌ ပြောသည်။

တိုင်းရင်းသားကျေးရွာများမှာ နှစ်စဉ် လူသစ်စုဆောင်းပေးရသကဲ့သို့ ရိက္ခာအဖြစ်တစ်အိမ်ထောင်လျှင် ခြောက်ပြည်ဝင်ပုံးဖြင့် ဆန်နှစ်ပုံး၊ ငွေကျပ်ငါးသောင်းပေးရပြီး ရွာလူကြီးနှင့် ရပ်မိရပ်ဖလူကြီးများ မပေးရကြောင်း၊ ဇွန် ၁ ရက်တွင် ကျေးရွာများရှိ စာသင်ကျောင်းများ ဖွင့်တော့မည်ဖြစ်၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရန်နှင့်ကျောင်းသားများ ပညာသင်ကြားခွင့်ရရန်၊ တောင်ယာလုပ်ငန်းကိုလည်း အပူအပင်ကင်းစွာ လုပ်ဆောင်လိုကြကြောင်း၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုသည် နိုင်ငံအတွက် အရေးကြီးသောကြောင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် စည်းလုံးညီညွတ်မှုသည် တိုင်းရင်းသားတို့၏ရင်တွင် ခိုင်မြဲနေရန် လိုအပ်ကြောင်း ပအိုဝ်းတိုင်းရင်းသူ ဝန်ထမ်းတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

**သန်းထိုက် (လှိုင်သာယာ)**



နေရပ်ရွာများမှ တိမ်းရှောင်လာသော မိသားစုများကို ဘုန်းကြီးကျောင်း၌ တွေ့ရစဉ်။

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် မုံရွာကြက်ငုံးမွေးမြူရေးဇုန်တွင် ကြက်မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်ထူထောင်လျက်ရှိ

**မုံရွာ မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကျောက်စစ်ပုံတောင်ရွာအနီးရှိ မုံရွာကြက်၊ ငုံးမွေးမြူရေး အထူးဇုန်တွင် ဖေဖော်ဝါရီလအတွင်းက ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး နှစ်လခွဲအကြာတွင် မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း သိရသည်။

"မွေးမြူရေးဇုန်မှာ ဖေဖော်ဝါရီလအတွင်းက ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ပြီး ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ မတ် ၃ ရက်မှာ ရှင်းလင်းရေးလုပ်ငန်းများပြီးစီးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်ပြီး နှစ်လခွဲအကြာမှာ မေ ၂၂ ရက်မှစတင်ပြီး အခုလို မွေးမြူရေးလုပ်ငန်းတွေ ပြန်လည်စတင်တာပါ၊ မေ ၃၀ ရက်အထိ ဥစားကြက်ကောင်ရေ ၁၅၀၀၀ နဲ့ အသားတိုးကြက်ကောင်ရေ ၃၀၀၀ စပြီးမွေးနေပါပြီ၊ ကျန်တဲ့လုပ်ငန်းရှင်တွေလည်း ကြက်အကောင်ပေါက်တွေ ဆက်လက်မှာယူနေပါပြီ၊ စီပီကြက်ကောင်ပေါက် တစ်ကောင်ကို ငွေ ၉၁၅ ကျပ်၊ အေအေကြက်ကောင်ပေါက်တစ်ကောင်ကို ငွေကျပ် ၈၅၀ ဈေးကျတယ်။ ငုံးမွေးမြူရေးသမားတွေကတော့ ငုံးမွေးမြူရေးဇုန်သီးသန့်ထုတ်မယ့် အစီအစဉ်ကြောင့် မွေးမြူရေးလုပ်ငန်းတွေ ပြန်မစသေးပါဘူး၊ ကြက်မွေးမြူရေးက ပုံမှန်ဆိုရင် မတ်လအတွင်းမှာ စတင် မွေးမြူကာ ဇူလိုင်လလောက်ဆို ဥစမ်းပြီး အောက်တိုဘာ၊ နိုဝင်ဘာလလောက်ဆိုရင် ဥလှိုင်လှိုင်ပေါ်ပြီး၊ ဆိုလိုချင်တာက မိုးတွင်းကာလမှာ ဥစမ်းပြီး ဆောင်းတွင်းကာလမှာ ဥလှိုင်လှိုင်ပေါ်ပြီ၊ အခုကြက်ဇုန်က ရောဂါဖြစ်ပွားမှုကြောင့် ပုံမှန်မွေးမြူချိန်ထက် နှစ်လလောက်နောက်ကျတယ်၊ နောက်တစ်ချက်က ကြက်မွေးမြူရေးဇုန်အပြင်ဘက်မှာ မွေးတဲ့ကြက်ခြံတွေရှိတယ်၊ ဇီဝလုံခြုံရေးအရ ဇုန်အတွင်းကိုဝင်ပြီး မွေးမြူစေချင်တယ်" ဟု မုံရွာကြက်ငုံးမွေးမြူရေးဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာ ကြက်ငုံးမွေးမြူရေးဇုန်သည် ၁၂၃ ဒသမ ၄၅ ဧက ကျယ်ဝန်းပြီး ကြက်မွေးမြူရေးခြံ ၃၆၀၊ ငုံးမွေးမြူရေးခြံ ၁၂၀ တို့ မွေးမြူလျက်ရှိရာ ယခုနှစ်ဖေဖော်ဝါရီလအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများရှိခဲ့သဖြင့် နိုင်ငံတော်မှ ကြက်မွေးမြူရေးလုပ်ငန်းရှင် ၁၃၆ ဦး၊ ငုံးမွေးမြူရေးလုပ်ငန်းရှင် ၅၂ ဦးတို့အား မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက် ငွေကျပ် ၆၀၂ ဒသမ ၃၃၅ သန်းအား ထောက်ပံ့ခဲ့သဖြင့် မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ပြည်ကြီးတံခွန်မြို့နယ်၌ တရားမဝင်အနှိပ်ခန်း ဖမ်းဆီး

**မန္တလေး မေ ၃၁**

မန္တလေး- ပြည်ကြီးတံခွန်မြို့နယ် (ခ) ရပ်ကွက် ၇၁ လမ်း သာယာဝတီမင်းကြီးလမ်းနှင့် ပျူစောထီးလမ်းကြားရှိ ရွှေစံအိမ်အလှပြင်ခန်းမတွင် တရားမဝင်အနှိပ်ခန်း ဖွင့်လှစ်လုပ်ကိုင်နေကြောင်း သတင်းအရ ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ ဒုရဲအုပ် အောင်အောင်နှင့်အဖွဲ့သည် မေ ၃၀ ရက် ည ၈နာရီ မိနစ် ၂၀ တွင် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာတွင် အနှိပ်ခန်းဖွင့်လှစ်ပြီး ကြီးကြပ်လုပ်ကိုင်နေသူ မန်နေဂျာ ကိုစိုး ၃၉ နှစ်နှင့်အနှိပ်သမ ငါးဦးတို့အား အနှိပ်ခန်းပြုလုပ်ရာတွင် အသုံးပြုသော ပစ္စည်းများ၊ အနှိပ်ခန်းပြုလုပ်ရာတွင် ရရှိသော ငွေကျပ် ၃၀၀၀၀နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့အား ပြည်ကြီးတံခွန်မြို့နယ် အုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်၍ သက်ဆိုင်ရာရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

ပြည်သူ့အကျိုးဖော်ဆောင်ဖို့
အခွန်မှန်မှန်စွာ ပေးဆောင်စို့

# ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံတွင် ဇွန် ၅ ရက်မှ ၇ ရက်အထိ အခမဲ့ပြသမည့် ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများ

**June 5**

| | | | | |
|---|---|---|---|---|
| 9:00 AM | ***Wanda***, 1970, by Barbara Loden (USA) | 102 mn | English | HALL 1 |
| 10:30 AM | ***Passerine Bird***, 1962, by Nguyen Van Thong & Tran Vu (Vietnam) | 43 mn | Vietnamese with English subtitles | HALL 2 |
| 11:30 AM | ***Sunset Boulevard***, 1950, by Billy Wilder (USA) | 110 mn | English with English subtitles | HALL 1 |
| 02:00 PM | ***Mr Sweet Smiley***, 1955, by Hya Maung (Myanmar) **Myanmar Film Treasures** | 118 mn | Myanmar Language | HALL 1 |
| 04:30 PM | ***The Passion of Joan of Arc***, 1928, by Carl Theodor Dreyer (France) | 88 mn | French with English subtitles | HALL 1 |
| 06:30 PM | ***All About Eve***, 1950 by Joseph L. Mankiewicz (USA) | 138 mn | English with English subtitles | HALL 1 |

**June 6**

| | | | | |
|---|---|---|---|---|
| 09:00 AM | ***The Goddess***, 1934, by Wu Yonggang (China) | 73 mn | Mandarin with English subtitles | HALL 1 |
| 11:00 AM | ***The Consequences of Feminism***, 1906, by Alice Guy (France) & ***The Smiling Madame Beudet***, 1922, by Germain Dulac (France) **Live accompaniment by Itō and his band** | 6 mn 44mn | French with English subtitles | HALL 1 |
| 12:00 PM | ***Poem for Babies***, 1971, by Win Oo (Myanmar) **Myanmar Film Treasures** | 140 mn | Myanmar Language | HALL 1 |
| 03:00 PM | ***The Adventures of Prince Achmed***, 1926, by Lotte Reiniger (Germany) **Live accompaniment by Laurel Art Academy. Kids Screening** | 65 mn | German with English subtitles | HALL 1 |
| 06:00 PM | ***Metropolis***, 1927, by Fritz Lang (Germany) Screening at the National Theater **Live accompaniment by the pianists Pierre Ozer & Katharina Brandl** | 148 mn | German with English subtitles | National Theater |

**June 7**

| | | | | |
|---|---|---|---|---|
| 09:00 AM | ***Breakfast at Tiffany's***, 1961, by Blake Edwards (USA) | 115 mn | English with English subtitles | HALL 1 |
| 11:30 AM | ***Red Peony Gambler: Flower Cards Match***, 1969, by Tai Katō (Japan) | 98 mn | Japanese with English subtitles | HALL 1 |
| 01:00 PM | ***Life, Once Upon a Time***, 1978, Maung Tin Oo (Myanmar) **Myanmar Film Treasures** | 111 mn | Myanmar Language | HALL 1 |
| 04:00 PM | ***Red Peony Gambler: Oryu's Visit***, 1970, by Tai Katō (Japan) | 100 mn | Japanese with English subtitles | HALL 1 |
| 06:00 PM | ***The Blue Angel***, 1930, by Josef von Sternberg (Germany) | 107 mn | German with English subtitles | HALL 1 |
| 08:00 PM | ***Imitation of Life***, 1959, by Douglas Sirk (USA) | 125 mn | English with English subtitles | HALL 1 |



June 5 • 9AM
**Wanda**
Barbara Loden
USA – 1970
**English • 102 mn • Color**
Wanda is down and out. She has left her husband and children, and abandoned herself to drink and chance. When she meets a rude thug at a bar, she decides to follow him, hoping perhaps for some sense of direction.



June 5 • 6:30PM
**All About Eve**
Joseph L. Mankiewcz
USA – 1950
**English with English subtitles • 138 mn • Black & White**
An ingenue insinuates herself in to the company of an established but aging stage actress and her circle of theater friends.



Jun 6 • 9AM
**The Goddess**
Shen nu
WuYonggang
China - 1934
**Silent with musical accompaniment. Mandarin intertitles with English subtitles • 73 mn • Black & White**
Street walker by night, devoted mother by day, a woman fights to get her young son an education amid criminal and social injustice in 1930s China.



June 6 • 12PM
**Poem for Babies**
(Ta Kyawt Hna Kyawt Tae Ko Thi)
Win Oo
Myanmar- 1971
**Myanmar • 140 mn• Black & White**
Ko Kyaw Swar is an up-and-coming musician but his mother thinks his passion is immature. He leaves home to seek his fortune and a chance encounter with a radio celebrity teaches him that love is never quite when you expect to find it.



June 7 • 6PM
**The Blue Angel**
(Der Blaue Engel)
Josef von Stemberg
Germany - 1930
**German with English subtitles • 107 mn • Black & White**
An elderly professor's ordered life spins dangerously out of control when he falls for a nightclub singer.



June 7 • 8PM
**Imitation of Life**
Douglas Sirk
USA – 1959
**English with English subtitles • 125 mn • Color**
A struggling actress with a young daughter meets another single mother, an african-american woman who becomes her housekeeper. Mother-daughter tensions run high as one daughter lives in the shadow of her mother's success, while the other relentlessly rejects her racial origins.

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲကျင်းပ

ဖားအံ မေ ၃၁

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အရ (၁၈) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို မေ ၃၀ ရက်က အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း မြဝတီခန်းမ၌ ကျင်းပသည်။

ပန်းချီနှင့်ပိုစတာပြိုင်ပွဲတွင် ထက်/လယ်/မူ ကျောင်းသား ကျောင်းသူ ၂၃ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၆ ဦးယှဉ်ပြိုင်ကြသည်။

ကွန်ပျူတာပိုစတာပြိုင်ပွဲကို ဗန်းမော်ကွန်ပျူတာတက္ကသိုလ်၌ကျင်းပရာ တက္ကသိုလ် ကျောင်းသား ကျောင်းသူရှစ်ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို ရွှေကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ ပြိုင်ပွဲသို့ ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်တို့ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဝါဝါ(ဗန်းမော်)

**တစ်မျိုးသားလုံး မူးယစ်အန္တရာယ် ဝိုင်းဝန်းကာကွယ်**


KONICA MINOLTA

အကောင်းဆုံး service နှင့်အရစ်ကျငွေပေးချေမှုစနစ်များစွာ ဖြင့်ဝယ်ယူနိုင်ပါပြီ ...

09-253547980, 09-253547981, 01-383932, 01-383934

Authorized Distributor
GANDAMAR
O.A. & Business Solutions

bizhub 165
(A3 B/W Copier)
50,000/- Per Month

bizhub 195
(A3 B/W Copier)
95,000/- Per Month

bizhub C221
(A3 Color MFP)
195,000/- Per Month

Invitation Card
Presentation
Visiting Card
Brochure
Color Document
Company Profile
Print Up to 300 gram

bizhub C224e
275,000/- Per Month

A3 Digital Color MFP
with Mobile, Cloud & Document Solutions





# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၊ ငါးဦးသေဆုံး၊ ၁၅ ဦးဒဏ်ရာရ




**မန္တလေး မေ ၃၁**

နေပြည်တော်မှ မန္တလေးမြို့သို့ ယာဉ်မောင်း ကျော်စိုးမောင်းနှင်လာသည့် YGN 2G/ - - - - ခရီးသည်တင် မှန်လုံယာဉ်သည် မေ ၃၁ ရက် (ယနေ့)နံနက် ၃ နာရီခန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တံတားဦးမြို့နယ် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၅၇/၀) အရောက်တွင် ယာဉ်အရှိန်မထိန်းနိုင်ဘဲ အဝိုင်းပတ် အုတ်ခုံအား ဝင်ရောက်တိုက်မိကာ ကွန်ကရစ်လမ်းမကြီးပေါ်တွင် တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်လိုက်ပါသည့် ခရီးသည် ၃၅ ဦးအနက် အမျိုးသမီးလေးဦးနှင့် အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

အဆိုပါ ခရီးသည်တင် မှန်လုံယာဉ်ကို ယာဉ်မောင်း ကျော်စိုး (၃၅ နှစ်)သည် ရန်ကုန်-မန္တလေး-ပြင်ဦးလွင် ခရီးစဉ် မောင်းနှင်လာစဉ် အဝိုင်းပတ်အုတ်ခုံကို ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်ခဲ့ရာ အမျိုးသမီးလေးဦး၊ အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး အမျိုးသား ၁၀ ဦး၊ အမျိုးသမီးငါးဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား ပြုစုနိုင်ရေးအတွက် အနီးဆုံးဖြစ်သည့် တံတားဦးမြို့နယ်ဆေးရုံတွင် ရှေးဦးစွာ ကုသပြုစုပေးခဲ့ပြီး မန္တလေးဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကားပေါ်တွင် ခရီးသည် အမျိုးသား ၂၀၊ အမျိုးသမီး ၁၅ ဦးပါရှိပြီး ယာဉ်မောင်းကျော်စိုးအား အမြန်လမ်းမကြီးရဲစခန်း (စကားအင်း)က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သတင်း-တင်မောင်(မန္တလေး)**

**ဓာတ်ပုံ-ရဲတင့်**

# ငွေကြေးရယူလိုသဖြင့် လူသတ်ပစ္စည်းလုယူသူများအား ဖမ်းဆီးရမိ၊ တိမ်းရှောင်နေသူများ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃၁**

မေ ၂၅ ရက် ည ၆ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး သနပ္ပင်မြို့ ဈေးပိုင်းရပ်ကွက်နေ ကိုအေးမင်း (၄၆ နှစ်)သည် ၎င်း၏အလုပ်ပြင်ဆိုင်၌ ရှိနေစဉ် နေအိမ်တွင်ကျန်ခဲ့သော ဖခင်ဖြစ်သူ ဦးကျော်ရှိန်နှင့် အစ်မဖြစ်သူ ဒေါ်စန်းစန်းအေးတို့ထံ လူလေးဦးက ဝင်ရောက်လာပြီး ဦးကျော်ရှိန်နှင့် ဒေါ်စန်းစန်းအေးတို့ကိုသတ်၍ ဒေါ်စန်းစန်းအေးဝတ်ဆင်ထားသည့် ကျောက်နီလက်စွပ်တစ်ကွင်း၊ ကျောက်ဖြူနားကပ်တစ်ရန်နှင့် အိမ်ခန်းအတွင်းရှိ လက်ဆွဲအိတ်ထဲမှ ငွေကျပ်နှစ်သိန်းတို့အား လုယူသွားခဲ့ကြောင်း၊ ဒေါ်စန်းစန်းအေးနှင့် ဦးကျော်ရှိန်တို့မှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့၍ သနပ္ပင်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူနှင့် သက်သေခံပစ္စည်းများ အမြန်ဆုံးပြန်လည်ရရှိရန်အတွက် သနပ္ပင်မြို့မရဲစခန်းက အမှုစစ်အဖွဲ့ ဖွဲ့စည်းစုံစမ်းဆောင်ရွက်ခဲ့ရာ အမှုအား ကျူးလွန်ရာတွင်ပါဝင်ကြောင်း သတင်းရရှိသူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ ရန်နိုင်စိုး(ခ)ဂီးဂီး (၁၈နှစ်)နှင့် တစ်ရပ်တည်းနေ အောင်ခန့်ဇော်(ခ)တွတ်ပီ(၁၈နှစ်)တို့အား ဖြူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ်(၁၁၅) ယာဉ်ရပ်နားစခန်းတွင် မေ ၂၈ ရက် နံနက် ၃ နာရီ ၄၅ မိနစ်၌ အာကာသ ခရီးသည်တင်ယာဉ်ပေါ်မှ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့ထွက်ဆိုချက်အရ မေ ၂၅ ရက်က ဝေယံထွန်းနှင့် ခင်မင်ရင်းနှီးသူ ကိုအေးမင်း၏နေအိမ်မှ ငွေနှင့်ပစ္စည်းများ လုယူရန် မင်္ဂလာဒုံမြို့နယ် ပတ္တမြားရပ်ကွက်နေ မဝါဝါဝင်း(၂၁ နှစ်)၊ ရန်နိုင်စိုး(ခ)ဂီးဂီး၊ အောင်ခန့်ဇော်(ခ)တွတ်ပီ၊ ဝေယံထွန်းနှင့် သက်ဝေတို့သည် မဝါဝါဝင်း၏ခင်ပွန်းဖြစ်သူ သက်ဇော်ဦး(၂၇နှစ်)၊ မောင်းနှင်သည့် DD/-----ဆူဇူကီးယာဉ်ဖြင့် သွားခဲ့ကြောင်း၊ သက်ဇော်ဦး၊ ရန်နိုင်စိုး(ခ)ဂီးဂီး၊ အောင်ခန့်ဇော်(ခ)တွတ်ပီနှင့် သက်ဝေတို့လေးဦးမှာ ကိုအေးမင်း၏နေအိမ်အတွင်းသို့ သွားရောက်ခဲ့ကြောင်း၊ နေအိမ်ရှေ့တွင်တွေ့ရှိသည့် ကိုအေးမင်း၏ဖခင်ဖြစ်သူ ဦးကျော်ရှိန်နှင့် နေအိမ်အတွင်းရှိ ဒေါ်စန်းစန်းအေးတို့အားသတ်ပြီး ဒေါ်စန်းစန်းအေး ဝတ်ဆင်ထားသည့် ကျောက်နီ လက်စွပ်တစ်ကွင်း၊ ကျောက်ဖြူနားကပ်တစ်ရန်နှင့် အိမ်ခန်းအတွင်းရှိ လက်ဆွဲအိတ်ထဲမှ ငွေကျပ်နှစ်သိန်းတို့အား လုယူခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ရခြင်းမှာ ငွေကြေးရယူလိုသည့်အတွက်ဖြစ်ကြောင်း၊ မေ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် မှော်ဘီမြို့နယ် ဂျပန်ဘုရားသွားကားလမ်းပေါ်မှ မဝါဝါဝင်းအား ဖမ်းဆီးရမိခဲ့ပြီး အမှုမှ သက်သေခံပစ္စည်းနားကပ်တစ်ရန်၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် DD/ - - - - ဆူဇူကီးယာဉ်ကို သိမ်းဆည်းကာ တိမ်းရှောင်နေသူ သက်ဝေ၊ ဝေယံထွန်းနှင့် သက်ဇော်ဦးတို့အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# ဆိုင်ကယ် ကယ်ရီငှားပြီး ကယ်ရီသမားအားသတ်၍ ဆိုင်ကယ်နှင့်ရွှေငွေများအား လုယက်သူ နှစ်ရက်အတွင်းဖမ်းဆီးရမိ

လယ်ဝေး မေ ၃၁

**နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ ဆိုင်ကယ် ကယ်ရီငှားပြီး ကယ်ရီမောင်းနှင်သူအား သတ်၍ ဆိုင်ကယ်နှင့် ရွှေငွေပစ္စည်းများအား လုယက်သူကို ရဲတပ်ဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကြောင့် နှစ်ရက်အတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။**

ဖြစ်စဉ်မှာ မေ ၂၉ ရက် ညနေက လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု လမ်းစဉ်ကျေးရွာနှင့် ခြောက်မိုင်ကျေးရွာသွားလမ်းပေါ်ရှိ ရိုးချောင်းချောက်ထဲတွင် ဆိုင်ကယ် ကယ်ရီမောင်းနှင်သူ ကျော်နိုင်ဝင်းသည် ဦးခေါင်းမှာဒဏ်ရာများဖြစ် သေဆုံးနေပြီး ဆိုင်ကယ်၊ လက်ကိုင်ဖုန်း၊ ပိုက်ဆံအိတ်နှင့် လက်ဝတ်ရတနာများ ပျောက်ဆုံးနေကြောင်း သေဆုံးသူ၏ဖခင်ဖြစ်သူ ဦးကြည်ဝင်းက ယင်းည ၇ နာရီတွင် တရားလိုပြုလုပ်တိုင်တန်းသဖြင့် လယ်ဝေးမြို့မရဲစခန်းက အမှုဖွင့်ပြီး စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ခဲ့ရာ သေဆုံးသူ ကျော်ဝင်းနိုင်အား မေ ၂၈ ရက်မွန်းလွဲ ၂ နာရီခွဲခန့်က စံပြရွာဘက်သို့ အသွားအပြန် ငွေကျပ် ၆၀၀၀ ဖြင့် ဆိုင်ကယ်ကယ်ရီ ခေါ်သွားကြောင်း၊ ခေါ်သွားသူမှာ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး အသားဖြူ၍ (၃၀ နှစ်)ခန့်ရှိကြောင်းနှင့် အခင်းဖြစ်ပွားရာ အနီးဝန်းကျင်ရွာနေ ဒေသခံအချို့ထံမှ စုံစမ်းချက်များအရ ယင်းနေ့တွင် ဆိုင်ကယ် ကယ်ရီအငှား ခေါ်ဆောင်သွားသူမှာ နေမင်းကို(ခ) အရှည်ကြီး (ခ)ဖိုးလုံး အမှတ်(၅) ရပ်ကွက် လယ်ဝေးမြို့နေသူ ဖြစ်ကြောင်း ရဲအုပ်ထွန်းလှိုင်နှင့်အဖွဲ့က သတင်းအတည်ပြုနိုင်ခဲ့သည်။ ပြစ်မှုကျူးလွန်သူ နေထိုင်ရာ အမှတ် (၅) ရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ လယ်ဝေးမြို့မရဲစခန်းမှူး ဒုရဲမှူး စိုးမင်းသိန်းနှင့် နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ထွန်းလှိုင်ပါဝင်သော တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ လက်ရဖမ်းဆီးရမိခဲ့သည်။

၎င်းအားစစ်ဆေးချက်အရ မေ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲက ဆိုင်ကယ် ကယ်ရီလိုက်ပို့ပေးရန် လယ်ဝေးမြို့ မီးပွိုင့်အနီးမှ စံပြရွာသို့ အသွားအပြန် ၆၀၀၀ ကျပ်ဖြင့် ခေါ်ဆောင်သွားပြီး စံပြရွာမှ အပြန် လမ်းခရီးလူပြတ်သည့် နေရာဖြစ်သော ရိုးကူးတံတားတွင် ဆိုင်ကယ်ဆင်းတွန်းရင်း တံတားခင်းထားသည့် သစ်သားတုတ်ဖြင့် ကျော်နိုင်ဝင်း၏ ခေါင်းအား နောက်မှရိုက်ခဲ့ကြောင်း၊ သုံးချက်ခန့်ရိုက်နှက်၍ သေဆုံးသွားချိန်တွင် ကျော်နိုင်ဝင်းတွင်ပါရှိသော ငွေကျပ်နှစ်သိန်း၊ ဝတ်ဆင်ထားသော ရွှေလက်စွပ် တစ်ကွင်း၊ ဆင်းကတ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ အနက်ရောင် ဆိုင်ကယ်ကို ယူဆောင်ကာ၎င်းအိမ်သို့ ပြန်လာခဲ့ကြောင်း ဝန်ခံထွက်ဆိုသည်။ ကျော်နိုင်ဝင်းအား ထိုက်သင့်သော ပြစ်ဒဏ်ရရှိရေးအတွက် အမြန်ဆုံး တရားစွဲဆိုတင်ပို့သွားမည် ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## မီးသတိပြု

# အမရပူရမြို့နယ်တွင် ဂျင်လောင်းကစားဖမ်းဆီးရမိ

**အမရပူရ မေ ၃၁**

အမရပူရမြို့နယ် ဓနုံးကျေးရွာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် အမှတ် (၃၆၄/ ၁) အနီးရှိ ၄င်းရွာနေ မဇာဇာဝင်း(ခ) မဇာ (၂၆နှစ်) ခြံဝင်းအတွင်းတွင် မေ ၂၉ ရက် ညနေ ၄ နာရီခွဲက လောင်းကစားပြုလုပ်ကြောင်း သတင်းအရ အမရပူရမြို့မရဲစခန်းမှ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါခြံဝင်းအနောက်မြောက်ထောင့်ရှိအဆောက်အအုံပေါ်တွင် ဂျင်လောင်းကစားမှုပြုလုပ်နေသည်ကို တွေ့ရှိရသည်။ အဆိုပါလောင်းကစား ပြုလုပ်သူ သန်းထွန်း(၄၉ နှစ်) ယာဉ်မောင်း အကြော်တန်းရပ် ဟေမမာလာ မြောက်ရပ်ကွက် မဟာအောင်မြေမြို့နယ်နေသူပါ ၁၇ ဦး (အမျိုးသား ၁၃၊ အမျိုးသမီးလေး)ဦးနှင့် ခြံစောင့် မဇာဇာဝင်း(ခ)မဇာတို့ကို ဂျင်လောင်းကစားရာတွင်အသုံးပြုသည့် ပစ္စည်းများ၊ လောင်းကြေးငွေ စုစုပေါင်း ငွေကျပ် ၅၃၈၂၀၀၀၊ BB-3381 ပရိုဘောက်ခဲရောင်ယာဉ်ပါ ရှစ်စီး၊ ၅ယ/---- ဟွန်ဒါစူပါကပ် အစိမ်းရောင် ဆိုင်ကယ်ပါ ခုနစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ လောင်းကစားပြုလုပ်သူ သန်းထွန်းပါ ၁၈ ဦးကို အမရပူရမြို့နယ် မြစ်ငယ်နယ်မြေရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**မြန်မာ့မီးရထား၊ သာစည်-ရွှေညောင်လမ်းပိုင်းအတွက် (၁"×၁½")အရွယ်(စက်ခွဲ)လမ်းခင်းကျောက်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါ (၁"×၁½")အရွယ် (စက်ခွဲ)လမ်းခင်းကျောက်များကို မြန်မာကျပ်ငွေဖြင့် အောက်ပါဘူတာတွင် တွဲပေါ်အရောက် ဝယ်ယူလိုပါသည်။

| စဉ် | ကျောက်အရွယ်အစား | ပေးပို့ရမည့်တည်နေရာနှင့် ကျောက်ကျင်း |
|---|---|---|
| ၁ | ၁"×၁½" (စက်ခွဲ)လမ်းခင်းကျောက် | ဘုရားငါးဆူဘူတာ -၅၀၀ ကျင်း တွဲပေါ်အရောက် |

၂။ တင်ဒါပုံစံများကို အောက်ပါအတိုင်း ဝယ်ယူတင်သွင်းရပါမည်။
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါပုံစံဝယ်ယူရမည့်နေရာ** - အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း(၄)ရုံး၊ မြန်မာ့မီးရထား၊ ကလော အင်ဂျင်နီယာမှူး(မြို့ပြ)တိုင်း(၃)ရုံး၊ မြန်မာ့မီးရထား၊ မန္တလေး
(ဂ) **တင်ဒါပိတ်မည့်ရက်** - ၁၈-၆-၂၀၁၅ ရက် ၁၆:၀၀ နာရီ
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း(၃)ရုံး၊ မြန်မာ့မီးရထား၊ မန္တလေး
(င) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်နေရာ** - ၂၆-၆-၂၀၁၅ ရက် ၁၀:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါတစ်စုံလျှင် ၂၀၀၀ိ/-နှုန်းဖြင့် ၃-၆-၂၀၁၅ရက်မှ ၁၈-၆-၂၀၁၅ရက်အထိ အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း ၄ ရုံး၊ မြန်မာ့မီးရထား၊ ကလောရုံးနှင့် အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း ၃ ရုံး၊ မြန်မာ့မီးရထား၊ မန္တလေးတို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၈၁-၅၀၃၅၂၊ ၀၂-၃၅၉၈၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ**

# မြောက်ဥက္ကလာကြိုးတံတားအနီး နှစ်လမ်းသွားတံတားတည်ဆောက်မည်

**ရန်ကုန် မေ ၃၁**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့အကြား ဆက်သွယ်ထားသည့် လူကူးကြိုးတံတားအနီးတွင် နှစ်လမ်းသွား ကွန်ကရစ်တံတားတည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီတံတားတည်ဆောက်နိုင်ဖို့ တင်ဒါခေါ်ယူသွားပါပြီ။ ဒီနှစ်ထဲမှာ တည်ဆောက်ရေးလုပ်ငန်းတွေ စတင်ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ နှစ်လမ်းသွား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီတံတားတည်ဆောက်ပေးခြင်းဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နဲ့မြောက်ဥက္ကလာပမြို့နယ်တို့အကြား သွားလာမှုပိုမိုအဆင်ပြေလာမှာဖြစ်ပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

ယခု ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့တော်၏ အဓိကအချက်အချာကျရာနေရာများဖြစ်သည့် မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံတွင်လည်းကောင်း၊ ဗဟန်းမြို့နယ် ကုက္ကိုင်းလမ်းဆုံတွင်လည်းကောင်း၊ တာမွေအဝိုင်း ငါးခွဆုံတွင်လည်းကောင်း လေးလမ်းသွားခုံးကျော်တံတားများ တည်ဆောက်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရရုံးမှ တင်ဒါများခေါ်ယူထားသည်။

အဆိုပါ လေးလမ်းသွားခုံးကျော်တံတားများ တည်ဆောက်ရန် စီစဉ်ခဲ့ပြီးနောက် ယခုဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် မြောက်ဥက္ကလာပမြို့နယ်တို့အကြား တည်ဆောက်မည့် တံတားစီမံကိန်းပေါ်ထွက်လာခြင်းဖြစ်သည်။ ယင်းတံတားသည် ယခုနှစ်အတွင်း ရန်ကုန်မြို့တော်၌ တည်ဆောက်မည့် လေးစင်းမြောက်တံတားဖြစ်လာမည်ဖြစ်သည်။

လက်ရှိအစိုးရလက်ထက်တွင် ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုလျော့ပါးသက်သာစေရန် ကားလမ်းကူးခုံးကျော်တံတားများနှင့် လူကူးခုံးကျော်တံတားများအဖြစ် ရွှေဂုံတိုင်လမ်းဆုံ၊ မြေနီကုန်းလမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊ လှည်းတန်းလမ်းဆုံနေရာများ၌ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ရန်ကုန်မြို့တော်အတွင်း တည်ဆောက်မည့် တံတားများတွင်လည်း စံချိန်စံညွှန်းပြည့်မီရေးနှင့် နည်းပညာကောင်းမွန်ရေးအတွက် ကျွမ်းကျင်ပညာရှင်များအဖွဲ့နှင့် စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြံတိုင်းအောင်**

# ပြည်ကြီးတံခွန်မြို့နယ် ၇၀ ရာခိုင်နှုန်း ရေပေးဝေနိုင်ရေး ကန်ဒေါ်လာ သန်း ၆၀ မြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်မည်

**မန္တလေး မေ ၃၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ရေပေးဝေနိုင်မှုမရှိသေးသည့် ပြည်ကြီးတံခွန်မြို့နယ်သို့ သောက်သုံးရေများ ရရှိသုံးစွဲနိုင်စေရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၆၀ ခန့် အကုန်အကျခံကာ ဒုဋ္ဌဝတီမြစ်ရေတင်စီမံကိန်းကို မကြာမီ စတင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အပြီးသတ်ရွေးချယ်သည့် ကုမ္ပဏီနှစ်ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြထားပြီး ပြန်လည်ချထားပေးသည်နှင့် တစ်ပြိုင်နက် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

"စီမံကိန်းကြီးက မကြာမီစတင်တော့မယ်လို့ သိရပါတယ်။ သောက်သုံးရေကို လုံလောက်စွာ ရရှိနေမှသာ ကျွန်တော်တို့မြို့နယ် ပိုပြီးစည်ပင်လာမှာဖြစ်ပါတယ်။ လက်ရှိမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တွင်း လေးမြို့နယ်ကိုသာရေပေးဝေနိုင်ပါသေးတယ်။ လုပ်ငန်းကာလ တစ်နှစ်ဝန်းကျင်ကြာမယ်လို့ သိရတဲ့အတွက် မျှော်လင့်နေရတယ်"ဟု ပြည်ကြီးတံခွန်မြို့နယ်နေထိုင်သူတစ်ဦးက ပြောကြားသည်။

အဆိုပါစီမံကိန်းကို ပြီးခဲ့သည့် နှစ်ကတည်းက စီစဉ်လျက်ရှိပြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်းတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ ထောက်ပံ့ပေးမှုဖြင့်လည်း မြို့နယ်၏ ၃၅ရာခိုင်နှုန်းကို ယန်းသန်း ၂၅၀၀ခန့် သုံးစွဲကာ ယခုနှစ်မတ်လကတည်းက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနခွဲမှူး ဦးသန်းဦးက ပြောကြားသည်။

မန္တလေးမြို့တော်သည် မြန်မာနိုင်ငံ၏ အထင်ကရ မြို့ကြီးများတွင် အပါအဝင်ဖြစ်သော်လည်း ရေရရှိနိုင်ရေးအတွက် ဆောင်ရွက်မှုများတွင် အခက်အခဲများ ရှိနေသေးကြောင်း၊ ရေသွယ်ယူမှုများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်မှုများအရ အဆင့်ဆင့် အောင်မြင်မှုရရှိလာပြီး ယခုအခါ မြို့တွင်း လေးမြို့နယ်အတွက် သောက်သုံးရေလုံလောက်စွာ ပေးအပ်နိုင်ပြီဖြစ်သည့်အပြင် မြို့တွင်းလေးမြို့နယ်တွင် ရေပိုမိုရရှိစေရေးအတွက် ပြင်သစ်နိုင်ငံမှ ယူရိုသန်းပေါင်း ၄၀ခန့်ကို ရရှိချေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"မြစ်ရေတင်စီမံကိန်းဖြစ်လို့ ရေသန့်စင်မှုစနစ်ကို ပိုပြီးကောင်းမွန်အောင်ရွေးချယ်သင့်တယ်လို့ထင်မြင်ပါတယ်။ နွေအခါမှာ သောက်သုံးရေ ပြတ်လပ်တဲ့ ပြဿနာတွေဟာ နှစ်စဉ်ကြုံတွေ့နေရတာပါ။ မြို့ကြီးတစ်မြို့ရဲ့ အင်္ဂါရပ်နဲ့အညီ လိုအပ်တဲ့ အခြေခံအဆောက်အအုံမှာ ရေက အဓိကကျပါတယ်။ ကျွန်တော်တို့အတွက် အခုလိုစီစဉ်ပေးမယ်လို့သိရတာဝမ်းသာပေမယ့် အကောင်အထည်ဖော်တာကိုလည်း အမြန်ဆုံးဆောင်ရွက်စေချင်တယ်"ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

ထို့ပြင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနမှ ရေပေးဝေနိုင်မှုမရှိသေးသည့် ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် ရေအခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ရေတွင်းများတူးဖော်ခြင်း၊ ရေသိုလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်း-ခင်လေးမြင့်အောင်၊ ဓာတ်ပုံ-မောင်သဲဦး**



# မော်တော်ကားဈေးနှုန်းများ ၁၀သိန်းနှင့်အထက် မြင့်တက်နေသော်လည်း အရောင်းအဝယ်မရှိ

**ရန်ကုန် မေ ၃၁**

ဒေါ်လာဈေးနှုန်းများ မြင့်မားလာသည့်အတွက် ဆက်စပ်ကုန်စည်များ ဈေးနှုန်းမြင့်တက်လျက်ရှိရာ နိုင်ငံခြားမှ တင်သွင်းသည့် မော်တော်ကားဈေးနှုန်းများနှင့် ယင်းဈေးကွက်ဆက်စပ်ကုန်များလည်း ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။

"ကားသစ်တွေကို ဈေးဖြတ်ရာမှာ ဒေါ်လာဈေးတက်တော့ သူပါလိုက်တက်သွားတယ်။ ဒီလိုနဲ့ စလစ်ဈေးရော၊ ဝယ်ရောင်းဈေးကွက်ထဲမှာပါ ဈေးနှုန်းတက်လာတာ။ အခုဆိုရင် နှစ်ပတ်ဆက်တိုက် ဈေးက အမြင့်မှာရပ်တည်နေတယ်"ဟု ဟံသာဝတီအဝိုင်းအနီး မော်တော်ယာဉ်ဝယ်ရောင်းလုပ်ကိုင်သူ ကိုကျော်ဇေယျာထွန်းက ပြောကြားသည်။

သို့သော် မိုးရာသီအစဖြစ်သည်နှင့်အညီ အရောင်းအဝယ်မှာ ဈေးနှုန်းမြင့်တက်သည်နှင့်ပြောင်းပြန် ကျဆင်းလျက်ရှိကြောင်း သိရသည်။

"ကားဈေးနှုန်းတွေက အမျိုးအစားအလိုက် ၁၀ သိန်းကနေ ကျပ်သိန်း ၂၀ အထိ မြင့်တက်လာတယ်။ ဈေးမြင့်ပေမယ့် အရင်းဈေးနှုန်းနဲ့ ရောင်းချသူတွေတောင် ဝယ်လက်ကို ရရှိဖို့ခဲယဉ်းတယ်။ ဒေါ်လာဈေးတက်တာအပြင် စလစ်ကလည်း အပြိုင်ဈေးတက်တာ၊ ကားပါကင်ရှိကြောင်းထောက်ခံချက်ကလည်း ငွေကျပ် ရှစ်သိန်းကျော်အထိ မြင့်တက်လာတော့ ဝယ်လက်က လုံးလုံးကိုမရှိသလောက်ဖြစ်နေတယ်"ဟု မော်တော်ကားရောင်းဝယ်သူတစ်ဦးက ပြောကြားသည်။

"ဈေးက ဒေါ်လာမြင့်တက်တော့ ကျွန်တော်တို့လည်း ပေါက်ဈေးအတိုင်းတွက်ရတဲ့အတွက် လွန်ခဲ့တဲ့သုံးလက ဝင်ထားတဲ့ကားဆိုရင် အဲဒီဈေးနဲ့ မရောင်းနိုင်ဘူး။ အလိုလိုတက်ရတယ်။ ဈေးမြင့်တော့ အရောင်းအဝယ်မဖြစ်ဘူး။ တစ်လလုံးကို ကား ၁၀ စီးရောင်းရရင် ကံထူးတဲ့ အနေအထားဖြစ်နေတယ်"ဟု တောင်ဥက္ကလာပမြို့နယ်ရှိ ကားအရောင်းစင်တာမှ မန်နေဂျာဖြစ်သူက ပြောသည်။

လက်ရှိကားဈေးနှုန်းများမှာ ၂၀၀၄မော်ဒယ်လ် အာရာဖတ် တူးဝီးကို ငွေကျပ်သိန်း ၂၅၀၊ ကလူဂါ တူးပွိုင့်ဖိုက်မှာ ကျပ်သိန်း ၂၆၀၊ ဖီလ်ဒါ(ဂျီ)မှာ ငွေကျပ်သိန်း ၁၉၀ နှင့် ဟွန်ဒါဖစ်အက်ဖ်ရိုးရိုးမှာ ကျပ်သိန်း ၁၁၀၊ ပရိုဘောက် ၂၀၀၉ မော်ဒယ်လ်ကားများ ငွေကျပ်သိန်း ၁၂၀နှင့် ဟိုက်ဂျက် ၂၀၀၈ မော်ဒယ်များမှာ ငွေကျပ် ၇၃ သိန်းအထိ ဖြစ်လာကြောင်း သိရသည်။

**သွန်းဝသန်**


တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

(မြို့လယ်ကျောင်း)

BASIC ENGLISH SPEAKING
7:30 - 9 (Mon ~ Thurs) 27 May
10-11:30 (Mon ~ Thurs) 17 Jun
9 - 12:00 (Sat + Sun) 20 Jun
1 - 2:30 (Mon ~ Thurs) 22 Jun
1 - 2:30 (Mon ~ Thurs) 29 Jun

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 3 Jun
1 - 4:00 (Sat + Sun) 20 Jun
3:30 - 5 (Mon ~ Thurs) 8,10 Jun
1 - 2:30 (Mon ~ Thurs) 10 Jun
6 - 7:30 (Mon ~ Thurs) 15 Jun
10-11:30 (Mon ~ Thurs) 22 Jun

BASIC WRITING
10-11:30 (Mon ~ Thurs) 6 Jul

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 27 May
7:30 - 9 (Mon ~ Thurs) 3 Jun
1 - 4:00 (Sat + Sun) 6 Jun
10-11:30 (Mon ~ Thurs) 17 Jun
9 - 12:00 (Sat + Sun) 20 Jun

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 27 May
1 - 2:30 (Mon ~ Thurs) 1 Jun

VOCAB ENRICHMENT
1 - 2:30 (Mon ~ Thurs) 25 May
10-11:30 (Mon ~ Thurs) 22 Jun

BASIC GRAMMAR
10-11:30 (Mon ~ Thurs) 13 Jul

(လှည်းတန်းကျောင်းခွဲ)

BASIC ENGLISH SPEAKING
7:30 - 9 (Mon ~ Thurs) 10 Jun
10-11:30 (Mon ~ Thurs) 22 Jun
1 - 2:30 (Mon ~ Thurs) 22 Jun

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 3 Jun
7:30 - 9 (Mon~ Thurs) 10 Jun
4:30-7:30 (Sat + Sun) 13 Jun
3:30 - 5 (Mon ~ Thurs) 15 Jun

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30-10:30 (Sat + Sun) 27 Jun

INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 12 Jul

IELTS (Preparation)
12:30 - 3:30 (Sat + Sun) 20 Jun

IELTS (Preparation)
1 - 3:30 (Mon ~ Thurs) 1 Jun

IELTS Exam Practice
3:30 - 5 (Mon ~ Thurs) 25 May

IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 8 Jun

IELTS (Reading)
7:30 - 9 (Mon ~ Thurs) 15 Jun

IELTS (Writing)
8 - 11:00 (Sat + Sun) 31 May



## အသိပေးနှိုးဆော်အပ်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ နန္ဒဝန်ပါဠိတက္ကသိုလ်ကျောင်းတွင် အခြေပြုမှစ၍ ပထမငယ်၊ ပထမလတ်တန်းစာများကို သင်ကြားပို့ချလျက် ရှိပါသည်။

အခြေပြုမှစ၍ ပထမငယ်၊ ပထမလတ်တန်း ရဟန်း၊ သာမဏေများ လာရောက်နေထိုင်ပညာသင်ကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဦးသြဘာသ(မွှာစရိယ)**
**နန္ဒဝန်ပါဠိတက္ကသိုလ်ကျောင်း**



**ပြည်ထဲရေးဝန်ကြီးဌာန**
**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မော်လမြိုင်ခရိုင်စုပေါင်းရုံး ဆောက်လုပ်ခြင်းနှင့် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား စိတ်ပါဝင်စားသူ လိုင်စင်ရဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် ဒေသခံကုမ္ပဏီအား ဦးစားပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်-

၃။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ ရက် (တနင်္လာနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်** - ၃၀-၆-၂၀၁၅ ရက် (အင်္ဂါနေ့)
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
(ဃ) **ဆက်သွယ်ရမည့်ဖုန်း** - ၀၅၇-၂၄၈၇၇
၀၅၇-၂၄၈၇၈

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း-၀၅၇-၂၄၈၇၇၊ ၀၅၇-၂၄၈၇၈**



## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၂၊ မြေကွက်အမှတ် ၅၆၀၊ မြေကွက်တည်နေရာအမှတ် ၅၆၀၊ (၁၂၂)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဦးဝင်းမြင့်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဝင်းမြင့် ၁၂/ဥကမ(နိုင်)၀၇၈၀၇၄က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်(ဂရန်သစ်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## သွေးသည် အသက်



## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၃၇၀၄၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှာသာကြီး)**



## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၃ဂ/၇၂၃၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှာသာကြီး)**

# ပန်ကာအသုံးပြုသူများ သတိထားဆင်ခြင်စရာ



ကျော်စိုး(ကော့သောင်း)

ယနေ့ကမ္ဘာကြီးသည် ပူနွေးသထက်ပူနွေးလာသည်။ အိုဇုန်းလွှာများ ပေါက်သထက် ပေါက်၍လာသည်။ ကမ္ဘာနှင့်အဝန်း နေရာဒေသတိုင်းတွင် အပူချိန်များ သာမန်ထက် မြင့်တက်လျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာပေါ်ရှိသည့် တိုင်းပြည်တစ်ပြည်ဖြစ်သည့် အားလျော်စွာ အပူဒဏ်ကို နေရာအနှံ့ ဆိုးရွားစွာခံစားနေရသည်။ အပူဒဏ်ကို လျော့ကျစေဖို့ နည်းလမ်းများစွာထဲက ငွေကြေးတတ်နိုင်သူများက အဲယားကွန်းတပ်ဆင် အသုံးပြုကြသလို သာမန်လူများက တန်ဖိုးနည်း လျှပ်စစ်ပန်ကာများ အသုံးပြု၍ အပူဒဏ်သက်သာရေး ဖြေရှင်းကြသည်။ ဤနေရာတွင် ပန်ကာအသုံးပြုခြင်း၏ ဘေးထွက်ဆိုးကျိုး အန္တရာယ်များကို သိထားရန် လိုအပ်လာသည်။

**ပန်ကာနှင့်အိပ်စက်ခြင်း၏ အန္တရာယ်များ**

အိပ်မပျော်သူများအတွက် ပန်ကာနှင့်အိပ်စက်ခြင်းက ညင်သာစွာ လှုပ်သိပ်စေသလိုဖြစ်သည်။ သို့သော် ဘေးထွက်ဆိုးကျိုးများက လူတစ်ယောက်၏ ကျန်းမာရေးကို ထိခိုက်စေသည်။ အိပ်စက်သူ၏ အသက်အရွယ်ပေါ်မူတည်ပြီး ကွဲပြားသော ကျန်းမာရေးဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ အချို့က လက်ကပ်ခြင်း၊ နှာစေးခြင်း၊ ကျောအောင့်ခြင်း၊ အဆုတ်အအေးမိခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခြေထောက်များလေးခြင်း စသည်ဖြင့် အမျိုးမျိုးကွဲပြားတတ်သည်။

**အသံ**

ပန်ကာမှထွက်သော အသံကြောင့် အိပ်ချိန်တွင် နှောင့်ယှက်မှုအသေးအမွှားကို ဖြစ်စေသည်။ ပန်ကာအသေးများက နှောင့်ယှက်မှုနည်းသော်လည်း မျက်နှာကြက်ပန်ကာမျိုးက မိမိ၏အိပ်ချိန်ကို အနှောင့်အယှက်ပို၍ ဖြစ်စေသည်။

**ရုတ်တရက်ကလေးသေဆုံးမှုများ**

ကျန်းမာရေးစောင့်ရှောက်မှု ကွပ်ကဲရေးအဖွဲ့အစည်းတစ်ခု၏ ရှာဖွေတွေ့ရှိချက်အရ ကလေးအိပ်ခန်းတွင် ပန်ကာနှင့်အိပ်စက်ခြင်းဖြင့် ကလေးများ ၇၀ ရာခိုင်နှုန်းခန့် ကျန်းမာရေးထိခိုက်စေခြင်း၊ သေဆုံးခြင်းတို့ကို ဖြစ်စေသည်ဟု သိရသည်။ အခန်းတွင်း လေဝင်လေထွက်ကောင်းပြီး ကာဗွန်ဒိုင်အောက်ဆိုက်များကို ပြင်ပသို့ ထုတ်ပစ်နိုင်ခြင်းအား တားဆီးသလိုဖြစ်ရပြီး ကလေးများ အသက်ရှူသွင်းခြင်းစနစ်ကို ထိခိုက်စေသည်ဟု သိရသည်။

**ခြောက်သွေ့သောလေ**

ပန်ကာက လေကို ခြောက်သွေ့စေသဖြင့် အိပ်စက်သူများသည် ယင်းလေကြောင့် ပါးစပ်မှ လေပြွန်ကို ခြောက်သွေ့စေပြီး ရေဆာစေသဖြင့် အပြည့်အဝ အိပ်စက်နိုင်ခြင်းမရှိချေ။

**ဦးခေါင်းခွံအတွင်းရှိ လေလမ်းကြောင်း**

နေ့အချိန်ပန်ကာတွင် ဖုန်များကပ်ညိလေ့ရှိသည်။ သို့ဖြစ်၍ပန်ကာကို ဖွင့်လိုက်သောအခါ ဖုန်ကပ်နေသော ပန်ကာမှလေများကို အိပ်စက်သူ၏ ဦးခေါင်းခွံတွင် နှာခေါင်းပေါက်နှင့် ဆက်သွယ်ထားသော ဦးခေါင်းအတွင်း လေလမ်းကြောင်းကို ပိတ်စေသည်။ သို့ဖြစ်၍ ပန်ကာများကို ပုံမှန်ဆေးကြောပေးသင့်သည်။

စာဖတ်သူများအနေဖြင့် ပန်ကာအသုံးပြုခြင်း၏ ဘေးထွက်ဆိုးကျိုးများ အန္တရာယ်များကို ဗဟုသုတဖြစ်စေရန်အလို့ငှာ တစ်ဆင့်မျှဝေ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

**(ကျမ်းကိုး - Health-Care-Online မှ မှီငြမ်းကိုးကားရေးသားပါသည်။)**

## လောကနာထစေတီ စိန်ဖူးတော်၊ ငှက်မြတ်နားတော် လှည့်လည်ပူဇော်

**ထားဝယ် မေ ၃၁**

လူ၊ နတ်၊ ပြဟ္မာ သုံးလောကသားတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော ဘေးရန်ကင်းကွာ အောင်ခြင်း မင်္ဂလာကို ပေးတော်မူသည့် လူတို့၏ အထွတ်အမြတ်ထားရာ ပူဇော်နိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် မယင်းကြီးဒေသ တောင်ပေါ်တွင် တည်ထားကိုးကွယ်မည့် လောကနာထ အဘယစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ဘုံအဆင့်များနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို မေ ၂၈ ရက်က ထားဝယ်မြို့ ဘုရားကြီးဝင်းအတွင်းမှ မြို့အတွင်းသို့ လှည့်လည်အပူဇော်ခံသည်။

လောကနာထ အဘယစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ဘုံအဆင့်များနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို မယင်းကြီးဒေသ စေတီတော်မြတ်ကြီး တည်ထားရာ တောင်ပေါ်ရှိ ဓမ္မာရုံတွင်ပူဇော်ခံထားရှိသည်။ လောကနာထ အဘယ စေတီတော်မြတ်ကြီး၏ ရွှေထီးတော်ဘုံအဆင့်များနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကို ဇွန်လပထမပတ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြန်အောင်ဘဏ်ခွဲမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ်သိန်းပေါင်း ၉၉၀၀၀ ကျော်ကို မေ ၂၉ ရက်က မြန်အောင်မြို့နယ်ရှိ ကျေးရွာအုပ်စု ၅၇ အုပ်စုမှ တောင်သူ ၁၇၀၀၀ ကျော်အား စတင်ထုတ်ချေးစဉ်။**

ဝင်းမိုလ်

## စိုက်ပျိုးစရိတ် ချေးငွေများ မွန်ပြည်နယ်၌ ထုတ်ချေး

**မော်လမြိုင် မေ ၃၁**

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့်အညီ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာရေးနှင့် ဝင်ငွေတိုးတက်လာစေရန်အတွက် မွန်ပြည်နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲများမှ မေလစတုတ္ထပတ်ကစ၍ ၂၀၁၅ မိုးရာသီစပါးစိုက်ပျိုးစရိတ် ချေးငွေများကို ချေးငွေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိသည်။

မိုးစပါးတစ်ဧက ငွေကျပ်တစ်သိန်းနှုန်း၊ အတိုးနှုန်း တစ်လ ၄၂ ပြားဖြစ်ပြီး မေ ၂၂ ရက်အထိ သံဖြူဇရပ်၊ ရေး၊ မုဒုံ၊ ကျိုက်မရောမြို့နယ်ဘဏ်ခွဲလေးခုမှ ကျေးရွာ ခြောက်ရွာ၊ အစုအဖွဲ့ ၃၄ ဖွဲ့၊ တောင်သူ ၉၇ ဦး၊ မိုးစပါးဧက ၅၃၀၊ ချေးငွေကျပ်သိန်း ၅၃၀ ထုတ်ချေးပြီးဖြစ်သည်။

ယခု ၂၀၁၅ မိုးရာသီ ချေးငွေလျာထားချက်မှာ ၁၀ မြို့နယ် အတွက် ငွေကျပ် ၃၁၂၅၄ ဒသမ ၁၀ သန်း ထုတ်ချေးရန် လျာထားသည်။

ပြည်နယ်မှ ယခင်နှစ်ထက် စောစီးစွာ ထုတ်ချေးနိုင်သဖြင့် ဇူလိုင်လတွင် အပြီးသတ်ထုတ်ချေးသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

**ဖခင် အမည်မှန်**
လှိုင်ကော်မြို့၊ အထက(၁) နဝမတန်းမှ မောင်လောရင်းမြင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးဆယ်ဘာစတားနိုဖြစ်ပါကြောင်း။
ဦးဆယ်ဘာစတားနို

**အမည် မှန်**
ဒီမောဆိုမြို့နယ်၊ ဒေါ်ဘူးကူးကျေးရွာနေ ဦးသဲရယ်၏သမီး မစုစုဝေ၏ အမည်မှန်မှာ မဒေးမြာ ၂/ဒမဆ(နိုင်)၀၅၂၈၀၈ ဖြစ်ပါကြောင်း။
မဒေးမြာ

**မိခင် အမည်မှန်**
လှိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်၊ အမှတ်တ/၃၉၀ နေ မောင်ဟင်နရီ၏ မိခင်အမည်မှန်မှာ ဒေါ်ဂျာဆင်းတာဖြစ်ပါကြောင်း။
ဒေါ်ဂျာဆင်းတာ

**ရွှေစံအိမ်အဆောင့်မြင့်တည်းခိုခန်း**
ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ၅မိနစ်သင်္ဘောစီး
ဒလဘက်ရောက်လျှင် ၅မိနစ်ဆိုက်ကားစီး
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၆
၀၉ ၂၅၂၀၈၂၅၃၃
၈၀၀၀ ကျပ်
၁၂၀၀၀ ကျပ်

**ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ**
ရှေးမူမပျက်ခေတ်မှီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်/ မင်္ဂလာဇော်ကွန်း/ စာတာ/ ဂဏန်းဗေဒင်အဟောများ/ နက္ခတ်အဟောများ/ မိဘနာမည်တွဲသုံးပုံလမ်းညွှန်/ တစ်သက်တာဟောစာတမ်းများ/ နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀ နယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပြူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။



အမှတ်(၃၅) မြေညီထပ်(၈၃)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့။(ပိတ်ရက်မရှိ)
☎01-394727,01-399426,09-73009994,09-5152521



# အမြို့မြို့အနယ်နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားများကျင်းပ

**လပွတ္တာ**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် အမှတ်(၂)ရပ်ကွက် သုခိတာရာမ(ပရဟိတ)ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းတွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက်က ကျင်းပသည်။

ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် အလှူရှင်များက လှူဒါန်းကြရာ ခရိုင်ပညာရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်ပညာရေးမှူး ဦးအေးကျော်နှင့် တာဝန်ရှိသူများကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

---

**တန့်ယန်း**

ရှမ်းပြည်နယ် (မြောက်ပိုင်း)တန့်ယန်းမြို့နယ် ပညာရေးဌာနက ကြီးမှူး၍ ၂၀၁၅-၂၀၁၆ပညာသင်နှစ်၏ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သော ကျောင်းသုံးဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများကို တာဝန်ရှိသူများကပေးအပ်ရာ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများက လက်ခံယူခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(iprd)**

---



ကျောင်းအပ်နှံရေးသီတင်းပတ်၏ တတိယနေ့ မေ ၂၇ ရက်က မင်္ဂလာဒုံမြို့နယ် အထက(၁)ကျောင်း၌ မူလတန်းကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။

(ခရိုင် ပြန်/ဆက်)

# ကျေးဇူးတင်ထိုက်၍ ကျေးဇူးတင်ပါသည်



ဆောင်းပါး-မရွှေကျင်
ဓာတ်ပုံ-ပိန်းလေပ်သိန်းညွန့်

ရွှေကျင်-မဒေါက်ကလေးတံတားကို တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီး ရွှေကျင်-မဒေါက်ဒေသ၌ မိုးရာသီအခါတွင် စစ်တောင်းမြစ်ရေကတက်၊ ရွှေကျင်ချောင်းရေကတိုးနှင့် ရေဖွေးဖွေးမှ လှေကလေးနှင့် လှော်ခတ်ခဲ့ရသည်။ ယခုခေတ်တွင် စက်လှေနှင့်တစ်ဖုံ သွားလာလှုပ်ရှားရင်း နှစ်စဉ် ရေကြီးမှုဒဏ်ကို ခံစားခဲ့ရသည်။ ယခုအခါမှာ ရေနုတ်မြောင်းကို သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်းများက ပြုပြင်တည်ဆောက်ပေးသည့်အတွက် ရွှေကျင်မြို့လေးသည် ရေဒုက္ခမခံစားရသည်မှာ နှစ်နှစ်ရှိပြီဖြစ်သည်။

ရွှေကျင်မြို့လေး၏ တစ်ဖက်ကမ်း မဒေါက်ကို ရေစီးသန်သည့် စစ်တောင်းမြစ်ကပိုင်းခြားထားသည်။ ရွှေကျင်မြို့ကိုသွားလိုလျှင် ယင်းစစ်တောင်းမြစ်ကို ခက်ခဲကြမ်းတမ်းစွာ ကူးဖြတ်ရပြီး ဒုက္ခမျိုးစုံကို ရွှေကျင်မြို့လေးက အန်တုကာခံစားခဲ့ရသည်။

ယခုအခါ မဒေါက်နှင့် ရွှေကျင်မြို့ကို (စစ်တောင်းမြစ်ကိုဖြတ်လျက် ပေ ၁၅၀၀) တန်ချိန် ၃၆ တန် ခံနိုင်ဝန်အားရှိ သံကူကွန်ကရစ်အမျိုးအစား စစ်တောင်းမြစ်ကူးတံတား(ရွှေကျင်-မဒေါက်)ကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ဖွင့်လှစ်ပေးခဲ့ရာ ရွှေကျင်မြို့သူမြို့သားများ ဝမ်းသာမဆုံးဖြစ်ခဲ့ရသည်။ တစ်ဖန် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ အမှတ် (၄) ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က လည်းကောင်း၊ အမှတ် (၃)ကို ၂၀၁၁ ခုနှစ် မတ် ၂၀ ရက်က လည်းကောင်း၊ စက်ရုံအမှတ်(၂) ကို ၂၀၁၁ ခုနှစ် မေ ၂၅ ရက်က လည်းကောင်း တပ်ဆင်ပြီးစီး၍ လျှပ်စစ်ဓာတ်အား ၅၆ ဒသမ ၇၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့အတွက် ကျက်သရေဆောင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံလည်း ပေါ်ထွန်းလာခဲ့သည်။ မီးအားများလည်း အပြည့်အဝခံစားခဲ့ရပြီဖြစ်သည်။

ယခုတစ်ဖန် ရွှေကျင်၊ ညောင်လေးပင်၊ မဒေါက်၊ ရန်ကုန်မြို့တို့ကို ဆက်သွယ်ထားသည့် (မဒေါက်ကလေးတံတား) ရွှေကျင်မြို့နယ် အနောက်ဘက် ကျေးရွာအုပ်စုရှိ ယခင် သံပေါင်ဘေလီတံတားသည် ခံနိုင်ဝန် ခြောက်တန်သာရှိပြီး သွားလာဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလွန်းသဖြင့် နိုင်ငံတော်က ခံနိုင်ဝန် ခြောက်တန်အစား ခံနိုင်ဝန် ၆၀၊ လမ်းအကျယ် ၂၄ ပေ၊ လမ်းအရှည် ပေ ၆၀၀ တံတားကို (သံကူကွန်ကရစ်)ရေကင်းလွတ်အမြင့် ခြောက်ပေရှိ တံတားကြီးကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၄ ရက်က စတင်၍ တည်ဆောက်ခဲ့သည်မှာ ယခုအခါ တံတားကြီးပြီးစီး၍ ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် ရွှေကျင်မြို့မှ အမြန်ခရီးစဉ်တစ်လျှောက် ကျေနပ်နှစ်သိမ့်ကြည်နူးခဲ့ရသည်။

ထို့အပြင် တောင်ပေါ်မြေပြန့်တွင် ငြိမ်းချမ်းရေး ရလာသည့်အတွက် အမြဲညိုခဲ့ရသော ရွှေကျင်မြို့လေးသည် ယခုအခါ အဖြူရောင်သန်းခဲ့ပြီဖြစ်သည့်အတွက် ကျေးဇူးတင်ထိုက်သော နိုင်ငံတော်ကို ရွှေကျင်မြို့လေးက ကျေးဇူးတင်နေမည်မှာ မလွဲဧကန်ဖြစ်ပါတော့သည်။

# ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်

**မိုးနဲ မေ ၃၁**

၂၀၁၅-၂၀၁၆ ခုနှစ် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးနည်းပညာပေးသင်တန်းကို မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မေ ၂၉ ရက် နံနက် ၁၀ နာရီက မိုးနဲမြို့ ကမ္ဘောဇခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးမြင့်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မိုးမိုး၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်နီနီထွေးနှင့် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်နှင်းနှင်းဖြူတို့က သက်ဆိုင်ရာလုပ်ငန်းများအလိုက် Power Point ဖြင့် ရှင်းလင်းပို့ချကြသည်။

ယင်းနောက် တက်ရောက်လာကြသော သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်တာဝန်ခံများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြို့ပေါ်ငါးရပ်ကွက်နှင့် ကျေးရွာ ၁၁ အုပ်စုတို့မှ တောင်သူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

MCC.i
MCC Training Institute



ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ ဘွဲ့သင်တန်းများ
B.Sc (Hons) Business IT, University of Greenwich, UK
- Full - Time (Mon-Fri)
- Part - Time (Sat-Sun) (Part - Time)

June Intake Enroll Now!

www.facebook.com/mcc.institute
Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 09-402671562, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966

ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များရှိသဖြင့် အမြန်ဆက်သွယ်ပါ။

MSI ၏ နိုင်ငံတကာပညာသင်ဆုလျှောက်လွှာခေါ်ယူခြင်းနှင့် ပညာရေးဆွေးနွေးပွဲကြီး
MYANMAR SEARCH INT'L — Knowledge . Career . Family
Webster University Thailand Campus · Taylor's University · Westminster · Kaplan Higher Education Academy · KDU College

ပညာသင်ဆု% အနည်းဆုံး ၃၀% မှ ၈၀%ထိ

ဘွဲ့ဒီဂရီတန်းနှင့် မဟာဘွဲ့တန်းတို့၏ ဘာသာရပ်များအားလုံးအတွက် ပညာသင်ဆုလျှောက်လွှာများကို တက္ကသိုလ်ကျောင်းများမှ တာဝန်ရှိသူများ ကိုယ်တိုင်ဆွေးနွေးလက်ခံမည်ဖြစ်၍ "ပညာရေးစာရွက်စာတမ်းများ" ပြည့်စုံစွာယူဆောင်လာရန်။

- ဆွစ်ဇာလန်ဘွဲ့၊ ဒီပလိုမာကို အလုပ်သင်ကာလ+ပညာသင်ဆု 80%ပူးတွဲချီးမြှင့်နေသည့် ပီနန်မြို့ရှိ KDU College
- ကျောင်းဝင်ကြေးကင်းလွတ်ခွင့်ဖြင့် ဩစတြေးလျ၊ အင်္ဂလန်၊ အိုင်ယာလန်နိုင်ငံတို့၏ အဆင့်မြင့်ဘွဲ့ဒီဂရီများကို ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်တိုအတွင်း တိုက်ရိုက်ရရှိနိုင်သော Kaplan တက္ကသိုလ်
- မြန်မာကျပ်ငွေ(၇၅)သိန်းဖြင့် အရည်အသွေးမီ MBA ဘွဲ့ကို သင်ယူနိုင်သော အင်္ဂလန်နိုင်ငံ၏ ကျောင်းခွဲ Westminster International College
- ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များသို့ Transfer Programဖြင့် လွယ်ကူစွာကူးပြောင်းသင်ယူနိုင်ပြီး ပညာရေးဝန်ကြီးဌာနမှ Excellent Award ရရှိထားသောTaylor's University
- အနောက်ဥရောပနိုင်ငံရှိ Campus (၉)ခုသို့ ထိုင်းနိုင်ငံ၏ ကျောင်းလခဖြင့် ကူးပြောင်းတက်ရောက်နိုင်ပြီး ပညာသင်ဆုများလျှောက်ထားနိုင်သော အမေရိကန်တက္ကသိုလ် Webster University Thailand Campus

Free Seminar
Free Application

ရန်ကုန် — 5-6-2015 (Fri) 10:00 AM to 12:00 Noon Sule-Shangrila Hotel (ကုန်းဘောင်နှင့်တကောင်းခန်းမ)
မန္တလေး — 6-6-2015 (Sat) 2:00 PM to 4:00 PM Hotel Mandalay (စံပယ်ဖြူခန်းမ)
တောင်ကြီး — 7-6-2015 (Sun) 1:30 PM to 3:30 PM Royal Star Hotel (ခန်းမကြီး)

MSI
No . 234, 2nd floor (Right), Shwe Bon Tha Street (Middle Block), Pabedan Township, Yangon.
09- 5103915, 01- 389915 , 01- 250929
www.msieducation.com · MyanmarSearchInternational

## သတင်းတို

### မြစိမ်းရောင်စီမံကိန်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

ချင်းပြည်နယ် ဟားခါးခရိုင် နာရိန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်နေမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလိန်းနိုင်၊ ထန်တလန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးချန်ဟမ်းနှင့် ဝန်ထမ်းများက မေ ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


**နေစု(ချင်းရိုးမ)**

# အင်းတော်ကြီးအင်း ငှက်သဘာဝ ပေါ်ကြွယ်ဝရေး ရေလုပ်သားများနှင့် ဒေသခံများ ပူးပေါင်းပါဝင်ရန်လိုအပ်

**မိုးညှင်း မေ ၃၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးအင်း၌ ငှက်သဘာဝ ပေါ်ကြွယ်ဝရေးအတွက် ဒေသခံ ရေလုပ်သားကြီးများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အင်းတော်ကြီး ဒေသတစ်ခုလုံးက ဒီအင်းကြီးကို အမှီပြုပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နေကြပါတယ်။ ဒီဒေသတစ်ခုလုံးက အင်းငါးကို အဓိကထားကြတာပါ။ အင်းကို အမှီပြုပြီး လုပ်ကိုင်နေကြတဲ့ ရေလုပ်သားတွေ၊ ဒေသခံတွေရဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် ရေရှည်မှာ ငှက်သဘာဝပေါ်ကြွယ်ဝရေးကို အလေးထားရမှာပါ။ ဒီအတွက် ငါးဖမ်းတဲ့ ရေလုပ်သားကြီးတွေက ငါးဖမ်းတဲ့နေရာမှာ အနည်းဆုံး နှစ်လက်မပိုက်ကွန်တွေနဲ့ ဖမ်းကြဖို့၊ အဲဒီအောက်ငယ်တဲ့ ပိုက်တွေနဲ့ မဖမ်းဖို့လိုအပ်ပါတယ်။ ဒါဟာထိန်းသိမ်းမှုတစ်ရပ်ပါ။ နောက်ပြီး ရှော့ခ်တိုက် ငါးဖမ်းခြင်း၊ အဆိပ်ချငါးဖမ်းခြင်း၊ ချောင်းပိတ်၊ မြောင်းပိတ်ဖမ်းခြင်းတွေမလုပ်ဖို့နဲ့ အင်းအတွင်း သတ်မှတ်ထားတဲ့ ငါးမဖမ်းရဇုန်တွေမှာ မဖမ်းဖို့ စည်းကမ်းလိုက်နာရမှာဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ကချင်ပြည်နယ်အစိုးရအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ယခုအခါ အင်းတော်ကြီးအင်း၌လည်း ငှက်သဘာဝ ပေါ်ကြွယ်ဝရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အင်းရေလုပ်သားကြီးများကလည်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန် လိုအပ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

**နီတိုး**

## ရင်ဖွင့်ပေးစာ

# နှလုံးသားဖြူစင်သူတို့ စုဝေးရာ ခုတင်(၅၀၀)

ကျွန်မ၏ အကြောက်ဆုံးနေရာသည် ဆေးရုံဖြစ်သည်။ လွန်ခဲ့သော နှစ် ၃၀ ကျော်ကတည်းကပင် မိမိနေမကောင်းပါက ဆေးရုံပို့ရန် ဆရာဝန်ကပြောလာလျှင် မပို့ပါနှင့်။ အိမ်မှာပဲ အသေခံမယ်ဟု သားသမီးများကို မကြာခဏပြောထားလေ့ရှိသည်။

ဆေးရုံများအပေါ် ထားသော ကျွန်မ၏ သဘောထားသည် ယခုနှစ် ဧပြီ ၁၀ ရက် သမီးငယ် ဆေးရုံတက်သည့်အချိန်မှစတင်ကာ တိမ်စိုင်များကင်းသွားသဖြင့် ကြည်လင်လာသောကောင်းကင်ကဲ့သို့ ပြောင်းလဲသွားခဲ့ပါသည်။

ကျွန်မ၏သမီးသည် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပြီး သူ့ဝန်ထမ်းအလုပ်ကိုလည်း မြတ်နိုးတွယ်တာသည်။ သူကျန်းမာရေးထိခိုက်လာသဖြင့် ဆရာဝန်အဆင့်ဆင့်ပြသခဲ့ပြီးနောက် ရန်ကုန်ဆေးရုံကြီး အထူးခွဲစိတ်ကုသဆောင် ၇/၈ သို့ ရောက်ရှိခဲ့သည်။ ထိုအဆောင်မှ အထူးကုဆရာဝန်ကြီး ဦးမြင့်မောင်၏ မေတ္တာ၊ စေတနာနှင့်ဆေးရုံများ၏ ပြောင်းလဲမှုများကို စတင်မြင်တွေ့ခဲ့ရသည်။ ကျွန်မသမီး၏ရောဂါကို စမ်းသပ်စစ်ဆေးပြီး လိုအပ်သည့် ရောဂါကုသမှုများ စတင်ဆောင်ရွက်ချိန်အတွင်း အထူးကုဆရာဝန်ကြီး ဦးမြင့်မောင်နှင့် တာဝန်ကျဆရာဝန်များ၊ သူနာပြုများသည်လူနာကို သားသမီးကဲ့သို့ စေတနာ၊ မေတ္တာထားကာ ဆက်ဆံကုသပေးနေသဖြင့် ကျွန်မသမီး၏ ရောဂါဝေဒနာသည် တစ်ဝက်ခန့်ပျောက်ကင်းသွားနိုင်ပြီဟု မိခင်တစ်ဦးအနေဖြင့် သိရှိခံစားလိုက်ရပါသည်။

ထို့နောက် အထူးကုဆရာဝန်ကြီး ဦးမြင့်မောင်မှတစ်ဆင့် အထူးကုဆရာဝန်ကြီး ဦးတင့်ဇော်ဦးထံ လွှဲပြောင်းကုသစေခြင်းဖြင့် ကျွန်မ၏ သမီးသည် အသည်း၊ ကျောက်ကပ်နှင့် ရင်ခေါင်းအထူးကုဆေးရုံသစ်ကြီး ခုတင်(၅၀၀)သို့ ရောက်ခဲ့ပြီး ဆက်လက်ကုသမှုခံယူသည့်အခါ ဆရာဝန်ကြီးများ၏ စေတနာကို ဝေဒနာရှင်သမီးဖြစ်သူသာမက ကျွန်မလည်း စတင်သိရှိခံစားရပါသည်။

ရောဂါကုသမှု ခံယူနေသည့်အချိန်အတွင်း ဝေဒနာရှင်သမီးနှင့် လူနာရှင်ကျွန်မ၏ စိတ်ပိုင်းဆိုင်ရာကိုပါ ကိုယ်ချင်းစာသိရှိကာ နားလည်ပေးနေသော ဆရာဝန် ဆရာမများ၏အပြုံးကြောင့် ကျေနပ်ရပါသည်။ အထူးကုဆရာဝန်ကြီးများက စိတ်ရင်းစေတနာဖြင့် ပြောကြားသည့် "လိုတာရှိရင်ပြောပါ"၊ "အဆင်ပြေရဲ့လား"ဆိုသော စကားများကြောင့်လည်း အားတက်မိပါသည်။ အထူးကုဆရာဝန်ကြီး ဦးတင့်ဇော်ဦးသာမက မေ့ဆေးအထူးကုဆရာဝန်ကြီး ဦးမောင်မောင်ဆွေ၊ ခွဲစိတ်ဆရာဝန် ဒေါက်တာလွှမ်းမိုးထက်နှင့် အခြားသော ဆရာဝန် ဆရာမများအားလုံးသည် လူနာများအပေါ် စေတနာထားသည်ကို တွေ့ခဲ့ရပါသည်။ အလုပ်သမားကလေးငယ်တစ်ဦးကို မုန့်ထုပ်တစ်ခုပေးရာတွင်လည်း "လူနာကိုပဲကျွေးပါ"ဟု ပြန်ပြော၍ မုန့်ထုပ်ကို မယူပါ။

ငွေကြေးတတ်နိုင်ခြင်း၊ မတတ်နိုင်ခြင်းတို့ကို မကြည့်ဘဲ လူနာများအပေါ်စေတနာထားသည့် ဆရာဝန်များနှင့် ဝန်ထမ်းများ စုဝေးနေသည့် အသည်း၊ ကျောက်ကပ်နှင့် ရင်ခေါင်းအထူးကုဆေးရုံကြီးသည် လူနာတို့၏ အားကိုးရာ၊ လူနာရှင်များ၏ အားထားရာ နိဗ္ဗာန်ဘုံလေးတစ်ခုအဖြစ် တင်စားလောက်ပါသည်။ မည်သူ့ကိုမဆို ကျောသားရင်သား မခွဲခြားဘဲ ဆက်ဆံခြင်း၊ လူနာများကို ပြုံးရွှင်စွာ ဆက်ဆံခြင်းနှင့် ရောဂါကို အဆင့်ဆင့်ကုသပေးရာတွင် စေတနာ၊ မေတ္တာထားခြင်းသည် အဆိုပါဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများ၏ ထူးခြားချက်ပင်ဖြစ်ပါသည်။

ထိုသို့ စိတ်ချမ်းသာဖွယ်ရာ ဆေးကုသပေးမှုကို ခံယူခဲ့ရသဖြင့် ကျွန်မသမီးသည် ကျန်းမာရေးပြန်ကောင်းကာ နိုင်ငံ့တာဝန် ပြန်လည်ထမ်းဆောင်နေပြီ ဖြစ်ပါသည်။ ကျွန်မကဲ့သို့ ဆေးရုံကိုကြောက်တတ်သည့် အစွဲကြီးသူများအနေဖြင့် မိမိတို့တွင် အသည်း၊ ကျောက်ကပ်၊ ရင်ခေါင်းရောဂါဝေဒနာများဖြစ်ခဲ့လျှင် အသည်း၊ ကျောက်ကပ်နှင့် ရင်ခေါင်းအထူးကုဆေးရုံကြီးသို့ သွားရန် တိုက်တွန်းပါရစေ။ ကျွန်မအနေဖြင့်မူ အသည်း၊ ကျောက်ကပ်နှင့် ရင်ခေါင်းအထူးကုဆေးရုံကြီးကို နှလုံးသားဖြူစင်သူတို့ စုဝေးရာ ခုတင်(၅၀၀)ဟု တင်စားခေါ်ဆိုရင်း အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများ၊ သူနာပြုများမှစ၍ တာဝန်ကျအလုပ်သမားများကိုပါမကျန် လေးစားစွာဂုဏ်ပြုအပ်ပါသည်။

**ခင်လေးနွယ်(ဟသ်ာတ)**



# ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် ဆန်စက်လုပ်ငန်းရှင်အသင်းဖွဲ့စည်း

**ကျွန်းလှ မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဆန်စက်လုပ်ငန်းရှင်များအသင်းကို မေ ၂၉ ရက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ယခုလို ဆန်စက်လုပ်ငန်းရှင်များအသင်းဖွဲ့စည်းခြင်းဖြင့် ကုန်ပစ္စည်းများ အရည်အသွေးထိန်းသိမ်းရန်၊ တောင်သူများနှင့် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆောင်ရွက်ရန်၊ အထွက်ကောင်း ဆန်စပါးမျိုးကောင်းများ ဝိုင်းဝန်းရှာကြံရန်နှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME)များ ဖွံ့ဖြိုးရေးအတွက် လိုအပ်သောချေးငွေရရှိရန် စသည်တို့ကို ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အသင်းဖွဲ့စည်းသည့်အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးအောင်ကျော်မိုးက ဆန်စက်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အသင်းတာဝန်ရှိသူများကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်းသိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ကျောင်းများ၌ ခြင်ဆေးဖျန်း

**ရန်ကုန် မေ ၃၁**

ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်မည်ဖြစ်ရာ သန်လျင်မြို့နယ်အတွင်းရှိ အထက (၁)၊ (၂)၊ (၃)၊ (၄)၊ ဗဟို(မူလွန်)နှင့် အောင်မင်္ဂလာရပ်ကွက်ရှိ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ် ခြင်ဆေးဖျန်းခြင်းများ မေ ၃၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခြင်ဆေးဖျန်းခြင်းကို သန်လျင်မြို့နယ် စည်ပင်သာယာရေးကော်မတီဝင် ဦးတင်ဝင်းနှင့်ဝန်ထမ်းများက မြို့နယ်ကျန်းမာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သန်လျင်မြို့နယ် ကျန်းမာရေးဌာနကလည်း ကျောင်းများ၌ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို အပတ်စဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## သတင်းတိုများ

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကျပ်သန်းရှစ်ရာ နီးပါး အသုံးပြုဆောင်ရွက်မည်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ရေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ သံဖြူဇရပ်မြို့ အနင်းကျေးရွာနှင့် နှစ်ကရင်ကျေးရွာချင်းဆက် ကတ္တရာလမ်း နှစ်မိုင်၊ အစင်စံပြကျေးရွာ၌ ကျောက်ချောလမ်းတစ်မိုင်၊ နှစ်ကရင်ကျေးရွာ၌ အရှည်ပေ ၁၂၀ ကွန်ကရစ်တံတား တစ်စင်း၊ ကျေးရွာ ၃၆ ရွာ၌ ရေရရှိရေးလုပ်ငန်း ၅၁ ခု၊ ကျေးရွာခုနစ်ရွာ၌ ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ ကျပ် ၇၉၂ ဒသမ ၅၆၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

### သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းသစ်တစ်တွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးဖော်ပေးလျက်ရှိကာ ဆိုလာလျှပ်စစ်ဓာတ်အားဖြင့် ရေတင်စနစ်ကိုအသုံးပြုထားသဖြင့် ရေတွင်း တူးဖော်ပြီးစီးသွားပါက စက်သုံးဆီကုန်ကျစရိတ်လုံးဝမရှိဘဲ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ စက်ရေတွင်းတူးဖော်နေမှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကြည်သိန်းနှင့် တာဝန်ရှိသူများက မေ ၂၆ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

**နိုင်ဝင်း**

# မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**ထားဝယ် မေ ၃၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အိုးလုပ်ရပ်ကွက်နှင့် ပိန္နဲတောရပ်ကွက်များရှိ အိမ်ခြေ ၆၈ အိမ်မှ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများကို အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း မီးဘေးကယ်ဆယ်ရေးစခန်း၌ မေ ၂၉ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ World Vision နှင့် ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များမှ စေတနာရှင် အလှူရှင်များအပြင် ထိုင်းနိုင်ငံမှ အလှူရှင်များ၏ လှူဒါန်းမှုများကို မီးဘေးသင့်ပြည်သူများထံ စနစ်တကျ ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**






# အောင်မြင်တဲ့နည်းပြကောင်း ဖြစ်မဖြစ် စောင့်ကြည့်ရမယ့် အက်ဒီဟိုဝီ

မိုးမြင့်လင်းလက်



**အင်္ဂလန်လိဂ်** ပွဲစဉ်တွေပြီးဆုံးချိန်ရောက်တိုင်း လိဂ်မန်နေဂျာတွေက တစ်နှစ်တာအကောင်းဆုံးနည်းပြဆု ရွေးချယ်ချီးမြှင့်တဲ့ပွဲမှာ ၂၀၁၅ ခုနှစ်အတွက်တော့ ဘုန်းမောက်အသင်းနည်းပြ အက်ဒီဟိုဝီကို ရွေးချယ်ချီးမြှင့်ခဲ့လို့ နာမည်ကြီးနည်းပြတွေ အံ့အားသင့်စရာ ဖြစ်ခဲ့ရပါတယ်။

အသက် ၃၇ နှစ်သာရှိသေးတဲ့ နည်းပြ အက်ဒီဟိုဝီကိုယ်တိုင် ဒီဆုရရှိလို့ တကယ့်ကို မှင်သက်မိခဲ့တယ်လို့ဆိုပါတယ်။ အင်္ဂလန်နိုင်ငံသား အက်ဒီဟိုဝီဟာ တကယ်တော့ ဘုန်းမောက်အသင်းမှာ ကစားခဲ့တဲ့ ဘောလုံးသမားတစ်ဦးဖြစ်ပြီး အခုလို နည်းပြအဖြစ်နဲ့ ပြန်လည်တာဝန်ယူရတဲ့အချိန်မှာ အသင်းနဲ့ပတ်သက်လို့ အစစအရာရာ သိရှိနေခဲ့တယ်လို့ ဆိုပါတယ်။

ဒီနှစ်ရဲ့ အင်္ဂလန်လိဂ်ချန်ပီယံရှစ်မှာ ဘုန်းမောက်အသင်းကို ဗိုလ်စွဲအောင် ဆောင်ကြဉ်းနိုင်ခဲ့တာမို့ ဘုန်းမောက်အသင်းရဲ့ သမိုင်းတစ်လျှောက်မှာ ပထမဆုံးအကြိမ်အဖြစ် ပရီမီယာလိဂ်ကို တန်းတက်ကစားခွင့်ရခဲ့ပြီဖြစ်လို့ နည်းပြအက်ဒီဟိုဝီကို တစ်နှစ်တာ အကောင်းဆုံး နည်းပြအဖြစ် လိဂ်မန်နေဂျာအဖွဲ့က စိတ်အားထက်သန်စွာနဲ့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

အက်ဒီဟိုဝီဟာ မကြာခင်ကာလမှာ နာမည်ကျော် နည်းပြတစ်ဦးဖြစ်လာလိမ့်မယ်လို့ မန်ယူနည်းပြဟောင်း ဖာဂူဆန်က သုံးသပ်ပြောကြားနေပါတယ်။ အက်ဒီဟိုဝီဟာ ပြိုင်ဘက်အသင်းရဲ့ကစားအားကိုလေ့လာပြီး လူအခင်းအကျင်း၊ ဗျူဟာနဲ့ နည်းစနစ်ပိုင်းတွေကို ပြောင်းလဲကျင့်သုံးတတ်သူဖြစ်လို့ အခုလိုအောင်မြင်မှုလမ်းစကို ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဒ့ါအပြင် ဘုန်းမောက်အသင်းမှာ ကစားသမားဘဝနဲ့ အချိန်အတန်ကြာ ကျင်လည်ခဲ့ဖူးတာမို့ ကစားသမားတွေဟာ ဘယ်လိုဗျူဟာနဲ့ ပိုပြီးအသားကျကျ ကစားနိုင်တယ်ဆိုတာ ထဲထဲဝင်ဝင် သိရှိထားသူဖြစ်လို့ အခုလိုနည်းပြအဖြစ် ပြန်လည်ကိုင်တွယ်တဲ့အခါ အသင်းအောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ချန်ပီယံရှစ်မှာ အကောင်းဆုံးနည်းပြအဖြစ် ၂၀၀၆ ခုနှစ်က ရက်ဒင်းနည်းပြ စတိဗ်ကော်ပယ်လ်ရရှိခဲ့ပြီး နောက်ပိုင်းမှာ ချန်ပီယံရှစ်နည်းပြတွေထဲမှာ ဘုန်းမောက်အသင်းနည်းပြ အက်ဒီဟိုဝီက အခုလိုရရှိခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လိဂ်မန်နေဂျာများက ရွေးချယ်ပေးအပ်ခဲ့တဲ့ နည်းပြတွေထဲမှာ ဖူလ်ဟမ်နည်းပြ ရွိုင်ဟော့ဆန်၊ မန်ယူနည်းပြ ဖာဂူဆန်၊ နယူးကာဆယ်နည်းပြ အလန်ပါဂျူး၊ မြောက်အိုင်ယာလန်နိုင်ငံသား လီဗာပူးနည်းပြဖြစ်တဲ့ ဘရန်ဒန်ရော်ဂျာတို့ ဆုတွေရရှိခဲ့ဖူးပါတယ်။

"ဒီဆုရရှိခြင်းဟာ နည်းပြဘဝနဲ့ ပတ်သက်တဲ့ ပထမဆုံးအကြိမ်ဆုရခဲ့ဖူးခြင်းဖြစ်လို့ ဒီအတွက်ကျေးဇူးတင်ပါတယ်။ ကျွန်တော့်မှာ အခုဆိုရင် အသင်းအောင်မြင်မှုအတွက် ဖိအားတွေ ပိုဝင်လာပြီဖြစ်ပါတယ်"ဟု အင်္ဂလန်နိုင်ငံသား ဘုန်းမောက်နည်းပြ အက်ဒီဟိုဝီက ပြောပါတယ်။

နည်းပြတစ်ဦးရဲ့ ဖိအားတွေ၊ စဉ်းစားချင့်ချိန်ရမှုတွေ၊ နည်းစနစ်နဲ့ ကစားသမားတွေနေရာချ၊ ပွဲထုတ်ရမှုတွေအပြင် ပြိုင်ပွဲတိုင်းရလဒ်ကောင်းဖို့ဆိုတာ တော်ရုံနဲ့စွမ်းဆောင်နိုင်ဖို့မလွယ်တာမို့ အက်ဒီဟိုဝီဟာ ဘောလုံးလောကမှာ ထင်ရှားအောင်မြင်တဲ့ နည်းပြကောင်းတစ်ဦး ဖြစ်မဖြစ်ဆိုတာ လာမယ့်ပရီမီယာလိဂ်မှာ ဆုံးဖြတ်ပေးတော့မှာဖြစ်ပါတယ်။

## ဘလက်တာကို ပြန်ရွေးတဲ့အတွက် ဥရောပဘောလုံးလောက စိုးရိမ်နေရပြီ



ဆပ်ဘလက်တာကို ဖီဖာဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်လိုက်တဲ့အတွက် ဥရောပဘောလုံးနိုင်ငံတွေအတွက် စိုးရိမ်စရာတွေ ဖြစ်လာရပြီလို့ ဆိုပါတယ်။ ဒိန်းမတ်ဘောလုံးအဖွဲ့ချုပ်အကြီးအကဲက ဖီဖာဟာ ပွင့်လင်းမြင်သာမှုမရှိဘူးလို့ အပြစ်ပြောဆိုနေချိန်မှာ အင်္ဂလန်အက်ဖ်အေဥက္ကဋ္ဌကတော့ သူ့အနေနဲ့ ကမ္ဘာ့ဖလားကို သပိတ်မှောက်မယ်လို့ ပြောဆိုလိုက်ပါတယ်။ အသက် ၇၉ နှစ်ရှိပြီဖြစ်တဲ့ မစ္စတာ ဘလက်တာကို လာဘ်စားမှု၊ အကျင့်ပျက်ချစားမှုများကို ဖုံးကွယ်ပြီး ဆန္ဒမဲပေးရွေးချယ်ခဲ့တယ်လို့ ဆိုပါတယ်။ မစ္စတာဘလက်တာရဲ့ ပြိုင်ဘက်ဂျော်ဒန်အိမ်ရှေ့မင်းသား အလီဘင်အယ်လ်ဟူစိန်ကို ဒုတိယအကျော့မဲပေးဖို့ တိုက်တွန်းကြပေမယ့် ထပ်မံမဲမပေးပဲ အဆုံးသတ်ခဲ့ပါတယ်။ ဥရောပဘောလုံးအဖွဲ့ချုပ် ယူအီးအက်ဖ်အေက ဖီဖာမှာ အပြောင်းအလဲဖြစ်စေဖို့ ဥက္ကဋ္ဌ မိုက်ကယ်ပလာတီနီနှင့်အတူ မင်းသားအလီကို ထောက်ခံခဲ့ကြတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် လာမယ့်ကမ္ဘာ့ဖလားအိမ်ရှင်ဖြစ်လာမယ့် ရုရှားကတော့ ဆပ်ဘလက်တာပြန်လည် အရွေးခံရတာ ဂုဏ်ယူပါတယ်လို့ပြောဆိုပါတယ်။ ဘလက်တာကတော့ သူ့ကို ပြန်ရွေးတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်လို့ ပြောဆိုခဲ့ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

## အေစီမီလန်နည်းပြဖြစ်လာနိုင်တဲ့ အန်ဆယ်လော့တီ



ရီးရဲမက်ဒရစ်က ဖလားတစ်လုံးမှမရတဲ့အတွက် နည်းပြအဖြစ်မှ အလုပ်ဖြုတ်ခံလိုက်ရတဲ့ အန်ဆယ်လော့တီကို စီးရီးအေထိပ်သီးကလပ် အေစီမီလန်ကခေါ်ယူဖို့ ဆွေးနွေးနေပြီလို့ ဆိုပါတယ်။ အေစီမီလန်အသင်းကို ချန်ပီယံလိဂ်ဖလားနှစ်လုံးနဲ့ စီးရီးအေဖလားရအောင် ကြိုးစားပေးနိုင်ခဲ့တဲ့ အန်ဆယ်လော့တီကို အေစီမီလန်တာဝန်ရှိသူတွေက ခေါ်ယူသွားဖို့ မကြာမီဆုံးဖြတ်ချက်ချမယ်လို့ ဆိုပါတယ်။ နွေရာသီက အေစီမီလန်အသင်းကိုတာဝန်ယူခဲ့တဲ့ လက်ရှိနည်းပြ ဖီးလစ်ပိုအင်ဇာဂီကို ဆက်လက်တာဝန်မပေးတော့ဘူးလို့ ဆိုပါတယ်။ အေစီမီလန်အသင်းဟာ ယခုနှစ်စီးရီးအေမှာ ရုန်းကန်ကြိုးစားခဲ့ရပြီး ဇယားနံပါတ် ၁၀ အထိပင် ရောက်ခဲ့ရပါတယ်။ အန်ဆယ်လော့တီဟာ ပြီးခဲ့တဲ့ရာသီက ရီးရဲမက်ဒရစ်နဲ့အတူ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် ယခုနှစ်ရာသီမှာတော့ ဖလားတစ်လုံးမှမရခဲ့ပါဘူး။ အန်ဆယ်လော့တီကတော့ သူ့အနေနဲ့ ကျန်းမာရေးအရ တစ်နှစ်အနားယူမယ်လို့ ရီးရဲနည်းပြအဖြစ် အလုပ်ဖြုတ်မခံရမီ ပြောဆိုတာရှိခဲ့ပါတယ်။ အသက် ၅၅ နှစ်အရွယ်ရှိ အန်ဆယ်လော့တီဟာ ၂၀၀၁ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အေစီမီလန်နည်းပြဖြစ်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှာ စီးရီးအေဖလား၊ ၂၀၀၃ နှင့် ၂၀၀၇ ခုနှစ်တွေမှာ ချန်ပီယံလိဂ်ဖလားတွေ ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

## စီးရီးအေပြန်သွားဖွယ်ရှိနေတဲ့ တိုက်စစ်မှူး ကူရာဒရာဒို




ဖီအိုရင်တီးနား နာမည်ကြီးတောင်ပံတိုက်စစ်မှူး ကူရာဒရာဒိုကို ဇန်နဝါရီ လအတွင်းက ချယ်လ်ဆီးက စာချုပ်နိုင်ခဲ့ပေမယ့် ပရီမီယာလိဂ်မှာ နေရာမရဖြစ်ခဲ့ရပါတယ်။ သူ့ကို အင်တာမီလန်က စီးရီးအေသို့ ပြန်ခေါ်ဖို့ အသင့်ရှိတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးသို့ ပေါင် ၂၆ ဒသမ ၁ သန်းနဲ့ ပြောင်းရွှေ့ခဲ့ပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။ ကိုလံဘီယာတောင်ပံတိုက်စစ်မှူး ကူရာဒရာဒိုအနေနဲ့ ချယ်လ်ဆီးမှာ နေရာမရဖြစ်နေတဲ့အတွက် ပြန်လည်ထွက်ခွာဖွယ်ရှိနေပါတယ်။ အသက် ၂၇နှစ်အရွယ်ရှိ ကူရာဒရာဒိုဟာ ဖီအိုရင်တီးနားမှာ အောင်မြင်ခဲ့တဲ့ တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်ပါတယ်။ အင်တာမီလန်အသင်းအနေနဲ့ လာမယ့်ရာသီအတွက် ကူရာဒရာဒိုကို ခေါ်ယူအားဖြည့်သွားဖို့ အသင့်ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းအနေနဲ့လည်း အံဝင်ခွင်ကျမဖြစ်သေးတဲ့ ကူရာဒရာဒိုကို ပြန်ရောင်းထုတ်ဖို့ အစီအစဉ်ရှိတယ်လို့ ဆိုပါတယ်။

ချယ်လ်ဆီးအသင်းမှာ တိုက်စစ်မှူးကောင်းတွေများနေတဲ့အတွက်ကြောင့်လည်း ကူရာဒရာဒိုအနေနဲ့ ခြေမပေါ်ဘဲဖြစ်ခဲ့ရပါတယ်။ ဒီအတွက် တိုက်စစ်မှူးကောင်းအလိုရှိနေတဲ့ အင်တာမီလန်အသင်းအနေနဲ့ ကူရာဒရာဒိုကို အရခေါ်ယူသွားဖွယ်ရှိပါတယ်။ စီးရီးအေနဲ့ အသားကျနေတဲ့ ကူရာဒရာဒိုအနေနဲ့လည်း စီးရီးအေမှာ ပြန်လည်ကစားနိုင်ဖွယ်ရှိပါတယ်။

# စေ့စပ်ပွဲနှင့် မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ ကျေးဇူးတင်လွှာ

ဟသ်ာတမြို့၊ ရွှေကုရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၄၇၈)နေ
ဦးအောင်တင်မြင့်(အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဧရာဝတီတိုင်းဒေသကြီး)
(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ မြေစာရင်းဦးစီးဌာန)-ဒေါ်ရီရီအေး(အလပြ-ငြိမ်း)တို့၏သား

**ဒေါက်တာထက်လင်းအောင် M.B.,B.S (Mgy)**

**'အောင်' ဆေးခန်း(ငွေဆောင်/ကျုံတနီး)**

နှင့်

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ မန်ကျည်းကုန်းလမ်း၊ အမှတ်(၅၂၀)နေ
သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း(ဥက္ကဋ္ဌ၊ မုံရွာအုပ်စုဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်တင်ယုမေ တို့၏သမီး

**မစိမ်းလဲ့လဲ့ထွန်း**

**B.Sc (Chemistry), MBA**
**M.D (Than Gaday Aung Mining Co., Ltd.)**

တို့၏ ၂၀-၃-၂၀၁၅ရက် (သောကြာနေ့)တွင် မုံရွာမြို့(Win Unity Resort Hotel)၌ ကျင်းပပြုလုပ်သောစေ့စပ်ပွဲနှင့် မော်ကွန်းတင် လက်မှတ်ရေးထိုးအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၊ မင်္ဂလာလက်ဆောင်ချီးမြှင့်ပေးပို့ပေးခဲ့ပါသော ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၅)စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်၊ နှစ်ဖက်မိဘများကိုယ်စား စေ့စပ်မင်္ဂလာစကားပြောကြားပေးခဲ့ကြပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင်၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုး၍ မင်္ဂလာသြဝါဒစကားပြောကြားပေးခဲ့ပါသော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးမောင်မောင်လင်းနှင့်ဇနီး၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူးဒေါ်နုနုဝင်း၊အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ပါသော အရိုးအကြောအထူးကု ဒေါက်တာဇော်ဝင်းနှင့် ဇနီး ဒေါက်တာရတနာအောင်၊ ဦးဟန်ဇော်ထွန်း-ဒေါ်ယုယုဝင်း(Astro World Co.,Ltd.)၊ မင်္ဂလာအခမ်းအနားမှူး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာ မျိုးမင်းစိုး၊ မိတ်ကပ်ပန်းသတင်း မငြိမ်း၊ ဓာတ်ပုံနှင့်ဗီဒီယို ကိုတင်အေးနှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာစီစဉ်ပေးခဲ့ပါသော (Win Unity Resort Hotel)မှ မန်နေဂျာ ကိုကျော်ကျော်ခိုင်နှင့်ဝန်ထမ်းများ၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ပါသော တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးမိသားစု၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျေးဇူးတင်ဂါရဝဖြင့်
နှစ်ဖက်မိဘများ နှင့် ဒေါက်တာထက်လင်းအောင်-မစိမ်းလဲ့လဲ့ထွန်း

# စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားမင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ဟသ်ာတမြို့၊ ရွှေကုရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၄၇၈)နေ
ဦးအောင်တင်မြင့်(အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဧရာဝတီတိုင်းဒေသကြီး)
(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ မြေစာရင်းဦးစီးဌာန)-ဒေါ်ရီရီအေး(အလပြ-ငြိမ်း)တို့၏သား

**ဒေါက်တာထက်လင်းအောင် M.B.,B.S (Mgy)**

**'အောင်' ဆေးခန်း(ငွေဆောင်/ကျုံတနီး)**

နှင့်

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ မန်ကျည်းကုန်းလမ်း၊ အမှတ်(၅၂၀)နေ
သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း(ဥက္ကဋ္ဌ၊ မုံရွာအုပ်စုဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်တင်ယုမေ တို့၏သမီး

**မစိမ်းလဲ့လဲ့ထွန်း**

**B.Sc (Chemistry), MBA**
**M.D (Than Gaday Aung Mining Co., Ltd.)**

တို့၏ ၂၈-၅-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် မုံရွာမြို့၊ မြစန္ဒာမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာညည့်ခံပွဲအခမ်းအနားထမြောက်အောင်မြင်စေရန် စီစဉ်ညွှန်ကြားဦးဆောင် ဆောင်ရွက်ပေးခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်၊ မင်္ဂလာလက်ဆောင်များ ချီးမြှင့်ပေးပို့ခဲ့ပါသော သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်း၊ မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် ဇနီး ဒေါ်သန်းသန်းဌေး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ ဇနီး ဒေါ်ဝေဝေခိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၏ ဇနီး ဒေါ်မြင့်မြင့်သန်း၊ မင်္ဂလာအောင် စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်နှင့်ဇနီး ဒေါ်နန်းဝတ်ရည်လှဲ၊ လက်ထပ်မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော အရိုးအကြောအထူးကု ဒေါက်တာဇော်ဝင်းနှင့်ဇနီး ဒေါက်တာရတနာအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် ဇနီး ဒေါ်စမ်းစမ်းရည်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီး မိသားစုများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်မိုးဝင်း(မြန်မာ့စာကထိက၊ မုံရွာတက္ကသိုလ်)၊ မင်္ဂလာအခါတော်ပေးနှင့် တေးသံသာများဖျော်ဖြေပေးပါသော နိုင်ငံတော်အဆိုတော် ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီများဆုရှင် ဦးရန်အောင်၊ မဟေမာနေဝင်း၊ မန္တလေးမြို့မတေးဂီတအဖွဲ့၊ သတို့သားအရံ မောင်ဟန်ဝင်းအောင်နှင့် မောင်သီဟ၊ သတို့သမီးအရံ မမြလဲ့ဇာ၊ မနန်းစံနန်း၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာ မသဲ(VIVID)၊ မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယို ကိုသန့်စင်အောင်(OAC)၊ သီဂီရွှေဝါပိုးထည်တိုက် ဒေါ်မြမြအောင်၊ မြစန္ဒာခန်းမအား ပန်းအလှဆင်ပေးပါသော ကိုပေါက်နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်၊ မင်္ဂလာအခမ်းအနားအား ဘက်စုံ ဖြည့်ဆည်းစီမံပေးပါသော ကိုရင်ထွေးနှင့် မဟေမာဝင်းမြင့်၊ မြစန္ဒာခန်းမနှင့် (Win Unity Resort Hotel)မှ တာဝန်ရှိသူများ၊ ဤမင်္ဂလာဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးပါသော စစ်ကိုင်းတိုင်းဒေသကြီး တိုင်း/ခရိုင်/ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း ချစ်ခင်လေးစားအပ်ပါသော မင်္ဂလာ မင်းပရိသတ်အပေါင်းတို့ခင်ဗျား ကျွန်တော်/ကျွန်မ တို့၏ ထူးခြားမှန်မြတ်သည့် နေ့တစ်နေ့ဖြစ်ပါသော မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ နွေးထွေးသောမေတ္တာများဖြင့် တန်ဖိုးရှိလှသည့် အချိန်များကိုပေး၍ ကြွရောက်ပေးခဲ့ကြသည့်အတွက် ကျွန်တော်/ကျွန်မတို့နှင့် နှစ်ဖက်သောမိဘများက လှိုက်လှဲစွာလှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ကြွရောက်ချီးမြှင့်အားပေးမှုများအတွက် အမြဲတစေအမှတ်တရရှိ၍ ကျေးဇူးတင်လျက်ရှိပါကြောင်း၊ ဂုဏ်သရေရှိ မင်းပရိသတ်များအားလုံး ကျန်းမာပျော်ရွှင်ပါစေကြောင်း ကျွန်တော်/ကျွန်မတို့မှ လှိုက်လှဲပျူငှာစွာဖြင့် ဆုတောင်းအပ်ပါသည်။

ကျေးဇူးတင်ဂါရဝဖြင့်
ဒေါက်တာထက်လင်းအောင်-မစိမ်းလဲ့လဲ့ထွန်း နှင့် နှစ်ဖက်မိဘများ

# ဂုဏ်ယူဝမ်းမြောက်ခြင်း

Victoria University College သည် HND အောင်ချက်အမြင့်မားဆုံးနှင့် University of Wolverhampton, UK နှင့် ပူးတွဲပြီး QAA (UK) ၏နိုင်ငံတကာအဆင့်ရှိတက္ကသိုလ်အဖြစ်အသိအမှတ်ပြုခံရခြင်းအတွက်များစွာဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရပါသည်။

မိမိတို့သားသမီးများ Victoria University College ၏ ကျောင်းသား၊ကျောင်းသူများ ဖြစ်ရခြင်းအတွက်လည်း ဂုဏ်ယူမိပါသည်။

VUC ကျောင်းသားမိဘများ

---

**အမည်ပြောင်း**

ပဲခူးမြို့ အထက(၃)တက္ကသိုလ်ဝင်တန်း (D) မှ ဦးလှမြင့်၏သား မောင်ကောင်းမြတ်အား မောင်ခန့်မင်းထွဋ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခန့်မင်းထွဋ်**

**အမည်ပြောင်း**

မာန်အောင်မြို့နယ် င/ပုန်ကုန်းကျေးရွာ ဦးကျော်အောင်၏သမီး မမိုမိုလွင် ၁၁/မအန(နိုင်)၀၅၅၄၄၆ အား မမော်မော်လွင် ဟုပြောင်းလဲခေါ်ပါရန်။

**မမော်မော်လွင်**

**အမည်ပြောင်း**

ကျောက်မဲမြို့၊ အမှတ် (၉)ရပ်ကွက်နေ ဦးအောင်သိန်း၏သမီး အထက (၂)တက္ကသိုလ်ဝင်တန်းမှ မခင်မေဦးအား မချိုချိုစန်း ၁၃/ကမန(နိုင်) ၁၃၈၅၅၁ ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မချိုချိုစန်း ၁၃/ကမန(နိုင်)၁၃၈၅၅၁**

## အမည်ပြောင်း

ချောက်မြို့ မြေစာရင်းလမ်း ဇဟိုကွက်သစ်နေ ဦးမျိုးမင်းနှစ် ၈/ခမန(နိုင်)၀၂၀၂၉၇ ၏ သမီး မလတ်လတ်ခိုင်မင်း(အ.လ.က ၃ ချောက်) VIII (အစား) မလတ်လတ်ခိုင်မင်းဟန်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ဦးကျော်ဇင်အောင်၏သား တာမွေမြို့နယ်နေ အထက(၁)ဒဂုံ ပထမတန်းမှ မောင်ထက်ညီယံအား ယနေ့မှစ၍ မောင်ရန်လင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရန်လင်းအောင်**

## မိဘအမည်မှန်

သန်လျင်မြို့နယ်၊ ပျဉ်ထောင်ကျောင်း အဋ္ဌမတန်းမှ မောင်နိုင်ဇင်ဦး၏ မိဘအမည်မှန်မှာ ဦးသန်းဦး-ဒေါ်သူဇာဝင်း ဖြစ်ပါသည်။

**ဦးသန်းဦး-ဒေါ်သူဇာဝင်း**

## အမည်ပြောင်း

ဦးယဉ်ထွေး - ဒေါ်ခင်ဆွေဦးတို့၏ သားဖြစ်သူ အထက (၂)ရန်ကင်း နဝမတန်းမှ မောင်ဟိန်းသူရိန်ကို မောင်ဖွဲ့ရန်နိုင်ဟု ပြောင်းလဲခေါ်ဆိုရန်။

**မောင်ဖွဲ့ရန်နိုင်**

## အမည်ပြောင်း

လေးမျက်နှာမြို့နယ်၊ အထက၊ ခမောက်စု၊ နဝမတန်းမှ ဦးအောင်မြင့်စိုး၏သမီး မသီရိစိုးအား မရွှန်းလဲ့ချိုဟု ပြောင်းလဲ ခေါ်ပါရန်။ **မရွှန်းလဲ့ချို**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်မောင်ဆွေပိုင်ဖြစ်သော သံ/၁၃၇၈ စီဘီ၏လုပ်ငန်းလိုင်စင် အပိုင်း(၁)(၂) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၄၀၂၃၄

---

## 21 AD @ BILLBOARD ADVERTISING

**ရန်ကုန်** (ဆူးလေဘုရားလမ်း/ ဗိုလ်ချုပ်ဈေး/မင်းမွေ-ပြည်လမ်းမီးပွိုင့်/လှိုင်သာယာ BOCအဝိုင်း/ ညောင်ပင်လေးဈေး/ သမိုင်းလမ်းဆုံ/ကန်တော်ကြီးဟော်ကီကွင်း)

**နေပြည်တော်** (ရာဇဌာနီလမ်း နှင့် ပန်းခင်းလမ်းထောင့်မီးပွိုင့်/ နေပြည်တော် အဝင်ဝစီလမ်းဆုံ)

**မော်လမြိုင်** (အထက်လမ်းမကြီးနှင့် အရာတော်လမ်းထောင့်)

**မုံရွာ** (ဗိုလ်ချုပ်အောင်ဆန်းအဝိုင်း)

**တောင်ငူ** (မန္တလေးလမ်းပေါ်ထီးနီကုန်းကျောင်းအနီး / မန္တလေးလမ်းပေါ်ထီးလှိုင်လမ်းမီးပွိုင့်)

**ပုသိမ်** (ရန်ကုန်-ပုသိမ်ကားလမ်း ရွှေရုပ်တုအဝိုင်းအနီး/မဟာဗန္ဓုလလမ်း ပုသိမ်တက္ကသိုလ်ရှေ့)

**ရန်ကုန်-မန္တလေးအမြန်လမ်း** (၁၁၅မိုင်နား၊နေစခန်းအနီး/နေပြည်တော်နား၊နေစခန်း/နေပြည်တော် TOLL-GATE)

**လားရှိုး** (ပြည်ထောင်စုလမ်းမကြီး လမ်းလယ်ကျွန်း မဟာဗျူဟာလမ်းထောင့်)

**မိတ္ထီလာ** (ရန်ကုန်မန္တလေးလမ်းဟောင်း သိဒ္ဓိအောင်လမ်းထောင့်/ရန်ကုန်မန္တလေးလမ်းဟောင်း ရထားပို့ဆောင်ရေးရှေ့)

www.21advertising.net
ကြော်ငြာများတပ်ဆင်ရန်

၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201

---

## တော်ဝင်ရွှေစင် စိန်ရွှေရတနာဆိုင်

## မိုးရာသီအထူးအစီအစဉ်

( 2.6.2015) မှ (20.6.2015 ) ထိ




| ရွှေထည်ဝယ်လျှင် အလျော့အတွက် 50% | စိန်ထည်ဝယ်လျှင် 20% Dicount |
|---|---|

ရွှေဆွဲကြိုး၊ ဟန်းချိန်း ၁ မတ် ၄ ပဲ ကို အလျော့တွက် ၄ ရွေး လက်ကားဈေးနှင့်အတူ ဗလာမပါဆုမဲများစွာ ရယူလိုက်ပါ။

မည်သည့်ပစ္စည်းဝယ်ဝယ် ဗလာမပါဆုမဲကံစမ်းခွင့် ရရှိမည်။

ဆုမဲများ (42" TV), Camera, ရေခဲသေတ္တာ၊ အဲယားကွန်း၊ ဒီဗီဒီ၊ မီးပူ၊ ပန်ကာ၊ ထမင်းပေါင်းအိုး၊ ထီး၊ ဓာတ်ဗူး နှင့် အခြားဆုမဲများ

အမှတ်(၁၁၉)၊ အထက်ကြည့်မြင်တိုင်လမ်းမ၊သမ္ဗုဒ္ဓသက်န်းတိုက်အနီး၊ ညဈေးမှတ်တိုင်ရှေ့ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 099 74020800, 09 253771734

---

## YumYum® Xcite® အတာသကြ်္ာန်နှစ်ကူး အထူးကံစမ်းမဲအစီအစဉ်

ကံစမ်းမဲကာလ (၁-၃-၂၀၁၅) မှ (၁၁-၅-၂၀၁၅)

### (၂၇-၅-၂၀၁၅) ထိ ကံထူးရှင်များ

**သိန်း(၅၀)ကံထူးရှင်**

ဆရာလေး မဝိသီရိ(ဇနိတာရာမကျောင်း)

**သိန်း (၃၀) ကံထူးရှင်များ**

ဒေါ်ပုလဲ(မန္တလေး) မချန်ရှင်ဖုန်း(မန္တလေး)

**i Phone 6 ကံထူးရှင်များ**

ဒေါ်ခင်ခင်ဦး ဦးဝင်းသိန်း (ကိုယ်စား) ရဲရင့်ကိုကို ကိုမင်းမြတ် မအေးသန္တာဝင်း

**Honda Wave S ကံထူးရှင်များ**

မဖြူဖြူမြင့် ဒေါ်သင်းသင်းယု (ကိုယ်စား) ဒေါ်စန္ဒာအေး ဦးအောင်ကျော်လင်း

**Samsung Note 3 ကံထူးရှင်များ**

ဒေါ်ဝေနှင်းပွင့် ဦးမင်းစိုး (ကိုယ်စား) ဦးထွန်းမင်း ဦးဘအောင် မတင်တင်မိုး မနှင်းပွင့်လှိုင်

**ကျန်ရှိနေသောဆုမဲများ အတွက် ကံထူးရှင်များအား YumYum® မှ စောင့်မျှော်လျက်ရှိပါသည်။**




ဆုများအား နောက်ဆုံးထုတ်ယူရန်ရက် (၃၁-၀၈-၂၀၁၅)။ Customer Service Hot Line - 09 8635250

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ခုနှစ်အတွင်း တောင်ကြီးမြို့၊ ဗဟိုဆေးသိုလှောင်ရေးဌာနခွဲမှ ဆေးပစ္စည်းများကို ကျိုင်းတုံမြို့အထိ ပို့ဆောင်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၅-၆-၂၀၁၆ရက်အထိ နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြည်နယ်ကျန်းမာရေးရုံးဝင်းရှိ ဗဟိုဆေးသိုလှောင်ရေးဌာနခွဲရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပေးသွင်းမှုကို ၂၀၁၅ ခုနှစ် ဇွန် ၃၀ရက် ညနေ ၁၆း၃၀ နာရီတွင် ပိတ်ပါမည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဤဌာနသို့ လာရောက်စုံစမ်းနိုင်ပါသည်။

**ဗဟိုဆေးသိုလှောင်ရေးဌာနခွဲ၊ သစ်တောရပ်၊**
**ပြည်နယ်ကျန်းမာရေးရုံးဝင်း၊ ဖုန်း-၂၁၂၁၉၇၉**

---

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သင့်အပေါ်၌ တရားလိုက ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းကျေးရွာအုပ်စု၊ အုပ်စုအမှတ် (၁၅)၊ ကွင်းအမှတ် (OSS)၊ ပိန္နဲကုန်းကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် ၆၅၊ အကွက်အမှတ် (၃၃)၊ မြေချိန်ဧရိယာ ၁ဒသမဝဝဧကရှိ မြေဧရိယာအနက် လက်ဝဲဘက်ခြမ်းအကျယ် ၁၂၊ အရှည်ပေ ၃၃၀ရှိမြေသည် တေဇစက္ကိဝိပဿနာကျောင်းတိုက်ပိုင် လမ်းမြေဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၅ရက် (၁၃၇၇ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မေ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်အောင်)**
**မြို့နယ်တရားသူကြီး**
**ကျိုက်မရောမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး ပွဲရုံဆိုင်ခန်းအမှတ် (ပ-၂၂၈) အား နေပြည်တော်၊ ဘောဂသီရိကားဝင်း၊ အမှတ် (က-၉၅)နေ ဦးရဲရင့်မောင် ၉/အမဇ(နိုင်) ၀၃၀၃၇၃ အမည်ပေါက်ပိုင်ဆိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်အိမ်ရာ၊ အမှတ်(W-၆၆)နေ ဦးဇော်ဝင်းထွန်း ၃/ကကရ(နိုင်) ဝ၆၉၅၂၃ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ သက်တော်ရှည်ရပ်ကွက်၊ ကွင်းအမှတ် ၉၀၅A၊ ပွင့်ဖြူမြို့မြေ ဦးပိုင်အမှတ် ၁၅၁/၁၇၇၊ မြေဧရိယာ ၀ ဒသမ ဝ၉၆ ဧကရှိ အရှေ့လားသော် ဦးထွန်းဝေ၊ တောင်လားသော် ဦးစောလှ၊ အနောက်လားသော် ဒေါ်ဖိုင်းနား၊ မြောက်လားသော် လမ်းအတွင်းရှိ ဦးမွတ်ခလား အမည်ပေါက်မြေအား လူနေဂရန်အသစ်ရရှိရန် ဦးဇော်ဝင်း ၈/ပဖန(နိုင်)၁၂၃၅၃၅ - ဒေါ်ချို ၈/ပဖန(နိုင်)ဝဝ၃၉ဝ၆ က လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှုအထောက်အထားမှုရင်းများတင်ပြပြီး ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဦးဇော်ဝင်း-ဒေါ်ချိုသို့ မြေဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမည်ပြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ ရွှေညောင်ပင်လမ်း၊ အမှတ် ၁/၃၆၇ နေ ဦးစိုင်းမောင်မောင် ၁၃/ကမန(နိုင်)ဝ၄၃၄၈၄၏သမီး မနန်းဖြူနှင်းအေး ၁၃/ကမန(နိုင်)ဝ၉၇၈၃၂ အား ယနေ့မှစ၍ မနန်းအွမ်ခမ်းဟုပြောင်းလဲခေါ်ဆိုပါရန်။ **မနန်းအွမ်ခမ်း**

AGI
A Distributor of TATA Vehicles
TATA

## Trainee သင်တန်းသားများခေါ်ယူခြင်း

TATA Motors Ltd. ၏ မြန်မာနိုင်ငံဆိုင်ရာ တစ်ဦးတည်းဖြန့်ချိရေး ကိုယ်စားလှယ်ဖြစ်သည့် Apex Greatest Industrial Co.,Ltd. သည် TATA Motors Ltd., ၏ စီစဉ်မှုဖြင့်၊ ဒေသဆိုင်ရာ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံချက် (Co-operate Social Responsibility) CSR Program များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းရှိ ပညာသင်ကြားနိုင်မှုအားနည်းသော ဆင်းရဲနွမ်းပါးသူ လူငယ်များအား အင်ဂျင်နီယာလူငယ်အတတ်ပညာရှင်များဖြစ်ပေါ်လာစေရေးအတွက် ကူညီထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ပြီး မော်တော်ယာဉ်ဆိုင်ရာ အင်ဂျင်နီယာပညာရပ်များကို (India) နိုင်ငံတွင် ခြောက်လ၊ မြန်မာနိုင်ငံတွင် ခြောက်လ၊ စုစုပေါင်း တစ်နှစ်သင်တန်းဖြင့် စာတွေ့လက်တွေ့ အခမဲ့(အခမဲ့) သင်ကြားပို့ချပေးသွားမည်ဖြစ်ပါသည်။ အဆိုပါသင်တန်းတက်ရောက်ရန် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) မြန်မာနိုင်ငံသား(အမျိုးသား)ဖြစ်ရမည်။
(ခ) အသက် (၂၀)မှ (၂၈)နှစ် ကြားဖြစ်ရမည်။
(ဂ) အခြေခံပညာအထက်တန်းနှင့် အထက်၊ အလားတူပညာအရည်အချင်းရှိသော (ဥပမာ၊ စက်မှုလက်မှုအထက်ကျောင်းဆင်း) တတ်မြောက်သူဖြစ်ရမည်။
(ဃ) အခြေခံအဆင့် အင်္ဂလိပ်စာသိရှိနိုင်သူဖြစ်ပြီး လက်ရှိအလုပ်ဝင်ရောက်နေသူမဖြစ်စေရ။
(င) ဝင်ငွေနည်းပါးသော မိသားစုဝင်များကို ဦးစားပေးမည်။
(စ) လျှောက်ထားမည့်သူအနေဖြင့် ရဲစခန်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ ပညာအရည်အချင်းထောက်ခံစာမူရင်း၊ အမျိုးသားမှတ်ပုံတင်မူရင်းများကို တင်ပြနိုင်သူဖြစ်ရမည်။ (လျှောက်ထားချိန်တွင် မိတ္တူဖြင့်တင်ပြနိုင်သည်။)
(ဆ) လျှောက်လွှာများကို အောက်ဖော်ပြပါလိပ်စာသို့ ၂၀၁၅ခုနှစ် ဇွန် ၁၀ရက်နောက်ဆုံးထားပေးပို့နိုင်ပါသည်။ အွန်လိုင်းမှတစ်ဆင့် လျှောက်ထားလိုပါက (moe16kyaw@ gmail.com) သို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လိပ်စာ။ ။ Apex Greatest Industrial Co.,Ltd. (TATA MOTORS SHOW ROOM) ကန်တော်ကလေးလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ တိရစ္ဆာန်ဥယျာဉ်ရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၅၉၂၂၊ ၀၁-၂၄၆၇၀၁**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**ဒုတိယခရိုင်တရားသူကြီး (၇)ရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၇၈**
**ကွယ်လွန်သူ ဦးသာလှိုင်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်းသွယ်(၅)၊ တိုက်အမှတ် ၇၊ အခန်းအမှတ် ၁ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသာလှိုင်၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးထွန်းအောင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ် ဇွန် ၅ရက် (၁၃၇၇ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသာလှိုင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၅ ခုနှစ် ဇွန် ၅ ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၄ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးထွန်းအောင်၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် မေ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင့်လွင်)**
**ဒုတိယခရိုင်တရားသူကြီး (၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ တိုက်အမှတ်(၁၀၇)၊ ပထမထပ်၊ ဧရိယာပေ(၂၅×၆၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက် ရှိသော ရေမီတာ၊ မီးမီတာ၊ ကြိုးဖုန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်မြင့် ၁၂/ကမရ(နိုင်) ဝ၃၂၇၃၅ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ**
**(ရုံး) ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၅၂၉၀၃၄၄၊ ၀၉-၉၇၃၀၈၆၇၃၅**

## ဖခင်အမည်မှန်

အထက (နမ္မတီး)၊ နဝမတန်းမှ မခိုင်နွေးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်မြင့်ဦး ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက(၂) ပဥ္စမတန်း(A)မှ မောင်စိုင်းအိုက်ပီး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းညီ ဖြစ်ပါသည်။

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၇၇ နှင့်ဆက်သွယ်သည့်**
**၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်-၇၈**

ဒေါ်အေးမေ **နှင့်** ဒေါ်ခေါင်လီခင်(ခ)ခင်မိုးမိုး
(ခ)အားလီ

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်ခေါင်လီခင်(ခ)ခင်မိုးမိုး(ခ)အားလီ၊ သာယာဝတီအကျဉ်းထောင်၊ သာယာဝတီအကျဉ်းဦးစီးဌာန (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၇၇ တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၅ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဇွန် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဝင်းယုဆွေ)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**တောင်ကြီးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ကြီးမြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၈**

ဒေါ်နန်းဖစ်မွန်း **နှင့်** ၁။ ဒေါ်နီနီအောင်
၂။ မဆုံဆုံ
(အတူနေညီအစ်မ)

**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ ဗေဒါလမ်း၊ အိမ်အမှတ် (ည/၃၉၉)နေ ဒေါ်နီနီအောင်နှင့်မဆုံဆုံ (တရားပြိုင်များ) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်နန်းဖစ်မွန်းက စုကြေးအရင်းအသားတင် ထည့်ငွေ၊ စုကြေးအကျိုးအမြတ်ငွေနှင့် လေလံဆွဲအောင်ငွေကျပ် ၅၅၂၀၀၀၀/-(ကျပ်ငါးဆယ့်ငါးသိန်းနှစ်သောင်းတိတိ) ရယူလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁၉ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မေ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌွန်ဂျာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ကြီးမြို့နယ်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၉**

ဒေါ်တင်ဝင်းချစ် **နှင့်** ဒေါ်ကြူကြူ

**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ အနော်ရထာလမ်း၊ အိမ်အမှတ် ၁၇/က နေ ဒေါ်ကြူကြူ (တရားပြိုင်) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်ဝင်းချစ်က နှစ်ဦးနှစ်ဖက်စာရင်းရှင်းလင်းပြီး စုကြေးငွေကျပ် ၄၆၅၀၀၀၀/-(ကျပ်လေးဆယ့်ခြောက်သိန်းငါးသောင်းတိတိ)ရယူလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁၉ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မေ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌွန်ဂျာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## စိုး လျှပ်စစ်နှင့်စက်ကိရိယာကုမ္ပဏီလီမိတက်
## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ **Factory Manager, Deputy Chief Engineer** ကျား ၂ ဦး
- [B.E, M.E (Electrical)] ရရှိထားသောသူဖြစ်ရမည်။
- Electrical ပိုင်းနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် အတွေ့အကြုံ (၁၀)နှစ်နှင့် အထက်ရှိပြီး အသက် (၃၅)နှစ်မှ (၄၅)နှစ်အတွင်း ရှိသူဖြစ်ရမည်။
- Transformer နှင့် Substation Materials ပိုင်းတွင် သိရှိနားလည်ပြီး အတွေ့အကြုံရှိသူ ဖြစ်ရမည်။
- Electrical Standard များနှင့် ISO-9001:2008, 24001:2004 တို့ကို သိရှိနားလည်သူ ဖြစ်ရမည်။
- စက်ရုံများအား ကောင်းစွာစီမံခန့်ခွဲ ကြီးကြပ်ညွှန်ကြားနိုင်သူဖြစ်ရမည်။
- English ဘာသာအခြေခံ ရေး၊ ဖတ်၊ ပြောနှင့် Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

၂။ **Deputy Factory Manager, Assistant Factory Manager** ကျား ၃ ဦး
- [B.E, M.E(Electrical)] ရရှိထားသူဖြစ်ရမည်။
- Electrical ပိုင်းနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် အတွေ့အကြုံ (၇)နှစ်နှင့်အထက်ရှိပြီး အသက် (၃၅)နှစ်မှ (၄၅)နှစ်အတွင်း ရှိသူဖြစ်ရမည်။
- Transformer နှင့် Substation materials ပိုင်းတွင် သိရှိနားလည်ပြီး အတွေ့ကြုံရှိသူဖြစ်ရမည်။
- Electrical Standard များကို သိရှိနားလည်သူဖြစ်ရမည်။
- စက်ရုံများအားကောင်းစွာစီမံခန့်ခွဲပြီး ကြီးကြပ်ညွှန်ကြားနိုင်သူ (Factory Manager, Chief Engineer)တို့အပေါ် တာဝန်ခံနိုင်ပြီး ကိုယ်စား တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- English ဘာသာ အခြေခံအရေး၊ အဖတ်၊ အပြောနှင့် Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

၃။ **Manager** ကျား/မ ၃ ဦး
- [B.E, M.E (Electrical)] ရရှိထားသူ ဖြစ်ရမည်။
- Electrical ပိုင်းနှင့် ဆပ်စပ်သည့် လုပ်ငန်းများတွင် အတွေ့အကြုံ (၅)နှစ်နှင့်အထက် ရှိရမည်။
- Transformer အကြောင်းသိရှိနားလည်ပြီး Electrical Standard နှင့် Production Process တို့ကိုပါ လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။
- စက်ရုံရှိ Section များကို ကောင်းစွာညွှန်ကြားကြပ်မတ်နိုင်သူဖြစ်ရမည်။
- English ဘာသာ အခြေခံအရေး၊ အဖတ်၊ အပြောနှင့် Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

၄။ **Testing Engineer** ကျား/မ ၃ ဦး
- [A.G.T.I, B.Tech(Electrical)] ရရှိထားသူဖြစ်ရမည်။
- Electrical Testing Instrument များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်သူဖြစ်ရမည်။
- Transformer အကြောင်း သိရှိနားလည်ပြီး Electrical ပိုင်းနှင့်ဆက်စပ်သည့် လုပ်ငန်းများတွင် အတွေ့အကြုံ(၅)နှစ်နှင့် အထက်ရှိရမည်။
- Electrical Standard များအား သိရှိလိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၅။ **Purchasing Engineer** ကျား/မ ၂ ဦး
- [A.G.T.I (Electrical)] ရရှိထားသူဖြစ်ရမည်။။
- Electrical Instrument များကို နားလည်တတ်ကျွမ်းသူဖြစ်ရမည်။
- Transformer အကြောင်းသိရှိနားလည်ပြီး Electrical ပိုင်းနှင့် ဆက်စပ်သည့်လုပ်ငန်းများတွင် အတွေ့အကြုံ(၁)နှစ်ရှိသူဖြစ်ရမည်။
- Electrical Standard များသိရှိလိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၆။ **Translator** ကျား/မ ၂ ဦး
- Japan ဘာသာစကား အရေး၊ အဖတ်၊ အပြော N2 Level အဆင့်ရှိရမည်။

မှတ်ချက်။ ။ အခြေခံလစာအား နိုင်ငံတကာစံနှုန်းအတိုင်း ခံစားခွင့်ပြုမည်ဖြစ်ပြီး ရာထူးအလိုက် အခြားခံစားခွင့်များလည်းရရှိမည်။ ဂျပန်စကား ပြောတတ်သူ ဦးစားပေးပါမည်။

အထက်ပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် ကိုယ်ရေးရာဇဝင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်၊ (၁)လအတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အိမ်ထောင်စု စာရင်းမိတ္တူတို့နှင့်အတူ ၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက် နောက်ဆုံးထား၍ အမှတ်(၁)အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ် (သို့မဟုတ်) အကွက်အမှတ် ၄၇၂၊ (၂၃)ရပ်ကွက်၊ အမှတ်(၁)စက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

**ဖုန်း-၀၁-၅၄၆၁၀၀၊ ၅၅၆၅၇၆၊ ၅၉၀၂၅၅**
**ဖက်စ်- ၉၅-၁-၅၄၆၀၅၀**
**Email:info@soeelectric.com**

## အမှုပိတ်သိမ်းကြောင်းနှင့် သွာနုတ္တသမီးအဖြစ်စွန့်လွှတ်ခဲ့ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်နန်းခမ်း ၁၃/တကန(နိုင်)၀၈၂၉၅၉သည် ရှမ်းပြည်နယ် တရားလွှတ်တော်၏ ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် (၉၉)ဖြင့် စွဲဆိုထားသောအမှုအား အပြီးအပြတ်ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် အမှုရင်ဆိုင်စဉ် သမီးဖြစ်သူဒေါ်နုနုရီ ၁၃/တကန(နိုင်)၀၈၂၉၆၂အပေါ် သွာနုတ္တသမီးအဖြစ် စွန့်လွှတ်ခဲ့ခြင်းကိုလည်း အပြီးအပြတ်ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်နန်းခမ်း ၁၃/တကန(နိုင်)၀၈၂၉၅၉**

## အမည်ပြောင်း

အေးသာယာ၊ အထက (၂)၊ နဝမတန်း (D)မှ မောင်သန်းနိုင်အောင်အား ယနေ့မှစ၍ မောင်သန်းနိုင်ဟုပြောင်းလဲခေါ်ပါရန်။

**မောင်သန်းနိုင်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ ဓမ္မာရုံလမ်းနေ ဦးအောင်ကြည်ဝင်း-ဒေါ်အေးမေတို့၏ သမီး မမေသူအောင် ၅/မလန(နိုင်)၀၃၇၆၂၈သည် မိဘဆန္ဒမပါဘဲ မိမိသဘောဆန္ဒ အလျောက်ပြုလုပ်သွားပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအောင်ကြည်ဝင်း-ဒေါ်အေးမေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဗန်းမော်မြို့၊ အထက(၃)တွင် တာဝန်ထမ်းဆောင်နေသော အထက်တန်းပြဆရာ ဦးဇော်လင်းထွန်းနှင့် ဦးအာဂါဂျန် ၁/ဗမန(နိုင်)၀၃၆၃၀၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်လင်းထွန်း**

## အမည်ပြောင်း

ဦးလွန်းဟောင်း၏သား မိုးကောင်းမြို့ အမက (၁)စတုတ္ထတန်း အောင်မှ မောင်တုနိုင်းခအား မောင်ဟောင်းခေါင်ဟုပြောင်းလဲ ခေါ်ပါရန်။

**မောင်ဟောင်းခေါင်**

## အမည်ပြောင်း

ဦးလွန်းဟောင်း၏သမီး မိုးကောင်းမြို့ အမက(၁) ဒုတိယတန်းမှ မခင်မြတ်နိုးအား မဟောင်းနော ဟု ပြောင်းလဲခေါ်ပါရန်။

**မဟောင်းနော**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

မန္တလေးမြို့၊ ၁၁လမ်း၊ ၈၆×၈၇ လမ်းကြားနေ ဦးချစ်အောင်-ဒေါ်တင်တင်ခိုင်တို့၏သမီး မရွှေရည်ဖြိုးအောင် ၁၃/နခတ(နိုင်)၀၅၄၂၂၁နှင့် မန္တလေးမြို့၊ လမ်း ၂၀၊ ၈၁ လမ်းထောင့်နေ ဦးကျော်ဝင်း-ဒေါ်အေးအေးသန်းတို့၏သားကြီး မောင်ကျော်သူ ၉/အမဇ(နိုင်)၀၀၅၀၇၇တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင် ပါသဖြင့် ၂၇-၅-၂၀၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌တရားဝင်ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် နောက်နောင် မောင်ကျော်သူနှင့် ကျွန်မရွှေရည်ဖြိုးအောင်တို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါ ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

**မရွှေရည်ဖြိုးအောင်**

## မူလသဲအင်းဂူဆရာတော်ကြီးဦးဥက္ကဋ္ဌအား အာစရိယဂုဏ်ပူဇော်ပွဲနှင့် သဲအင်းဂူခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၅ ခုနှစ် ဇွန် ၃ရက်တွင် မူလသဲအင်းဂူဆရာတော်ကြီးဦးဥက္ကဋ္ဌအား အာစရိယဂုဏ်ပူဇော်ပွဲနှင့် ဇွန် ၁၄ ရက်မှ ၂၁ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ အဖွဲ့၏သြဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးသီလ(ပုသိမ်)အရှင်သူ မြတ်က သမထဝိပဿနာတရားတော်များချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ ဆရာတော်ကြီး ပူဇော်ပွဲတက်ရောက်မည့်သူများ ဇွန် ၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၀၀နာရီအရောက် ကြွရောက်ပါရန်နှင့် တရားစခန်းဝင်လိုသူများ ဇွန် ၁၃ရက် (စနေနေ့) ညနေ ၅း၀၀နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်း၍ အရိယာလိုဏ်ဂူ ပြုပြင်ရန်အလှူရှင်များ **ဖုန်း-၀၉-၈၆၂၃၉၉၇၊ ၀၉-၇၉၇၉၉၉၉၅၁**တို့သို့ ဆက်သွယ်ပါရန် နှိုးဆော်ပါသည်။

## စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ၁၆/၂ရပ်ကွက်၊ သဃ်္ာန်းကျွန်းမြို့နယ် တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိကဆရာတော် အရှင်သုန္ဒရ၏ မွေးနေ့မင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ာန်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊ စွန်းလွန်းဂူ ဝိပဿနာ ကျောင်းတိုက် ပဓာနနာယက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက **ဆရာတော်အရှင်သုန္ဒရ**၏ သက်တော် နှစ်(၆၀)ပြည့်မွေးနေ့မင်္ဂလာကို (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၆ရက်) ၇-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ (ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ)ကြွရောက်ကြည်ညိုနိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသော စေတနာရှင်များ **ဖုန်း-၀၁-၅၆၄၆၅၄၊ ၀၉-၅၅၀၀၄၂၉**တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အဖွဲ့**
**စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်**
**၁၆/၂ရပ်ကွက်၊ သဃ်္ာန်းကျွန်းမြို့နယ်**

## အမည်ပြောင်း

ဦးကျော်သက်မှူး၏သမီး နေပြည်တော်၊ ပျဉ်းမနား အမှတ်၁၂၇ မူလွန်ပေါင်းလောင်းကျောင်း စတုတ္ထတန်း (B)တွင် ပညာသင်ကြား ခဲ့သော မမေလွင် မှူးအား ယနေ့မှစ၍ မမေမှူးစံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေမှူးစံ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တော်မြို့နယ်၊ ဘရဝါကျေးရွာနေ ဦးမောင်မြသာ၏သား ဦးအောင်ကျော်ဝင်း(ခ)ကျော်ဝင်း ၁၁/ကတန(နိုင်)၀၄၃၂၂၃ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန်

ဗန်းမော်ခရိုင်၊ မန်စီမြို့၊ မောရဝတီရပ်ကွက်နေ ဦးသန်းဝင်း၏သမီး မဇာဇာဝင်း၏ အမည်မှန်မှာ မခင်ဇာဇာဝင်း ၁/မစန(နိုင်)၀၃၈၀၈၁ ဖြစ်ပါကြောင်း။

**မခင်ဇာဇာဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တော်မြို့နယ်၊ ဘရဝါကျေးရွာနေ ဦးခိုင်စံထွန်း၏သမီး ဒေါ်လှမြသန်း(ခ) မြသန်း ၁၁/စတန(နိုင်)၀၅၁၇၉၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မှတ်ပုံတင်အမှတ်အမှန်

ဗန်းမော်ခရိုင်၊ မန်စီမြို့နယ်၊ ရီခူးမံခံကျေးရွာနေ ဦးဒွဲအောင်၏ မှတ်ပုံတင် အမှတ်အမှန်မှာ ၁/မစန(နိုင်) ၀၂၂၁၉၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တော်မြို့နယ်၊ ဘရဝါကျေးရွာနေ ဦးအောင်ကျော်ဝင်း၏သမီး မဇာကြည်မိုး(ခ) မဇာခြည်မိုး ၁၁/ကတန(နိုင်)၁၀၅၅၅၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ခင်ပွန်းအဖြစ်မသက်ဆိုင်တော့ပါကြောင်း

မိုင်းဆတ်မြို့နေ ကျွန်မမနန်းရှဲန်ဟိန်း ၁၃/မဆန(နိုင်)၀၁၉၄၁၃ ၏ခင်ပွန်း ဦးဝင်းနိုင်ဦး ၁၃/မဆန(နိုင်)၀၂၇၂၄၉သည် ခွင့်မလွှတ်နိုင်သော ကိစ္စများပြုလုပ်၍ လွန်ခဲ့သော (၂)နှစ်ခန့်က နေအိမ်မှ ဆင်းသွားပါသဖြင့် ခင်ပွန်းအဖြစ်မသက်ဆိုင်တော့ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများအား လုံးဝဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနန်းရှဲန်ဟိန်း**
**၁၃/မဆန(နိုင်)၀၁၉၄၁၃**

## မသက်ဆိုင်တော့ပါကြောင်း

ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)၊ မြို့သစ်(၂)နေ ကျွန်မဒေါ်နန်းစမ်ခမ်း ၁၃/မယန(နိုင်) ၀၀၈၆၉၇ (ဘ)ဦးစိုင်းဆမ်နှင့် မိုင်းယန်းမြို့နေ ဦးစိုင်းပန်းအောင် ၁၃/မယန(နိုင်) ၀၁၄၃၈၁ (ဘ)ဦးကော်ရတို့မှာ အသိသက်သေများရှေ့တွင် တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါ၍ ယခုကြော်ငြာပါသည့်ရက်မှစ၍ လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစမ်ခမ်း**
**၁၃/မယန(နိုင်)၀၀၈၆၉၇**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၃ယ/၁၇၅၁၉ Honda Scoopy M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အီနန်း ၁၃/ကတန(နိုင်)၁၁၇၄၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## “ ပြင်ဆင်ဖတ်ရှုပါရန် ”

(၂၅-၅-၂၀၁၅) ရက်နေ့ မြန်မာ့အလင်းသတင်းစာ ၊ စာမျက်နှာ (၁၈)၊ အများပြည်သူသိရှိစေရန်ကြေညာချက် ၊ စာကြောင်းရေ ( ၅ ) ရှိ “ဒေါက်တာငွေးလွင်” အစား “ဒေါက်တာငွေးနောင်” ဟု ပြင်ဆင်ဖတ်ရှုပါရန် ။

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ရီ
### အသက်(၉၄)နှစ်

ဗိုလ်ချုပ်မျိုးမြင့်သိန်း(ငြိမ်း)-ဒေါက်တာဒေါ်မာနီတို့၏မိခင်ကြီး ဒေါ်ခင်ရီသည် ၂၉-၅-၂၀၁၅ရက် (သောကြာနေ့) နံနက် ၈း၂၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇေယျာအောင်နှင့်ဇနီး ဒေါ်သူဇာဝေ မိသားစု**
**ပြည်ထောင်စုဝန်ကြီး**
**စွမ်းအင်ဝန်ကြီးဌာန**

---

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း၊အုတ်လမ်း၊နတ်လမ်း၊ အုတ်တံတိုင်း၊ မျက်နှာကျက်၊ ဓမ္မာရုံ၊ ရေချမ်းစင် ဒါယိကာမကြီး
## ဒေါ်မြရွှေ
### အငြိမ်းစားကျောင်းဆရာမ၊ အမက(၅)လမ်း(စံပြ)ဖျာပုံ
### အသက်(၉၂)နှစ်

ဖျာပုံမြို့၊ (၁၀)ရပ်ကွက်၊ စလမ်း၊ အမှတ် ၄၃နေ (ဦးဖိုးစုံ-ဒေါ်ရွှေရွှန်)တို့၏သမီး၊ (ဦးတင်မြင့်၊ ကျောင်းဆရာ၊ ငြိမ်း)-ဒေါ်စောကြည်(မူ/အုပ်၊ ငြိမ်း)၊ ဦးသန်းစိုး-ဒေါ်ခင်လေးချို၊ ဒေါ်ခင်မြမြတို့၏အဒေါ်၊ ဦးအောင်မျိုးမင်း-ဒေါ်နှင်းနှင်းနိုင်ဝင်း၊ ဦးသန်းချစ်အေး(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မုဒုံမြို့)-ဒေါ်ခင်စောဝတီမြင့်(မြို့နယ်မန်နေဂျာ၊ ဖွံ့ဖြိုးဘဏ်၊ ဖျာပုံ)တို့၏အဘွားသည် ၃၁-၅-၂၀၁၅ရက် ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၅ရက် မွန်းလွဲ ၁း၃၀နာရီတွင် လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းဟန် (စိုက်ပျိုးရေးဦးစီးဌာန၊ ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ ၂လမ်း၊ အမှတ် ၄၆၄နေ(ဦးနီတိုး-ဒေါ်ခက်)တို့၏သား၊(ဒေါ်မြစိန်)၏ခင်ပွန်း၊ (ဦးအောင်ကြည်)-ဒေါ်အုန်းမြင့်၊ဒေါ်မြစိန်၊ဦးသိန်းမြင့်-ဒေါ်ငွေတင်၊(ဦးလှမြင့်)-ဒေါ်မြဦး၊ ဦးကျော်မြင့်-ဒေါ်ဝင်းကြည်တို့၏အစ်ကို၊ ကိုအောင်နိုင်-မသီတာအေး၊ ကိုစန်းနိုင်-(မခင်စန်းမော်)၊ ကိုညီညီနိုင်-မလှဲ့လှဲ့ထွန်း၊ ကိုကျော်ဇော်ဟိန်း-မမိမိခိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၁-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၆-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ခိုင်ဆွေဝင်း
### B.Sc (Hon), Chemistry (1987 RASU)
### လူမှုဖူလုံရေး(ရုံးချုပ်)ဝန်ထမ်းဟောင်း
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် ၃၈ (ပထမထပ်)နေ (ဦးတင်ဝင်း)-ဒေါ်မြင့်မြင့်သန်းတို့၏သမီး၊ ဦးဖေသက်-ဒေါ်ဌေးဌေးတို့၏သမီးချွေးမ၊ ဗိုလ်မှူးကျော်သူရဝင်း(ငြိမ်း)(လ/ထအထွေထွေမန်နေဂျာ၊မြဝတီဘဏ်ရုံးချုပ်)-ဒေါ်ချိုချိုမွန်(လ/ထမန်နေဂျာ၊ မြဝတီဘဏ်၊ ဂန္ဓမာဘဏ်ခွဲ)၊ ဦးလှလှဝင်း (UNITEAM MARINE)-ဒေါ်မိမိစန္ဒာ၊ ဦးဉာဏ်မင်းဝင်း-ဒေါ်ထိုက်ထိုက်ဝင်း(ILBC တာမွေ)တို့၏အစ်မကြီး၊ ဦးထင်ကျော်(C/E,MYANMAR AURORA PTE LTD)၏ချစ်လှစွာသောဇနီး၊ မောင်ကျော်ဇင်သန့်(D/C,SB MARINE)၊ မအေးချမ်းမြေ့(3rd M.B.B.S ဆေးတက္ကသိုလ်-၁၊ရန်ကုန်)တို့၏မိခင်၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၃၁-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ဝ၀း၅၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးနေလင်း
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၅၄/က)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ ပုလဲလမ်းသွယ်(၂)၊ အမှတ် ၃၄နေ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)-(ဒေါ်ခင်ဆွေညွန့်)တို့၏သား၊ ဗိုလ်မှူးစိုးထွတ်(ငြိမ်း)-ဒေါ်မူမူနွဲ့တို့၏သားသမက်၊ ဒေါ်ခင်စန္ဒာ(ခ)ချိုမာ၏မောင်၊ ဒေါ်သဇင်စိုး(ခ)မိဂျီ(MAI)၏ချစ်လှစွာသောခင်ပွန်း၊ မောင်လင်းပြည့်[Grade-9(A), TTC]၏ချစ်လှစွာသောဖခင်သည် ၃၁-၅-၂၀၁၅ရက် နံနက် ၅း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စန်းစန်းဝင်း
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၄၆၊ ပထမထပ်နေ (ဦးရွှေမြို့-ဒေါ်ကောက်)တို့၏သမီးထွေး၊(ဦးသက်တင်-ဒေါ်သန်းသန်း)တို့၏သမီးချွေးမ၊ (ဦးသန်းထွန်း)၏ဇနီး၊ ဦးဇေယျာထွန်း(ဌာနစုမှူး၊ အင်ဂျင်နီယာ၊ ရေ/သန့်၊ YCDC)၊ ဒေါ်သန့်ဇင်ထွန်း (တိ/ကု၊ YCDC)၊ (ဒေါ်သင်းသင်းထွန်း)၊ ဒေါ်ခင်ထားထားလှိုင် (အင်ဂျင်နီယာ-၂၊ ရေ/သန့်၊ YCDC)တို့၏မိခင်၊ မကေခိုင်ဇေထွန်း(Grade-IX)၊ မောင်အောင်သူဟိန်း(Grade-V၊ အထက-၅၊ ဗိုလ်တထောင်)တို့၏အဘွားသည် ၃၁-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ဝ၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၆-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသောင်း
### (ပ)စက်ခန်းအုပ်
### (အကောက်ခွန်၊ ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်း-ဒေါ်ငွေတင်)တို့၏သားကြီး၊ (ဦးဟန်တင်-ဒေါ်ခင်စု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉)ဘီရပ်ကွက်၊ ဗန္ဓုလလမ်း (မန္တလေးလမ်း)၊ အမှတ် ၂၂၆နေ ဒေါ်မြစိန်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းမောင်-ဒေါ်တင်နွဲ့ရီ)၊ ဦးအုံးလှိုင်-ဒေါ်ခင်အေးမြင့်(အကောက်ခွန်)၊ ဦးသန်းလွင်(၅)အကောက်ခွန်-ဒေါ်ခင်ဌေးမြိုင်၊ ဦးရဲထွန်း(အကောက်ခွန်)-ဒေါ်ခင်စန်းဝင်း၊ (ဦးစန်းလွင်၊ဦးစိန်သောင်း၊ဦးစန်းလှိုင်)၊ ဒေါ်ဇင်မာထွေး (အကောက်ခွန်)တို့၏ဖခင်၊မြေးခုနစ်ယောက်၊မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၃၁-၅-၂၀၁၅ရက် မွန်းလွဲ ၁၂း၂၄နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၅ရက် ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးရန်နောင်စိုး(ငြိမ်း) (ရွှေတောင်)
### ကြည်း-၆၂၂၀၊ ဗိုလ်သင်တန်းအပတ်စဉ်(၇)
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ကုန်သွယ်ရေးဝန်ကြီးဌာန
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် ၁၅၇နေ(ဦးရန်ရှင်း-ဒေါ်ဖွားသန့်)တို့၏သား၊ (ဦးမောင်မောင်သန်း)၏အစ်ကို၊ (ဒေါ်ခင်မကြီး)၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်စိုး-ဒေါ်စန်းစန်းဌေး၊ ဒေါ်ခိုင်မာစိုး-ဦးဇော်ရွှေ၊ ဒေါ်သီတာစိုး-ဗိုလ်မှူးကြီးခင်မောင်လှ(ငြိမ်း)၊ ဒေါ်ခိုင်နွယ်စိုး၊ ဦးသန့်နောင်စိုး-ဒေါ်အိန္ဒြာဝင်း၊ ဦးညီညီစိုး-ဒေါ်ခက်ခက်လင်းတို့၏ဖခင်ကြီး၊ မနှင်းရွှေစင်စိုး၊ မသန္တာစိုးဟန်၊ မောင်စိုးဝေယံဖြိုး၊ မောင်စိုးရန်နိုင်ထက်၊ မအိကိုဇော်၊ မောင်ရန်နောင်လှ၊ မောင်နန္ဒစိုး၊ မောင်ကျော်ရန်နောင်စိုး၊ မစိုးဟေမာလင်း၊ မောင်သီဟညီညီတို့၏အဘိုး၊ မောင်လင်းအောင်ကျော်၊ မရွှန်းပအောင်တို့၏ဘိုးဘိုးကြီးသည် ၃၀-၅-၂၀၁၅ရက် မွန်းလွဲ ၂း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဝင်းကြည် (မြောင်းမြ)
### အသက်(၈၃)နှစ်

မြောင်းမြမြို့၊ ဦးဘချိုလမ်း၊ အမှတ် ၁၆၂နေ (ဦးအေးမောင်-ဒေါ်လှမြင့်)တို့၏သမီး၊ (ဦးနီကျော်)၏ဇနီး၊ ဦးကျော်သိန်း-(ဒေါ်သိန်းစော)၊ ဦးတင်ဝှက်-ဒေါ်မြင့်ဝင်းကြည်၊ (ဦးမင်းကြူ)-ဒေါ်ကြူကြူစန်း၊ ဦးဟန်စီ-ဒေါ်သန်းသန်းဆွေ (အထက-၆)၊ ဦးတင်လတ်(မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ)-ဒေါ်အေးအေး(လဝက)၊ ဦးကျုံစိန်-ဒေါ်ရင်ကြူ၊ (ဦးသိန်းမြင့်)-ဒေါ်သိန်းသိန်းနု၊ ဦးစိုးဝင်းကျော်-ဒေါ်ဝေဝေမြင့်တို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၃၀-၅-၂၀၁၅ရက်(စနေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် မြောင်းမြမြို့ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးလှဘော် (ငြိမ်း)
### (ကထပ)
### အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးအရှေ့ကျေးရွာနေ (ဦးဘလှိုင် - ဒေါ်ဖွားမြ)တို့၏သား၊ ဦးအောင်စိန်လေး - ဒေါ်မြကျင်တို့၏သားသမက်၊ ဦးလှမောင်-ဒေါ်ရီ၊ ဦးစိုးသွင်-ဒေါ်မြနွယ်တို့၏ညီ/မောင်၊ဦးလှကျော်၊ ဦးသန့်ဇင်တို့၏အစ်ကို၊ မောင်ပြည့်ဖြိုးဘော်၊ မောင်နေဇော်ပြည့်ဖြိုးတို့၏ချစ်လှစွာသောဖခင်၊ ဒေါ်လှကြည်၏ခင်ပွန်းသည် ၃၁-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၆-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ ၁၂လမ်း၊ အမှတ် ၁၇၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှဦး
### မြို့နယ်ပညာရေးမှူး(ငြိမ်း)
### (နတ်တလင်းမြို့နယ်)
### အသက်(၆၄)နှစ်

နတ်တလင်းမြို့နယ်၊ တာပွန်မြို့၊ အလယ်ပိုင်းလမ်းနေ (ဦးတင်ဦး-ဒေါ်ရင်လှ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၃၁နေ ဦးစိန်တိုး-(ဒေါ်ခင်ကြွယ်)တို့၏သားသမက်၊ ဒေါ်ခင်သန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုသန်းထွဋ်ဆွေ-မစောစန္ဒာဦး၊ ကိုသန့်စင်အောင်-မခိုင်ချမ်းမြေ့ဦး၊ကိုကျော်နိုင်ဦး (မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကြည့်မြင်တိုင်မြို့နယ်)တို့၏ဖခင်ကြီး၊ မနှင်းပွင့်ဖြူ၊မောင်ရဲလင်းအောင်၊ မောင်စစ်ပိုင်အောင်တို့၏ ဘိုးဘိုးကြီးသည် ၃၁-၅-၂၀၁၅ရက် (စနေနေ့) နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးငွေထွန်း
### ဒု-မီးသတ်ဦးစီးမှူး
### ဝေါမြို့နယ်မီးသတ်စခန်း
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ တိုက် ၆၅၊ အခန်း ၈၊ ဘိုကလေးဈေးလမ်းနေ ဦးအောင်ကျော်မြင့်-ဒေါ်ခင်ငွေတို့၏သားကြီး၊ ကိုငွေတိုး - ဒေါ်အေးအေးမြင့် (နယ်စပ်ကုန်သွယ်)၊ မကုဋ္ဌေသွင်တို့၏အစ်ကိုသည် ၃၀-၅-၂၀၁၅ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၅ ရက်တွင် ဝေါသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘုန်းမြင့်
### အသက်(၆၇)နှစ်

[ဦးမောင်တင်-ဒေါ်သိန်း(ကန်တော်ကြီးသိန်းဆုဌာနနှင့် သစ္စာပန်းမသိန်းဆေးလိပ်ရုံ)]၏သား၊ (ဒေါ်သန်း)၏တူ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ဒဂုံသီရိလမ်း၊ အမှတ် ၃၅နေ ဒေါ်ကျော့ကျော့ခင်၏ခင်ပွန်း၊ ဦးစိန်မြင့်-ဒေါ်စုစုဝင်း၊ (ဦးကျော်ဇော ဦး-ဒေါ်စီစီတင်)၊ ဦးသန်းထွဋ်-ဒေါ်ရီရီမော်တို့၏မောင်၊ ဒေါက်တာထွန်းနန္ဒ-ဒေါ်ဖုံဖုံမြင့်တို့၏ဖခင်၊မောင်ဝေမင်းပိုင်၏အဘိုး၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၃၀-၅-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၆-၂၀၁၅ရက်(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးစိုးမြင့်အောင်
### အသက်(၆၆)နှစ်

နေပြည်တော်၊တပ်ကုန်းမြို့နေ(ဦးမြဟန်)-ဒေါ်တင်အောင်တို့၏ သားကြီး၊ ဒေါ်ခင်မျိုးသိန်း၏ခင်ပွန်း၊ ပြင်ဦးလွင်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)နေ ဗိုလ်ကြီးကျော်ကျော်မြင့်-ဒေါ်ခင်ဖုန်းမို၊ လားရှိုးမြို့၊ဆောက်လုပ်ရေးဝန်ကြီးဌာနနေ လက်ထောက်အင်ဂျင်နီယာ (ရေသန့်ဌာန) ဦးဇော်မျိုးဆွေ-ဒေါ်အိအိစိုး၊ မအဲမွန်စိုး(မြန်မာ့ရှေ့ဆောင်ဘဏ်)တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၀-၅-၂၀၁၅ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## စခန်းမှူးရဲအုပ်ထွန်းကျော်
### ကျုံကူးနယ်မြေ
### လ-၈၂၈၂၆၊ အပတ်စဉ်(၁၂)၊
### ရမည်းသင်းကျောင်း
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းနေ [ဦးထွန်းအောင်ကျော်(ကြယ်ငါးပွင့်သဘော) - ဒေါ်ရီစီ]တို့၏သား၊ ဒေါ်မိမိခိုင်၏ခင်ပွန်း၊ မောင်ဇော်မျိုးထွန်း (ရဲတပ်ရင်း-၈)၊ မောင်ဟန်မျိုးထွန်း (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ငပုတောမြို့)၊ မယမုံထွန်းကျော်တို့၏ဖခင်သည် ၂၉-၅-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ကျုံကူးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၅ရက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးကြီးရန်နောင်စိုး(ငြိမ်း)
### (ရွှေတောင်)
### ဒုတိယဝန်ကြီး(ငြိမ်း)
### ကုန်သွယ်ရေးဝန်ကြီးဌာန
### ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်) နာယကကြီး
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် ၁၅၇နေ (ဦးရန်ရှင်း-ဒေါ်ဖွားသန့်)တို့၏သား၊ (ဦးမောင်မောင်သန်း)၏အစ်ကို၊ (ဒေါ်ခင်မကြီး)၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်စိုး-ဒေါ်စန်းစန်းဌေး၊ ဒေါ်ခိုင်မာစိုး-ဦးဇော်ရွှေ၊ ဒေါ်သီတာစိုး - ဗိုလ်မှူးကြီးခင်မောင်လှ(ငြိမ်း)၊ ဒေါ်ခိုင်နွယ်စိုး၊ ဦးသန့်နောင်စိုး-ဒေါ်အိန္ဒြာဝင်း၊ ဦးညီညီစိုး-ဒေါ်ခက်ခက်လင်းတို့၏ဖခင်ကြီးသည် ၃၀-၅-၂၀၁၅ရက် မွန်းလွဲ ၂း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) အလုပ်အမှုဆောင်အဖွဲ့

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့် အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ ၆လမ်း၊ အမှတ် ၅၀၅နေ (ဦးမြင့်-ဒေါ်စိန်မြင့်)တို့၏သမီး၊(ဦးကြည်)၏ဇနီး၊ ဒေါ်စန်းစန်းအေး(ဟေမဝန်ဈေး)၊ ဒေါ်မြင့်မြင့်လှိုင်၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်ဝင်းမော် (အမက-၁၁၊ တ/ဥ)၊ အုပ်ခွဲတပ်ကြပ်ကြီးမြင့်အုန်း(နမ့်စန် လေတပ်စခန်းဌာနချုပ်) - ဒေါ်နိုင်နိုင်သူ၊ ဒေါက်တာခင်မောင်စိုး - ဒေါ်ယဉ်ယဉ်မိုး၊ ဗိုလ်မှူးမြတ်လှိုင်-ဒေါ်သက်မွန်စိုး၊ ကိုအောင်ကြည်အေး (ဟေမဝန်ဈေး)၊ မောင်ညီညီအောင်-မမို့မို့သန့် (ဟေမဝန်ဈေး)တို့၏မိခင်၊ဒေါက်တာကြည်သဲဟန်၊ မဆုဆုပြည့်စုံ (3rd M.B.,B.S UM-2)၊ မမေမိုးသဲ (3rd B.Com)၊ မရှင်းသန့်အေး၊ မောင်စိုးခန့်လင်း၊ မောင်စိုင်းခန့်အောင်၊ မသက်ဖူးဝေလှိုင်၊ မမေမြတ်နိုးအေးတို့၏ဘွားဘွားကြီးသည် ၃၁-၅-၂၀၁၅ရက်မွန်းတည့် ၁၂နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၅ရက် (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှအေး
### (ခရမ်း၊ ကျူတောဝကျေးရွာ)
### စီးပွား/ကူးသန်း(ငြိမ်း)
### အသက်(၈၀)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသယက ၂၆လမ်း၊ အမှတ် ၈၁၃နေ ဒေါ်တင်တင်အိ၏ခင်ပွန်း၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်လေးမြင့်၊ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်ခိုင် (ဒုတိယညွှန်ကြားရေးမှူး၊ ရ/သုံး ဘဏ္ဍာရေး၊ ထားဝယ်)၊ (ဦးကျော်ဇော)၊ ဒေါ်သီတာအေး၊ ဦးကျော်ဇေယျ-ဒေါ်စန္ဒာအေး (လက်ထောက် ကထိက၊ သမိုင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးသက်နိုင် - ဒေါ်အိအိဆွေ၊ ဦးထွန်းထွန်းနိုင်၊ဒေါ်ချောအိခိုင်၊ဦးဇော်မျိုးလွင် - ဒေါ်ခိုင်ဇာမော် (TOTAL Learning Academy)၊ မအိသဲမောင် [Grade-8 (A)၊ အထက-၃၊ တ/ဥ] တို့၏ဖခင်၊ ဦးခင်ရွှေ၏ဦးလေး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃၁-၅-၂၀၁၅ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### သာယာဝတီမြို့နယ်အသင်း
## ဗိုလ်ကြီးဝင်းမြင့် (ငြိမ်း)
### A.G.T.I(Civil) (ပြည်) ၁၉၇၉
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာ၊ ထီးလှိုင်ရှင်အိမ်ရာ၊ အမှတ် ၁၅၄နေ ဒေါ်အေးဝင်း၏ခင်ပွန်း ရာသက်ပန် အသင်းဝင် ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)သည် ၃၀-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

သာယာဝတီမြို့နယ်အသင်း

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တစန္ဒသိရီ (အုန်းနဲ့ရွှေကျောင်းကျောင်းတိုက်)
### သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲ့ကျေးရွာ၊ မဟာဗောဓိသီရိမင်္ဂလာဒက္ခိဏာရုံ ရွှေကျောင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ(ကျောက်တန်း၊ မဟာဗောဓိ ဝိနည်းပြန်ဌာန တွဲဖက်ဂိုဏ်းအုပ်၊ ရတ္တညူမဟာနာယက သာသနဓဇဓမ္မာစရိယ၊ ဝိသိဋ္ဌဒီဃဘာဏက၊ ဒီဃနိကာယ ပါဠိပါရဂူ၊ ပရိယတ္တိသာသန မာမကပါကဋ္ဌဓဇ)သည် (၁၃၇၇ ခုနှစ် နယုန်လဆန်း ၁၂ရက်) ၂၉-၅-၂၀၁၅ရက် (သောကြာနေ့) ည ၈နာရီတွင် ရန်ကုန်မြို့ အာရုတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၂ရက်)၃-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ဒက္ခိဏာရုံ ရွှေကျောင်းကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပနကျင်းပမည် ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဉာဏလင်္ကာရ
### (ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၊ ပဓာနနာယကဆရာတော်ကြီး)
### သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏလင်္ကာရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက)သည် ၃၀-၅-၂၀၁၅ရက်(စနေနေ့) ညနေ ၆း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၃-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ လိုက်ပါပို့ဆောင်ကြပါရန်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

စျာပနကျင်းပရေးကော်မတီ

---

## ဦးဦးကျော်ခိုင် (ရသေ့တောင်မြို့)
### အမတ-၂၆၆၉၊ (လဝက၊ ငြိမ်း)
### အသက်(၈၁)နှစ်

ပုသိမ်ကြီးမြို့၊ အောင်သိဒ္ဓိရပ်ကွက်နေ ဦးကျော်ဌေး(မင်းဘူးခရိုင်၊ လဝကဦးစီးမှူး)-ဒေါ်ယဉ်လှ(ကထိက၊ စိုက်ပျိုးရေးသိပ္ပံ၊ ပုသိမ်ကြီး)၊ ဒေါ်ပုပုခိုင် (ဒုကြီးကြပ်ရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်ကြီး)၊ [ဦးခင်မောင်ဝင်း (လယ်/အုပ်)]-ဒေါ်စုစုခိုင်(အလယ်တန်းပြ၊ အထက-ပုသိမ်ကြီး)၊ ဦးကိုကိုကြီး (Polygold Co.,Ltd. မန္တလေး)-ဒေါ်ရီရီမြင့်၊ ဦးကိုကိုလေး(ဥပဒေရုံး၊ ပုသိမ်ကြီး)-ဒေါ်ခင်မာဆွေ၊ ဦးရဲမင်းခိုင်(ဒု-လဝကမှူး၊ အမရပူရမြို့နယ်ရုံး)တို့၏ဖခင်၊ မြေ ၁၀ယောက်တို့၏အဘိုး၊ ပုသိမ်ကြီးမြို့၊ အောင်သိဒ္ဓိရပ်ကွက်နေ (ဒေါ်တင်ဌေး)၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၅-၂၀၁၅ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုသိမ်ကြီးမြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးအေးထွန်း
### တပ်မတော်-လေ(ငြိမ်း)
### ရဲအုပ်(ငြိမ်း)
### (ကျောက်ဖြူ/ဂုံးချိန်)
### အသက်(၇၅)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ဂုံးချိန်ရွာနေ(ဦးကျော်ဇော-ဒေါ်လှမိုးသူ)တို့၏သား၊ (ဦးပေါင်းတူ-ဒေါ်ရွှေဘုံမေ)တို့၏သားသမက်၊ ဒေါ်စောနု၊ ဒေါ်စောအေး၊ ဒေါ်စောသာတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ ပီမိုးနင်းလမ်း၊ အမှတ် ၁၄နေ ဒေါ်နု၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စိုးမိုး (ဒု-ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်အေးမြမြထွန်း၊ ဦးအောင်စိုးလင်း(ဒု-ဦးစီးမှူး၊ ပတ်ဝန်းကျင်/သစ်တော၊ ပြည်ထောင်စုဝန်ကြီးရုံး)-ဒေါ်သန္တာဝင်း(ဒု-ဦးစီးမှူး၊ ပတ်ဝန်းကျင်/သစ်တော၊ ပြည်ထောင်စုဝန်ကြီးရုံး)တို့၏ဖခင်၊ မောင်ကောင်းခန့်ကျော်၊ မောင်ဘုန်းမြတ်ကျော်၊ မစုသန္တာလင်း၊ မဆုလဲ့နှင်း၊မမေသော်တာလင်းတို့၏အဘိုးသည် ၃၀-၅-၂၀၁၅ရက်(စနေနေ့)ည ၈း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၅ရက်(သောကြာနေ့)နံနက်၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## နန်းငွေပွင့်ဝေလှိုင်ထူး
### အဌမတန်း၊အထက(နတ်စင်ကုန်း)
### တောင်ငူ
### အသက်(၁၃)နှစ်

တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်၊ မင်းကြီးဆွေရပ်ကွက်၊ရန်ကုန်-မန္တလေးလမ်းမကြီး(ဟောင်း)ဘေး၊အမှတ်၁၅၃နေ ဦးဆန်းထူးအောင်-ဒေါ်နန်းထွေးခမ်းတို့၏ ချစ်လှစွာသောသမီးငယ်၊ နန်းအေးချမ်းမြတ်မွန်ထူး (YUFL 3rd Year Thai) ၏ညီမသည် ၃၀-၅-၂၀၁၅ရက်(စနေနေ့)နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၁၅နာရီတွင် နေအိမ်မှ ဂျပန်လမ်းသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ထား
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဖိုးကြူး-ဒေါ်အုန်းရင်)တို့၏ သမီး၊ (ဦးဘဝမ်း-ဒေါ်ဥ)တို့၏ သမီးချွေးမ၊ (ဦးလှမြင့်-ဒေါ်ကြည်)၊ (ဦးကိုကြီး-ဒေါ်ကြည်)၊ (ဦးမြသန်း-ဒေါ်ခင်သိန်း)၊ (ဒေါ်ယဉ်နု)တို့၏ညီမ၊ (ဦးအေးကို)-ဒေါ်မော်လီစိန်တို့၏အစ်မ၊ (ဦးကြင်ညွန့်)၏ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်အေး-ဒေါ်ခင်ဖြူဝင်း)၊ (ဦးခင်မောင်အုန်း)၊ ဦးကျော်-ဒေါ်ခင်မို့မို့ညွန့်၊ ဦးမြင့်ဝေ - ဒေါ်ခင်ဥမ္မာညွန့်၊ (ဦးမိုးနိုင်ညွန့်)-ဒေါ်နီနီချို၊ ဦးမိုးနိုင်ညွန့်-ဒေါ်ခင်ထိုက်သက်တို့၏ ချစ်လှစွာသောမိခင်၊ ဦးဝင်းအောင်-ဒေါ်နှင်းပပအေး၊ ဦးဥက္ကာသိန်း-ဒေါ်ယဉ်မင်းအေး၊ ဗိုလ်ကြီးဖြိုးမိုးကျော်၊ မောင်ထက်မျိုးအောင်-မမိုးဥမ္မာကျော်၊မောင်မိုးစည်သူအောင် - မထက်အာကာဝင့်၊ မောင်ရဲခေါင်-မဝေဝေခိုင်၊ မမြတ်နိုးခိုင်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၃၁-၅-၂၀၁၅ရက် မွန်းလွဲ ၁း၃၀နာရီတွင်တောင်ဥက္ကလာပမြို့နယ်၊ ဖိုးခေါင်လမ်း၊အမှတ် ၂၄၆/၂၊ (၁၄/၂)ရပ်ကွက် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကြီးရှိန်
### ရုံးအုပ်(ငြိမ်း)
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မရမ်းကုန်း(၁)ရပ်ကွက်၊သမိုင်း၄လမ်း၊ အမှတ် ၇၂၇နေ (ဦးစံညိမ်း-ဒေါ်ဖွားသုံ)တို့၏သား၊ (ဦးကျင်အေး-ဒေါ်အင်လှိုင်)တို့၏သားသမက်၊ ဦးကြီးညို၊ (ဦးဘိုတင်)တို့၏ညီ၊ ဒေါ်လှရှိန်၏မောင်၊ ဒေါ်ဂင်စွမ်၏အစ်ကို၊မတင်နွယ်အေး၊ မောင်အောင်အောင်တို့၏ဖခင်၊ ဒေါ်သက်သက်လှိုင် (ဌာနခွဲမှူး၊ ငြိမ်း၊ မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း)၏ခင်ပွန်းသည် ၃၁-၅-၂၀၁၅ရက်နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ဒုတိယနေ့ ကွာတားဖိုင်နယ်ပွဲစဉ်များစံချိန်သစ်တင်

သတင်း-မြင့်ကွင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၃၁

**မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ၂၀၁၅ ဒုတိယနေ့ ကွာတားဖိုင်နယ် ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာပြိုင်ပွဲဝင်များ ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့လောကကို စံချိန်သစ်တစ်ခုတင်နိုင်ခဲ့သည်။**




ဂုဒ်ကီလိုတန်းမှ ဖျံသွေး(ဝါဆို)နှင့် ရန်နိုင်အောင်(တောင်ကလေး)တို့ ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်နေစဉ်။

"ဒီနေ့ ယှဉ်ပြိုင်ထိုးသတ်တဲ့ တွဲဆိုင်းရှစ်ဆိုင်းလုံး ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြတယ်။ ကျားပေါက်နဲ့ထက်အောင်ဦးတို့ ထိုးသွားတဲ့ပွဲကို ပိုအကြိုက်ဆုံးပဲ။ အခုလိုရွှေခါးပတ်ပွဲက အမှတ်လည်း အမှတ်နဲ့ဆိုတော့ လဲတာနဲ့ အမြန်ထကြတာတွေ့ရတယ်။ ဒါမှ လက်ရည်အစစ်အမှန်ပေါ်တယ်လို့ပြောရမှာပါ"ဟု လာရောက် ကြည့်ရှုအားပေးသည့် လက်ဝှေ့ဝါသနာရှင် ဦးမိုးကျော်က သုံးသပ် ပြောကြားသည်။

ယနေ့ ကွာတားဖိုင်နယ်ပွဲစဉ်ရှစ်ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ မြန်မာ့ရိုးရာလက်ဝှေ့လောကကို စံချိန်ချိုးနိုင်သည့်ပွဲစဉ်များဖြင့် စံချိန်သစ်တင်ခဲ့သည်။ ငါးချီပြည့် ပွဲစဉ်ရှစ်ပွဲစလုံး တစ်နာရီကျော်သာ ကြာမြင့်ခဲ့သည်။ မြန်မာ့ရိုးရာလက်ဝှေ့ကိုစိတ်ဝင်စား၍ *စာမျက်နှာ ၃ ကော်လံ ၄* ◆

## ဇွန် ၂ ရက် မြန်မာဘောလုံးအသင်းများယှဉ်ပြိုင်မှု MRTV News, Entertainment Channel နှင့် ရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

| | |
|---|---|
| ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (မြန်မာနှင့် ယူကရိန်း) | နံနက် ၇ နာရီ ၁၀ မိနစ် |
| ယူ-၂၃ အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲ (မြန်မာ-အင်ဒိုနီးရှား) | ညနေ ၆ နာရီ ၃၅ မိနစ် |

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ည ၈ နာရီ သတင်းအပြီးတွင် ထပ်မံထုတ်လွှင့်ပြသပါမည်။

## မှတ်သားဖွယ်ရာမိုးရေချိန်များ ၃၁-၅-၂၀၁၅

| | |
|---|---|
| မြောင်းမြမြို့ | ၁ ဒသမ ၈၇ လက်မ |
| ပဲခူးမြို့ | ၁ ဒသမ ၄၅ လက်မ |
| သထုံမြို့ | ၁ ဒသမ ၄၅ လက်မ |
| ဘားအံ(စိုက်ပျိုးရေး) | ၁ ဒသမ ၂၆ လက်မ |
| ဇလွန်မြို့ | ၁ ဒသမ ၂၂ လက်မ |
| တောင်ကြီးမြို့ | ၁ ဒသမ ၁၈ လက်မ |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာ


နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

## ယနေ့ မာတိကာ

မြင်းမူမြို့၌ မိုးနှင့်အတူ လေပြင်းတိုက်ခတ် စာမျက်နှာ » ၅

ကျောင်းအပ်ချိန်နှင့် တောင်ယာဝင်ချိန် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လူသစ်စုဆောင်းနေမှုကြောင့် ရွာမှလူငယ်များတိမ်းရှောင်နေရ စာမျက်နှာ » ၁၁

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား ငါးဦးသေဆုံး၊ ၁၅ ဦး ဒဏ်ရာရ စာမျက်နှာ » ၁၃




FA ဖလား ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော အာဆင်နယ်အသင်းသားများ အောင်ပွဲခံနေစဉ်။ (FA ဖလား ဗိုလ်လုပွဲကို စနေနေ့ညက အာဆင်နယ်အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားရာ အာဆင်နယ်တို့ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါ FA ဖလားသည် အာဆင်နယ်တို့အနေဖြင့် (၁၂) ကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်သည်။) သီဟ




R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။
မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

